ປຖີເກໂພດີ
ຫລີຖໄວ່ດ

၁၉၅၆-ခုနှစ်
စက်တင်ဘာလ ၅-ရက်မှ ၇-ရက်နေ့အထိ
ရန်ကုန်မြို့
ရတနာပုံရုပ်ရှင်ရုံကြီး၌ ကျင်းပပြုလုပ်သည့်

ဒုတိယ အကြိမ်မြောက်

နိုင်ငံလုံးဆိုင်ရာ ပါတီကွန်ဖရင့်
တွင်
တင်သွင်းသော

ဆဋ္ဌမအကြိမ်မြောက်

ပါတီ ဗဟိုကော်မတီ
အစီရင်ခံစာ

ပဋ္ဌမအကြိမ် ရိုက်နှိပ်ခြင်း (၃၀၀၀)

၁-၂-၅၇ ရန်ကုန်မြို့

Thakin Lwin
15?, Lewis Street
RANGOON (15 t - 3 s)

ကွန်ဖရင့်စာတမ်းအမှတ်(၁)

ဗမာပြည်အလုပ်သမား လယ်သမားပါတီ
ဆဋ္ဌမအကြိမ်မြောက် ဗဟိုကော်မတီ အစီရင်ခံစာ။

အပိုင်း(၁)။
နိုင်ငံတကာ့ရေးရာ။

က။ ။ယနေ့အချိန်သည် ကမ္ဘာ့ငြိမ်းချမ်းရေး အင်အားစု ဒီမိုကရေစီ အင်အားစု ဆိုရှယ်လစ် အင်အားစုများ အဆင့်တဆင့်တိုးတက်လာသည့် အချိန်ဖြစ်ပေသည်။

ခ။ ။ပို၍တိုးတက်လာသော ဆိုရှယ်လစ်စံနစ်။

ဆိုရှယ်လစ် စီးပွားရေး စံနစ်သည် လူ့အဆောက်အအုံဝင် အားလုံး၏ ရုပ်ဝတ္ထုနှင့် ယဉ်ကျေးမှု တောင့်တချက်များကို ပို၍ပို၍ဖြည့်စွမ်းခြင်း၊ ပိုမိုကျွမ်းကျင်မှုအပေါ်တွင် အခြေခံ၍ ကုန်ထုတ်လုပ်မှု ပိုမို ကျယ်ပြန့်စေခြင်း၊ ပိုမိုကောင်းမွန်စေခြင်းနှင့် ဆိုရှယ်လစ်နိုင်ငံ အခြင်းခြင်း ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ယိုင်းပင်း ကူညီခြင်းသို့ တိုးတက်ရွေ့လျားလျက်ရှိသည်။

(အကြိမ် ၂၀-မြောက် ဆိုဗီယက် ကွန်မြူနစ်ပါတီ ညီလာခံတွင် ကရုရှက်တင်သွင်းသော ဗဟိုကော်မတီ အစီရင်ခံစာ စာမျက်နှာ-၈၊ မော်စကို ၁၉၅၆-ခုနှစ်၊ အင်္ဂလိပ်ဘာသာထုတ်။)

ဤသည် ဆိုရှယ်လစ် စီးပွါးရေးစံနစ်၏အခြေခံသဘောအရ တိုးတက် ပြောင်းလဲခြင်းဖြစ်သည်။ မည်သို့နည်း။

ရုပ်ဝတ္ထုနှင့် ယဉ်ကျေးမှု တောင့်တချက်များကို ပို၍ပို၍ဖြည့်ဆည်းခြင်း။

ဆိုဗီယက်ယူနီယံ။

ငါးကြိမ်မြောက် ငါးနှစ်စီမံကိန်း ဆောင်ရွက်နေသည့် ကာလအတွင်းတွင် ဆိုဗီယက် ယူနီယံ၏ အမျိုးသားဝင်ငွေသည်(၆၈)ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ စက်ရုံ၊ ရုံးနှင့်အခြား အလုပ်သမားများ၏ ရုပ်ဝတ္ထုဝင်ငွေ(Real Income) သည်(၃၉)ရာခိုင်နှုန်းတက်သည်။စုပေါင်းလယ်ယာတောင်သူ လယ်သမားများ၏ ရုပ်ဝတ္ထုဝင်ငွေသည်(၅၀)ရာခိုင်နှုန်း တက်သည်။ လူမှုအာမခံစံနစ် အတွက်နိုင်ငံတော်ကရူဘယ် သန်းပေါင်း ၆၈၉၀၀၀ ကို သုံးလေသည်။

ထို့ကြောင့်ပင် ၁၉၅၀-ခုနှစ်နှင့် စာသော် ၁၉၅၅-ခုနှစ်တွင် နိုင်ငံတော်ပိုင်နှင့် သမဝါယမဆိုင်များက ရောင်းသောကုန်ပစ္စည်းသည်ရာခိုင်နှုန်း ၉၀ ပိုင်လေသည်။

မည်သည့် အရင်းရှင် နိုင်ငံမှ ဆိုဗီယက်နိုင်ငံတွင် လောက်များ ပြားသောကျောင်းများ၊အထူး အထက်တန်းကျောင်းများ အထက်တန်းပညာသင်ဌာနများ၊သုတေသနဌာနများ၊ စူးစမ်းရှာဖွေရေးဌာနများနှင့် စမ်းသပ်ရေးခန်းများ၊ ဓာတ်ရုံများ၊ကလပ်များ၊ ပိဋကတ်တိုက်များနှင့် အခြား ယဉ်ကျေးမှု နှင့် ပညာရေး ဌာနများ မရှိပေ။

(အကြိမ် ၂၀ မြောက် ဆိုဗီယက် ကွန်မြူနစ် ပါတီညီလာခံတွင် ကရူးရှက်တင်သွင်းသော ဗဟိုကော်မတီ အစီရင်ခံစာ စာမျက်နှာ ၉၆ မော်စကို၊ ၁၉၅၆ ခုနှစ် အင်္ဂလိပ်ဘာသာထုတ်။)

တောရွာမြို့ပါလူတိုင်း(၇)နှစ်စာမသင်နေရ။(ကျွန်ုပ်တို့ တိုင်းပြည်နှင့် ဟာပ်ဆိုရလျှင် (၇)တန်းအထိ) မြို့ကြီးများတွင်၊၁၀နှစ် စာမသင်မနေရ။(ကျွန်ုပ်တို့ တိုင်းပြည်နှင့် ဟာပ်လျှင် ၁၀တန်းအထိ)။

ငါးကြိမ်မြောက် ငါးနှစ်စီမံကိန်း အတွင်းတွင် အထူး ပညာကျော်ပေါင်း(Specialists)၁၁၂၀၀၀၀ ထွက်ခဲ့သည်။

လူသုံးအနုမြူဓါတ်အားပေးရုံ ကိုပဌမဆုံးတည်ဆောက်သည့် နိုင်ငံမှာဆိုဗီယက် ယူနီယံဖြစ်သည်။တနေ့လုပ်ချိန်ကို(၇)နာရီအထိချပြီးဖြစ်သည်။

တရုတ်ပြည်သူ့သမတနိုင်ငံ။

တရုတ်ပြည်သူ့ သမတနိုင်ငံသည် ဆိုရှယ်လစ် စံနစ်ကို တည်ဆောက်သည့် နိုင်ငံများတွင် နောက်အကျဆုံး တည်ဆောက်ရသည့် နိုင်ငံဖြစ်သည်။ သို့ရာတွင် တရုတ်ပြည်သူ့ သမတနိုင်ငံ၏တိုးတက်မှုသည်အံ့ခမန်းဖြစ်သည်။

တရုတ်ပြည်၏ ပဌမ ငါးနှစ်စီမံကိန်းကို ၁၉၅၂-ခုနှစ်တွင်စတင်သည်။

၁၉၅၂-ခုနှစ်နှင့် စာသော် ၁၉၅၅-ခုတွင် တရုတ်ပြည်၌ ထုတ်ကုန်များသည် ၂၀.၅ရာခိုင်နှုန်းတိုးတက်ခဲ့သည်။

သီးနှံအထွက်သည်လည်း ၁၉၅၂-ခုနှစ်နှင့် စာသော် ၁၉၅၅-ခုနှစ်တွင်(၉) ရာခိုင်နှုန်း ပိုသည်။ ဤသို့ပိုသည်မှာလည်း သဘာဝ ဖျက်ဆီးမှုများ အကြားမှပင် ပိုလာခြင်းဖြစ်သည်။

ကျောင်းဆရာဦးရေ နှင့် ကျောင်းခန်း အကျယ်အဝန်း တိုးတက်မှုမှာ ၁၉၅၂-ခုနှစ်မှ ၁၉၅၅-ခုနှစ် သုံးနှစ်အတွင်း တိုးတက်မှုသည်၊ ၁၈၉၈-ခုနှစ်မှ ၁၉၄၈-ခုနှစ် အနှစ် ၅၀-အတွင်း တိုးတက်မှုထက် ပိုလေသည်။

ပိုမိုကြွမ်းကျင်မှုအပေါ်တွင်အခြေခံ၍ ကုန်ထုတ်လုပ်မှုပိုမိုကျစ်ပြည့်စေခြင်း၊ ပိုမိုကောင်းမွန်စေခြင်း၊ ဆိုဗီယက် ယူနီယံ။

၁၉၂၉-ခုနှစ်နှင့် စာသော် စက်မှု လက်မှု လုပ်ငန်းများမှ ကုန်ထုတ်မှုသည်၊ ၁၉၅၅-နှစ်တွင် အဆ ၂၀ ကျော်တိုးတက်ခဲ့လေသည်။ ကမ္ဘာပေါ်တွင် စက်မှုလုပ်ငန်းများမှ ကုန်ထုတ်မှုတွင်(1 st.Europe)ဒုတိယ အများဆုံးနိုင်ငံမှာ ဆိုဗီယက်ယူနီယံ ဖြစ်သည်။

ဆိုဗီယက်ယူနီယံ၏ တိုးတက်မှုသည်ပင်၊ စက်မှုလုပ်ငန်းတိုးတက်မှုအပေါ်တွင်အခြေခံသည်။ ၁၉၅၁-၁၉၅၅ ခုနှစ် ကာလတွင် ကုန်ထုတ်ကိရိယာ ထုတ်လုပ်မှုသည် နှစ်စဉ်၊ ၁၃.၈-ရာခိုင်နှုန်းတက်၍ စားကုန် သောက်ကုန် ထုတ်မှုသည်၊ ၁၁.၉-ရာခိုင်နှုန်း တက်သည်။ စက်ထုတ်လုပ်ရေး လုပ်ငန်းသည်၊ ၁၉၅၀-ခုနှစ်နှင့်စာလျှင် ၁၉၅၅-ခုနှစ်တွင် ၂.၂-ဆတွက်သည်။

လုပ်အား၏ ကုန်ထုတ်နှုန်းထား(Labour Production)သည်။ ၁၉၅၅-ခုနှစ်တွင် စစ်မဖြစ်မီကထက် ၂-ဆရှိသည်၊ စက်ဖြင့်စက်ကိုထိန်းခြင်း(Automation)စသည့် စက်အားတိုးတက်မှု (Technical Progress)ကြောင့် ကုန်ထုတ်စရိတ်သည်၊ ၁၉၅၀-ခုနှစ်နှင့်စာသော် ၁၉၅၅-ခုနှစ်တွင် ၂၃-ရာခိုင်နှုန်းကျဆင်းသည်။

ကုန်ပစ္စည်းအမျိုးအစားလည်းပိုမိုကောင်းမွန်လာသည်၊ ပိုမိုများပြားလာသည်။

ဆိုဗီယက် ယူနီယံတွင် တယောက်တယောက် ထုတ်လုပ်မှု(Per Capita Production)တွင် နှစ်များမကြာမီအတွင်း အမေရိကံ ထက်သာရမည်ဟု ထုတ်ဖော်ကြေငြာလိုက်လေပြီ။

ထယ်ယာ စိုက်ပျိုးရေး လုပ်ငန်းတွင်၊ ၁၉၅၄-ခုနှစ်နှင့် ၁၉၅၅-ခုနှစ် များတွင် မြေရိုင်းဟက်တာ ၃၃-သန်းကို ထွန်ယက်နိုင်သည်။ ထို့ကြောင့် သီးနှံစိုက်သည့် ဧရိယာသည်၊ ၁၉၅၀-ခုနှစ်တွင် ဟက်တာ ၁၀၂.၉သန်းမှ၊ ၁၉၅၅ ခုနှစ်တွင်၊ ၁၂၉.၄သန်းအထိတိုးတက်သွားသည်။ ကောက်ပဲသီးနှံ အမျိုးများကိုလည်း ချဲ၍စိုက်ပျိုးနိုင်သည်။ ပြောင်းခင်းများကို၊ ၁၉၅၅-ခုနှစ်တွင် ဟက်တာ ၁၈ သန်း အထိ တိုးချဲ့စိုက်ပျိုးနိုင်သည်။

၁၉၅၀-ခုနှစ်နှင့် စာသော် ၁၉၅၅-ခုနှစ်တွင် နွားမဦးရေသည် ရာခိုင်နှုန်း ၂၀၊ ဝက်ဦးရေသည်၊ ရာခိုင်နှုန်း ၁၁၄၊ သိုးဦးရေသည် ရာခိုင်နှုန်း ၅၁၊ တိုးပွားသည်။

လယ်လာ စိုက်ပျိုးရေးတွင် အရေးကြီးသော လုပ်ငန်းများကို စက်ဖြင့်လုပ်ကိုင်လျက်ရှိသည်၊ ထွန်စက်ရှာဓနများတွင် အလုပ်သမား အမျိုးမျိုး ၂-သန်းမျှ လုပ်ကိုင်လျက်ရှိကြသည်။ ပါရဂူ ၄၀၀၀၀၀ သည် လယ်ယာလုပ်ငန်းနှင့် ပါတ်သက်၍ ရူးစမ်းရှာဖွေလုပ်ကိုင်နေကြသည်။

နိုင်ငံပိုင်စိုက်ပျိုးရေးလယ်ယာများ(State Farms)၏ ဧရိယာမှာ ဟက်တာ ၂၄၅၀၀၀၀၀ ရှိသည်။

တရုပ်ပြည်သူ့သမတနိုင်ငံ။

စက်မှုထုတ် ကုန်တန်ဘိုးသည်၊ ၁၉၅၅- ခုနှစ်တွင် ၁၉၅၂- ခုနှစ်နှင့်စာသော် ၆၂-ရာခိုင်နှုန်း တိုးတက်သည်၊ နှစ်စဉ်၁၅.၃ ရာခိုင်နှုန်းတိုးတက်သည်။

၁၉၅၅- ခုနှစ်ကုန်တွင် ကြီးမားသော စက်ရုံအသစ် ၂၇၅ သည်၊ လည်ပတ်လျက်ရှိသည်။ လျှပ်စစ်ဓါတ်အားပေး စက်ကိရိယာအစုကိုသော်၎င်း ထွန်ရိပ်စက်များကိုသော်၎င်း တရုပ်ပြည်တွင် တည်ဆောက်နိုင်လေပြီ။

၁၉၅၂-၅၅ခုနှစ် ကာလအတွင်းတွင် ရထားလမ်းသစ် မိုင် ၁၅၅၀၊ ကုန်းလမ်းသစ် ၄၂၉၀ မိုင်ကိုဖေါက်လုပ်နိုင်သည်။

သုံးနှစ်အတွင်းတွင် မြေရိုင်း ၃၇၀၀၀၀၀ ဧကကိုထွန်ယက်နိုင်သည်။ ဝါးနှံ့အထွက်သည် ၉ရာခိုင်နှုန်းပို၍ စက်လုပ်ငန်းအတွက် ကုန်ကြမ်းအတွက်သည်၊ ၁၀ ရာခိုင်နှုန်း ရှိသည်။

ဆိုရှယ်လစ် နိုင်ငံအချင်းချင်း ဒိမိုနီးကပ်စွာပူးပေါင်း ဆောင်ရွက်ခြင်းနှင့် ယိုင်းပင်းကူညီခြင်း။

ဆိုဗီယက်ယူနီယံသည်၊ ပြည်သူ့ ဒီမိုကရေစီနိုင်ငံများတွင်စက်ရုံကြီး ၃၉၀ ရုံနှင့်အလုပ်ရုံ ၉၀ တည်ဆောက်ပေးနေ၏၊ စီးပွါးတိုးတက်ရေးအတွက် ရူဘယ်(လ်)သန်းပေါင်း ၂၁၀၀၀ ကိုချေးငှါးထား၏။ အနုမြူအင်အားအသုံးပြုရေးတွင်လည်းကူညီနေ၏၊ တရုပ်ပြည်တွင် စက်ရုံ ၁၅၆ အလုပ်ရုံ ၂၁-တည်ဆောက်ပေးနေ၏။ ရူဘယ်(လ်)သန်းပေါင်း ၅၆၀၀ ကို ချေးငှါးထား၏၊ အတိုးနှုန်းမှာ တနှစ်လျှင်(၁) ရာခိုင်နှုန်းဖြစ်၍၊ ပြန်ဆပ်ရမည့် ကာလမှာ ကာလရှည်ဖြစ်၏။

ပြည်သူ့ ဒီမိုကရေစီနိုင်ငံအချင်းချင်းလည်း ယိုင်းပင်းကူညီနေကြ၏။ ရူမေးနီးယား နှင့် ဟန်ဂေရီတို့သည်၊ ရူမေးနီးယားရှိရေနံငွေ့(Natural Gas)ကို ဓါတ်သတ္တုလုပ်ငန်းအတွက်အသုံးပြုရန် စာချုပ်ကြ၏။ ဟန်ဂေရီ နှင့် ချက်ကိုစလိုဗေးကီးယားတို့သည်၊ မိမိတို့ ကြွမ်းကျင်ရာ သံမဏိပစ္စည်းများကိုသာလုပ်ကြ၍၊ လဲလှယ် အသုံးပြုရန် သဘောတူစာချုပ်-ချုပ်ဆိုကြ၏။

ယနေ့အချိန်တွင် ဆိုဗီယက်ယူနီယံ ဆောင်ရွက်ခဲ့ရသကဲ့သို့၊ ဆိုရှယ်လစ် နိုင်ငံတိုင်းသည်၎င်း၊ စက်မှုလုပ်ငန်းအဖြာဖြာကို ထူထောင်ရန်မလိုတော့ပေ၊ မိမိတို့သည်၊ ယာလုပ်ငန်းများကိုသာတိုးတက်ဖွံ့ဖြိုးစေရန်၊ ကြိုးပမ်း၍သာဘာဝနှင့်စီးပွါးရေးအနေအထားက ညွှန်ပြသည့်အကောင်းဆုံး

အခြေအနေရှိသည့် ပစ္စည်းများကိုသာ ထုတ်လုပ်နေနိုင်သည်။ ထို့ကြောင့် ပြည်သူတို့၏ ရုပ်ဝတ္ထု ယဉ်ကျေးမှုတောင်းဆိုချက်များကို ပို၍ပို၍ဖြည့်ဆည်းနိုင်သည်။ (အထက်ပေါ်ပြပါအစီရင်ခံစာ စာမျက်နှာ ၁၁၂)။

ဆိုရှယ်လစ်လုပ်ငန်း ခွဲဝေမှုသဘောဘောပင်ဖြစ်သည်။

ဆိုရှယ်လစ်လောကသည်၊ မတိုးတက်သေးသောနိုင်ငံများကိုသည်း စီးပွါးလွတ်လပ်ရန်ကူညီလျက် ရှိသည်။ဆိုဗီယက်ယူနီယံက၊ အိန္ဒိယအခြေပြင်၊ အာဖဂန်နစ်စတန်နှင့် အီဂျစ်သို့ပေးသောအကူအညီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကမ္ဘောဒီးယားနိုင်ငံသို့ပေးသော အကူအညီများသည် သက်သေပင်ဖြစ်သည်။ ဤအကူအညီများသည်၊ ညီတူခြင်း နှစ်ဦးနှစ်ဝအကျိုး ရှိခြင်း၊ တဦး၏ ပြည်တွင်းရေး ကိစ္စများတွင် တဦးကမဝင်ရောက်မစွက်ဖက်ခြင်းဟူသောမူများအပေါ်တွင်အခြေခံရာ၊ အမေရိကန်အကူအညီနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေပေသည်။

(က) မတိုးတက်သေးသောနိုင်ငံများတွင် စက်မှုလုပ်ငန်းထွန်းကားရန်နှင့်အမှီခိုကင်းမဲ့သောစီးပွါးရေးတည်ထောင်ရန် ကူညီခြင်းဖြစ်သည်။

(ခ) မတိုးတက်သေးသော နိုင်ငံများက ထုတ် လုပ် နိုင်သော ကုန်ပစ္စည်းများကို အစားမထိုး၊ ထိုနိုင်ငံများ၏ ဈေးနာကို မလုသော အကူအညီဖြစ်သည်။

(ဂ) မတိုးတက်သေးသော နိုင်ငံများတွင် အလူးအလွှင့်အရေးတောင်းခြင်း၊စီးပွားရေး ချယ်လှယ်ချန်နေရာ

ယူခြင်း၊နိုင်ငံရေးစွက်ဖက်ရန် အခြေခံယူခြင်း၊စစ်စခန်းတောင်းခြင်း စသည်တို့ ကင်းစင်သောအကူအညီဖြစ်သည်။

(ဃ) စရိတ်သက်သာ၍အကောင်းဆုံးသောပစ္စည်း ပညာသည်များကို ရသည့်ပြင် စေတနာ ဖြူစင်စွာဖြင့် အတတ်ပညာကို ထိမ်ချန်ခြင်း မရှိဘဲ ပေးသောအကူအညီဖြစ်သည်။

ပို၍ပို၍ ကြီးကျယ်ကြစ်တည်းခြင်းနှင့် ရင်ဆိုင်နေရသည့်အရင်းရှင်စနစ်။

''အရင်းရှင် စီးပွားရေး စံနစ်၏ လမ်းကြောင်းမှာလက်ဝါးကြီးအုပ်များအစဥ့်မပြတ်ပို၍ချမ်းသာရေး၊ သန်းပေါင်းများစွာသော အလုပ်သမားများအား အထူးသဖြင့် ကိုလိုနီနှင့် မှီခိုရသော နိုင်ငံများတွင် ပို မို နက် နဲ စွာ သွေးစုတ်ရေး နှင့် နေထိုင်စားသောက်မှု အဆင့် ကျဆင်းရေး စစ်စီးပွား ပိုမိုဖြစ်စေရေး-အရင်းရှင်နိုင်ငံ အချင်းချင်းပြိုင်ဆိုင်တိုက်မှုပြင်းထန်ရေးနှင့် စီးပွါးပျက် ကပ်သစ်များဖြစ်ပေါ်ရေးပင်ဖြစ်သည်။(အထက်ပါအစီရင်ခံစာ၊စာမျက်နှာ ဂ-၉)။

လက်ဝါးကြီးအုပ်များ အစဥ့်မပြတ် ပို၍ချမ်းသာခြင်း။ အမေရိကန်ပြည်တွင် ဒေါ်လာသန်းပေါင်း တထောင်ထက်များပြားသော ငွေရင်းရှိသည့် ကော်ပိုရေးရှင်း များသည် ၁၉၅၂ ခုနှစ်တွင် ၆၆ ခုရှိ၍ ငွေရင်းစုစုပေါင်းမှာ ၁၇၄၃၀၀

သန်းဖြစ်သည်။ ၁၉၅၄-ခုနှစ်တွင် ၇၀ ဆထိတိုး၍ ငွေရင်းစုစုပေါင်းသည် ဒေါ်လာ ၂၀၁၄၀၀ သန်းအထိ တိုးတက်ခဲ့သည်။

ဂျင်နရယ်မော်တော် ကုမ္ပဏီသည်၊ ၁၉၅၃-ခုနှစ်တွင် အမြတ် ဒေါ်လာ ၅၉၈-သန်းရသည်။ ၁၉၅၄-ခုနှစ်တွင် ဒေါ်လာ ၈၀၆ သန်းအထိ တိုးတက်ခဲ့သည်။

ဗြိတိသျှ ထက်ဝါကြီးအုပ်အရေးရှင်များသည် ၁၉၄၈ ခုနှစ်တွင် အမြတ်ပေါင်း-၂.၅ ဘီလီယံမှ ၁၉၅၄-ခုနှစ်တွင် ၃.၈ ဘီလီယံ အထိ တိုး၍ရခဲ့သည်။

ပြင်သစ်ကုမ္ပဏီကြီး ၇၃၀၏အမြတ်သည် ၁၉၄၉-ခုနှစ်တွင် ဖရန့် ၅.၆-ဘီလီယံမှ ၁၉၅၃-ခုနှစ်တွင် ၁၁.၇-ဘီလီယံအထိ တိုးပွါးလာသည်။

သန်းပေါင်း များစွာသော အလုပ်သမားများအား အထူးသဖြင့် ကိုလိုနီနှင့်မှီခိုရသောနိုင်ငံများတွင် ပိုမိုနက်နဲစွာ သွေးစုတ်ရေးနှင့် နေ့တိုင်းစားသောက်မှု အဆင့်ကျဆင်းရေး။

၁၉၅၅-ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုရှိ အလုပ်လက်မဲ့(လုံးဝ)သုံးသန်းခန့်ရှိ၍ တဝက်တပျက်သာ အလုပ်ရှိသူပေါင်းကိုးသန်းရှိသည်။ အီတလီတွင် (လုံးဝ)အလုပ်လက်မဲ့နှစ်သန်းနှင့် တဝက်တပျက် အလုပ်ရှိသူနှစ်သန်းခန့်ရှိသည်။

၁၉၃၉-ခုနှစ်နှင့်စာသော် အမေရိကန်အလုပ်သမားများ၏ ကုန်ပစ္စည်းနှင့် စာသည့်လုပ်ခ(Real wages)သည်

၁၉၅၂-ခုနှစ်တွင်၊ ၈၈.၅ ရာနှုံးသာရှိသည်။ ဟယ်လ်ဂျာကော်မတီ၏ တွက်ကိန်းအရ လူကြီးနှစ်ဦး ခလေး နှစ်ဦးရှိသည့်အိမ်ထောင်သားစုတွင်၊ ၁၉၄၅-ခုနှစ် မတ်လတွင် တပါတ်ဝင်ငွေသည် လိုအပ်သောငွေထက် ၁၁.၆၄ ဒေါ်လာ လျော့သည်။ ၁၉၅၀-ခုနှစ် အောက်တိုဘာလတွင် ၂၀.၂၄ ဒေါ်လာလျော့သည်။ ၁၉၅၃- ခုနှစ် စက်တင်ဘာလတွင် ၃၂.၅၂ ဒေါ်လာလျော့သည်။

ပြင်သစ်ပြည်တွင်အလုပ်သွားများ၏လုပ်ခများသည်စစ်မဖြစ်မှီကအမျိုးသားဝင်ငွေ၏ ရာခိုင်နှုံး၄၅ ရှိသော်လည်း ၁၉၅၂-ခုနှစ်တွင်၊ရာခိုင်နှုန်း၃၀-သာရှိတော့သည်။ အလုပ်သွားတဦး၏ တနာရီလုပ်ခတန်ဘိုးသည်၊ ၁၉၅၂-ခုနှစ်တွင်၊ စစ်မဖြစ်မှီက တန်ဘိုး၏ ထက်ဝက်မျှသာရှိတော့သည်။

၎င်းအချက်များက ပြသည်မှာ အလုပ်သမား လူတန်းစားသည် ပို၍ဆင်းရဲရသည်၊ အရင်းရှင်လူတန်းစားနှင့် စာလျှင်လည်း ဆင်းရဲရသည်ဟူသော အချက်ပင်ဖြစ်သည်။ (Absolute & Relative Impoverishment)

စစ်စီးပွါးပိုမိုဖြစ်စေရေး။

အမေရိကန် ပြည်ထောင်စုတွင် လူတယောက်ချင်း စစ်အသုံးစရိတ်မှာ......

၁၉၁၃-၁၄-ခုနှစ်တွင်၊ ၃.၅၀ဒေါ်လာ......

၁၉၂၈-၃၀၊ခုနှစ်တွင်၊ ၇.၆၀ ဒေါ်လာ......

၁၉၅၄-၅၅-ခုနှစ်တွင်၊ ၂၅၀.၀၀ဒေါ်လာအထိ တိုးတက်ခဲ့သည်။(အဆပေါင်း၇၀)......

အင်္ဂလန်တွင် ၁၉၁၃-၁၄ခုနှစ်တွင်၊တပေါင်၊ ၁၄သျှိ လင်ရှိ၍၊ ၁၉၂၉ ၃၀-ခုနှစ်တွင် ၂ ပေါင် ၁၀-သျှိလင်၊ ၁၉၅၄-၅၅-ခုနှစ်တွင်၊ ၂၉ပေါင် ၆သျှိလင်ရှိသည်။

၁၉၅၀-နှင့် ၁၉၅၄-ခုနှစ်အကြားတွင်၊အစိုးရက လက်နက်ဝယ်သည့်စရိတ်သည် အမေရိကာ ပြည်တွင် ရာခိုင်နှုန်း ၃၀၀၊အင်္ဂလန်တွင် ရာခိုင်နှုန်း ၃၀၀၊ပြင်သစ်တွင်ရာခိုင်နှုန်း ၂၀၀-တိုးတက်သည်။

အရင်းရှင်နိုင်ငံအချင်းချင်းပြိုင်ဆိုင်တိုက်ခိုက်မှု ပိုမိုပြင်းထန်ရေး။

အရင်းရှင်လောကအတွင်း ရောင်းဝယ်ရေးတွင်၊အမေရိကာ၏ ရှယ်ယာသည် ၁၉၅၄-ခုနှစ်တွင် ရာခိုင်နှုန်း ၄၅ရှိရာမှ ၁၉၅၃-ခုနှစ်တွင် ၂၁.၂၅ရာခိုင်နှုန်းသာရှိတော့သည် အင်္ဂလန်၏ရှယ်ယာသည် ၇.၄၁မှ ၉.၀၂သို့၎င်း၊အနောက်ဂျာမနီ၏ရှယ်ယာသည် ဝ မှ ၆.၀ ရာခိုင်နှုန်းသို့၎င်း၊ ဂျပန်၏ ရှယ်ယာသည် ဝမှ ၁.၇၃ရာခိုင်နှုန်းသို့၎င်းတိုးတက်ခဲ့သည်။ သူတို့ အချင်းချင်း ဈေးခုလုမှု ပိုမိုပြင်းထန် လာသည်ကို ပြသည်။

၁၉၄၇-၄၈-ခုနှစ်တွင်၊အမေရိကန်၏ စက်မှုထုတ်ကုန်သည် အရင်းရှင်လောက၏ စက်မှုထုတ်ကုန်၏ ၆၀ ရာခိုင်နှုန်းရှိသော်လည်း ယနေ့အချိန်(၁၉၅၅)တွင် ၅၀ ရာခိုင်နှုန်းသာရှိတော့သည်။

ဤသို့ပြိုင်ဆိုင် တိုက်ခိုက်မှုသည် ကမ္ဘာ့ဆိုရှယ်လစ်ဈေး ကျယ်၍ ကမ္ဘာ့အရင်းရှင်ဈေးကွက်ကျဉ်းလာသလောက်ပိုမို

ပြင်းထန်လာမည်၊ကိုလိုနီနိုင်ငံများ လွတ်လပ်ရေး ကြိုးပမ်းမှု ကြီးထွားသလောက် ပိုမိုပြင်းထန်လာမည်။

စီးပွါးပျက်ကပ်သစ်များဖြစ်ပေါ်ရေး။

အထက်တွင် ဖေါ်ပြခဲ့သည့်အတိုင်း လက်ဝါးကြီးအုပ် အမြတ်များသည် ပို၍ပို၍ကြီးထွား၍ အလုပ်သမားများ၏ အခြေအနေသည် ပို၍ဒို၍သာ ကျဆင်းလာခြင်းသည် ကုန်ထုတ်အင်အားစုနှင့် ကုန်ထုတ်ရေး ဆက်သွယ်မှု ပဋိပက္ခ ပိုမိုကြီးကျယ်လာမှုကိုပြသည်။

အမေရိကန်နိုင်ငံ၏ စက်မှုထုတ်ကုန်သည် ၁၉၂၉တွင် ၁၀၀ရှိသည်ဟုဆိုလျှင် ၁၉၅၂ခုတွင် ၂၁၀ရှိ၍၊ ၁၉၅၅-ခုနှစ်တွင် ၂၃၄ရှိသည်။ဤသို့တိုးတက်၍စီးပွါး ပျက်ကပ်မရှိဟု မဆိုရာ၊ အဘယ့်ကြောင့် ဆိုသော် ကုန်ထုတ်စနစ်တွင် အများရပေါင်းခြင်း၊ထုတ်ကုန်များကိုကား ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်းတည်းဟူသော ပဋိပက္ခရှိနေသည့် စီးပွါးပျက်ကပ် ရှိမည်သာဖြစ်သည်။

အမေရိကာ နိုင်ငံတွင် စက်မှုထုတ်ကုန် တိုးတက်သော်လည်း ကုန်ထုတ်အင်အားများ အလဟဿဖြစ်မှုများ ရှိသည်။ ၁၉၅၄-ခုနှစ်တွင် သံရေကြို မီးဖို ၁၂၉ သာ အလုပ် လုပ်၍၊ ၇၄ သည် အားနေသည်။ ကျောက်မီးသွေးတွင်း ၁၀၀၀ မျှ ပိတ်ထားရသည်။

တဘက်တွင်ကုန်ပစ္စည်းများပုံ၍၊တဘက်တွင်ဝယ်အား လျော့နည်းမှုပိုရှိလာသည်၊အမေရိကန်နိုင်ငံတွင်၊ သီးနှံလက်

ကျွန်များကြောက်ခမန်းလိလိ၊ ရှိရင်းမြေယာဧကကိုလျော့နေသည်။ ၁၉၅၄ ခုနှစ်တွင်၊ ဧက ၂၂ သန်းကို၊ ဝါဂွမ်းနှင့်ချုံမစိုက်ဘဲပလပ်ထားသည်၊ အလုပ်သမားများကုန်ပစ္စည်းများကို အကြွေးဝယ်သည့် အတွက် ဝင်သည့်ကြွေးသည် အလွန်ကြီးမားသည်၊ ၁၉၅၅ ခုနှစ်တွင်၊ အကြွေးနှင့်အိမ်ဝယ်ရာ အကြွေးဒေါ်လာသန်းပေါင်း၊ ၈၈၇၀၀ ရှိသည်။ ဤသည်တို့သည် စီးပွါးပျက်ကပ်၏ အရိပ်နိမိတ်များပင် ဖြစ်သည်။

အလုပ်သမား-အရင်းရှင်ပဋိပက္ခ။ ဤကဲ့သို့သော အခြေအနေတွင်၊ အလုပ်သမား - အရင်းရှင် ပဋိပက္ခသည် ပိုမိုကြီးမားများပြားလာသည်၊ အရင်းရှင်(၁၁) နိုင်ငံတွင် ၁၉၃၀-၃၉ ကာလအတွင်းတွင်၊ သပိတ်ပေါင်း ၆၇၀၀၀ တွင် သပိတ်သမား ၂၁၀၀၀၀၀၀ ပါဝင်၍၊ လုပ်ရက် ၂၀၄၀၀၀၀၀၀ ဆုံးရှုံးခဲ့သည်။ ၁၉၄၅-၅၄ ခုနှစ်ကာလ အတွင်း၊ သပိတ် ၁၀၁၀၀၀ တွင်သပိတ်သမား ၇၃၀၀၀၀၀၀ ပါဝင်၍၊ လုပ်ရက် ၆၇၂၀၀၀၀၀၀ ဆုံးရှုံးရသည်၊ ဤသည် ကျယ်ပြန့်သောအလုပ်သမားထိုးစစ်ပွဲနှင့် အလုပ်သမားညီညွတ်ရေး လှုပ်ရှားမှုကြီး ဖြစ်ထွန်းလာနေသည်ကို ပြသည်။

အလုပ်သမားများ၏ လှုပ်ရှားမှုသည် စီးပွါးရေးတွင်သာမက နိုင်ငံရေးတွင်ပါ ကြီးထွားနေသည်။ ငြိမ်းချမ်းရေး တောင်းဆိုမှုက သက်သေပြပေသည်။

(ဃ)

နယ်ချဲ့တို့၏ စစ်အုပ်စုဖွဲ့စည်းရေးနှင့် စစ်အေး ဆင်နွှဲရေးနှင့် ပြည်သူ့ဆန့်ကျင်မှု။

ဤသို့လျှင် အရင်းရှင်စံနစ်သည်၊ ပို၍ပို၍ ကြီးမားသော ကြပ်တည်းမှုနှင့် ရင်ဆိုင်ရသည့်အခြေအနေမှ ထွက်ပေါက်ကို နယ်ချဲ့တို့က မည်သို့ရှာကြံသနည်း။ အမေရိကံ၊ ဗြိတိသျှ နယ်ချဲ့သည် စစ်လက်နက်အပြိုင် အဆိုင်တပ်ဆင်ရေးဖြင့် ထွက်ပေါက်ကို ရှာကြံသည်။

ထိုရာတွင် စစ်လက်နက် အပြိုင် အဆိုင် တပ်ဆင်ရေး သည် ယာယီမျှ လက်ဝါးကြီးအုပ်အရင်းရှင်များ၏ အမြတ်များကိုပေးသော်လည်း အရင်းရှင်စံနစ်၏ကြပ်တည်းမှုကိုပို၍ နက်ရှိုင်းစေသည်။ ထွက်ပေါက်မဟုတ်ပေ။ ပို၍ပို၍ကျယ်ပြန့်သော ကမ္ဘာ့ပြည်သူ လူထုသည် မိမိတို့၏ စားဝတ်နေရေး အဆင့်အတန်းကို တနေ့ထက် တနေ့ တိုး၍ တိုး၍ နှိမ့်ချလျက်ရှိသည့် လက်နက် တပ်ဆင်မှု ဝန်ထုပ်ဝန်ပိုးကို ဆက်လက်ခံလို၊ လက်နက်လျှော့ပေါ့ရေးကို တောင်းဆို နေကြသည်။ ဆိုဗီယက်ယူနီယံက နိုင်ငံကြီးများစစ်သားဦး ရေလျှော့ပေါ့ရေးမှစ၍ တစတစ လက်နက်လျှော့ပေါ့ရေး ကိုတင်ပြရာ ကမ္ဘာ့ပြည်သူများကထောက်ခံလျက်ရှိသည်။

အနုမြူလက်နက်-ဟိုက်ဒရိုဂျင် လက်နက်များဖြင့် ခြိမ်း ခြောက်သည်။ ထိုရာတွင် အမေရိကံနယ်ချဲ့တို့တွင်သာလက် နက်များရှိသည်မဟုတ်၊ ဆိုဗီယက် ယူနီယံတွင်လည်း ရှိ သည်။ ကမ္ဘာ့ငြိမ်းချမ်းရေးကို လိုလားသောအင်အားစုများ

ကလည်း အနုမြူစစ်၏ ဖန်တီးရေးကို ဆန့်ကျင်ကြသည်။ အနုမြူလက်နက်ပိတ်ပင်ရေးကို တောင်းဆိုကြသည်။ အနုမြူလက်နက် စမ်းသပ်ခြင်းကို ရပ်စဲရန် တောင်းဆိုနေကြသည်၊ အထူးသဖြင့် နယ်ချဲ့တို့သည် အနုမြူလက်နက်များ အာရှဒေသတွင် အချုပ်အချယ်မရှိ စမ်းသပ် နေကြရာ အာရှပြည်သူများက အနုမြူလက်နက် စမ်းသပ်မှုများကို ပိတ်ပင်ရန်အထူးတလည် တောင်းဆို နေကြပေသည်။

ကိုရီးယား စစ်ပွဲကို ဖန်တီးသည့် သို့ရာတွင်ကိုရီးယားနှင့် တရုတ်ပြည်သူတို့၏ ခုခံမှုနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး အင်အားစုများ၏ ကြိုးပမ်းမှုကြောင့် ထိုစစ်ပွဲကို ရပ်စဲစေခဲ့သည်။

အင်ဒိုချိုင်းနား စစ်ပွဲကိုကျယ်ပြန့်စေအောင် အမေရိကန်နယ်ချဲ့တို့ဝင်ရောက်စွက်ဖက်လာသည်။ သို့ရာတွင် ဗီယက်နမ် ပြည်သူတို့က ဒင်ပင်ဖူးအောင်ပွဲခံ၍ ကမ္ဘာ့ငြိမ်းချမ်းရေး အင်အားစုများက အမေရိကန်နယ်ချဲ့တို့ကို တားဆီးသောအခါ အင်ဒိုချိုင်းနား စစ်များ ရပ်စဲသွားရသည်။ ယနေ့အချိန်တွင် ဂျနီဗာ သဘောတူညီချက်ကိုဖေါက်ဖျက်၍ ဗီယက်နမ်တွင် ရွေးကောက်ပွဲ မကျင်းပနိုင်စေရန် အမေရိကန်နယ်ချဲ့တို့က လုပ်ကြံထားသည်၊ သို့သော်ကမ္ဘာ့ပြည်သူတို့က ထိုလုပ်ကြံမှုကို ရှုံ့ချကြသည်။

သို့ရာတွင်၊ အမေရိကန် ဗြိတိသျှနယ်ချဲ့တို့သည်၊ လက်မလျှော့စစ်အုပ်စုများကို ဖွဲ့စည်းလျက်ပင်ရှိသည်။ နာတိုးစစ်အုပ်စု - အနောက် ဥရောပစစ်အုပ်စု၊ ဆီးတိုး စစ်အုပ်စု၊ အရှေ့အလယ်ပိုင်း စစ်အုပ်စု စသည်တို့ကို ဖွဲ့စည်းထားပေ

သည်။ သို့ရာတွင် ၎င်းစစ်အုပ်စုများသည်၊ စစ်အုပ်စုနိုင်ငံများကို စစ်စခန်းအဖြစ်လက်အောက်ခံ နိုင်ငံများအဖြစ်သို့သာ ရောက်ရှိစေသည်၊ ထို့ကြောင့်အိန္ဒိယ၊ မြန်မာပြည်၊ အင်ဒိုနီးရှားစသည့်နိုင်ငံများသည် ဆီးတိုးကိုဆန့်ကျင်ကြသည်။ အီဂျစ်၊ ဂျော်ဒန်စသည့် အာရပ်နိုင်ငံများသည်၊ အရှေ့အလယ်ပိုင်းစစ်အုပ်စုကို ဆန့်ကျင်ကြသည်။ နာတိုးစစ်အုပ်စုတွင်ပင်၊ တူရကီ၊ ဂရိတ်ပဋိပက္ခ၊ ပြင်သစ်လူထု၏ မကြေမနပ်မှုစသည်ဖြင့် အက်ကြောင်းများပေါ်နေပေသည်။ ၎င်းစစ်အုပ်စုများသည်၊ ကြာရှည်ခံနိုင်မည့် အုပ်စုများမဟုတ်ပေ။

အမေရိကန်နယ်ချဲ့တို့သည်၊ စစ်စခန်းများကို ကမ္ဘာတဝှမ်းလုံးချမှတ်သည်၊ ဂျပန်စစ်ဝါဒများကို ပြန်လည်လက်နက်တပ်ဆင်၍၊ ဂျပန်ပြည်ကို ၎င်းတို့၏ ကိုလိုနီသဘွယ် ထားသည်၊ သို့ရာတွင် ဂျပန် ပြည်သူတို့သည် ပြင်းထန်စွာ ခုခံလျက်ရှိသည်။ အနောက်ဂျာမနီကို လက်နက်တပ်ဆင်နေသည်၊ သို့ရာတွင် ဂျာမနီ ပြည်သူတို့သည်၊ အရှေ့ဂျာမနီတွင်၊ ငြိမ်းချမ်းသော - လွတ်လပ်သော - ဒီမိုကရေစီ ပြည့်ဝသော နိုင်ငံတရပ်ကိုထူထောင်ထားသည်၊ အနောက်ဂျာမဏီတွင်လည်း၊ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုသည် ကြီးထွားလာပေသည်။

အမေရိကန်နယ်ချဲ့တို့သည် ထိုင်ဝမ်ကိုသိမ်းပိုက်၍၊ တရုတ်ပြည်ကို လက်နက်ဖြင့်ရန်စနေလျက်ပင်ရှိသေးသည်။ တရုတ်ပြည်ကို ကုလသမဂ္ဂတွင် သူပိုင်ဆိုင်သောနေရာကို ပြန်လည်ပေးရန် ကန့်ကွက်လျက်ပင်ရှိသေးသည်။ သို့ရာတွင်

ပို၍ကျယ်ပြန့်သော ကမ္ဘာ့ပြည်သူနှင့် နိုင်ငံအစိုးရများက တရုတ်ပြည်ကို ထောက်ခံလာပေသည်။

အမေရိကန်နိုင်ငံတွင်ပင် ပို၍ကျယ်ပြန့်သော အမေရိကန် ပြည်သူလူထုသည် စစ်ဖန်တီးရေးကို ဆန့်ကျင်ကြသည်။ အမျှော်အမြင်ရှိသော အမေရိကန် ခေါင်းဆောင်များပင် အင်အားကြီးဝါဒသည် မလျော်ကန်တော့၊ အမေရိကန် အတွက် အကျိုးမဲ့သည်ဟု သိမြင်လာကြပေသည်။ ဗြိတိသျှ ပြင်သစ်ခေါင်းဆောင်အချို့သည်လည်း အမေရိကန် နယ်ချဲ့ ကြိုးတွဲရာ လိုက်ပါနေရခြင်းသည် ၎င်းတို့၏ အမျိုးသား အကျိုးနှင့် ဖီလာဖြစ်သည်ဟု သိမြင်လာကြပေသည်။

အမေရိကန် စစ်ဝါဒီများသည် ပို၍ပို၍ မိတ်ဆွေကင်းမဲ့ လာသည်။ ကမ္ဘာ့ငြိမ်းချမ်းရေး အင်အားစုသည် ပို၍ပို၍ နယ်ကျယ်လာသည်။ ဆိုရှယ်လစ်နိုင်ငံများ၊ အိန္ဒိယ၊မြန်မာ ပြည်၊အင်ဒိုနီးရှား အီဂျစ်စသည့် လွတ်လပ်ခါစ နိုင်ငံများ၊ ဆွစ်ဇာလင်၊ဖင်လန်၊ ဆွီဒင်၊ ဩစတေးရီးယား စသည့် ကြားနေနိုင်ငံများသည် ငြိမ်းချမ်းရေး ဒေသကြီး ဖြစ်လာ သည်။

သို့သော် အမေရိကန် စစ်ဝါဒီတို့သည် လက်လျှော့သည် မဟုတ်ပေ၊ သူတို့၏ ကမ္ဘာ့တင်းမာမှု များလျှော့ပါးလျှင်၊ သူတို့၏ အမြတ်များကို ထိခိုက်မည်၊ သူတို့ကအခြားနိုင်ငံ များကို ချယ်လှယ်နိုင်မှုကို ထိခိုက်မည်ဟု စိုးရိမ်ကြသည်။ ထို့ကြောင့် ကမ္ဘာ့ပြည်သူတို့၏ ကျိုးပန်းမှုကြောင့် ကမ္ဘာ့ တင်းမာမှုလျော့တိုင်း သူတို့သည် တင်းမာမှုအသစ်များကို ဖန်တီးကြသည်၊ ယနေ့အချိန်တွင်နိုင်ငံအသီးသီးအတွင်း

သို့ ဝင်ရောက်စွက်ဖက်ခြင်း၊ (ဥပမာ - ပိုလန်တွင်ထကြွမှု ဖြစ်အောင်မြှောက်ပေးခြင်း) နိုင်ငံငယ်များတွင်၊ ၎င်းတို့၏ ကိုယ်စားလှယ်များကို လက်နက်ဖြင့်အာဏာ သိမ်းပိုက်စေရန် လုပ်ကြံဖန်တီးပေးခြင်း(ဥပမာ- အင်ဒိုနီးရှားတွင် ပါဒ ရာဟတ်အား တင်ခြင်း)နိုင်ငံအချင်းချင်းအတွင်းစစ်မီးမွေး ပေးခြင်း(ဥပမာ-အာရပ်-အစ္စရေးပဋိပက္ခ)တို့ကို ဆက် တိုက်လုပ်နေပေသေးသည်၊ စီးပွါးရေးအကူအညီ မျက်နှာ ဖုံးတပ်၍ မတိုးတက်သေးသော နိုင်ငံများကိုချုပ်ချယ်ရန် တမျိုးတဖုံ ကြိုးပမ်းလျက်ပင် ရှိသေးသည်။ ဆိုဗီယက် ယူနီယံက ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုရန် တင်ပြသည်ကို ငြင်းပယ်သည်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှင့် နိုင်ငံခြား ရေးဝန်ကြီးချင်း ဆွေးနွေးရန်ငြင်းပယ်လျက်ရှိသေးသည်။

ယနေ့အချိန်တွင် နယ်ချဲ့တို့ကစစ်ဖန်တီးမည်ကို တား ဆီးနိုင်သော အင်အားရှိသည့် လူမှုရေး နှင့် နိုင်ငံရေးအင် အားစုကြီးများရှိပေသည်၊ အကယ်၍ နယ်ချဲ့တို့ကစစ်ကို စတင်ခဲ့လျှင်လည်း ၎င်းအင်အားစုများသည် ကျူးကျော် သူများကိုချေမှုန်း၍ နယ်ချဲ့တို့၏ စွန့်စားရေး စီမံကိန်းကို ဖျက်ဆီးနိုင်သည်။ ဤသို့ဆောင်ရွက်နိုင်ရန်အတွက် စစ်ဆန့် ကျင်ရေး အင်အားစုအားလုံးသည် သတိရှိရမည်၊ အဆင် သင့်ဖြစ်ရမည်၊ တပ်ပေါင်းစုအနေဖြင့် လုပ်ကိုင်ရမည်၊ ငြိမ်းချမ်းရေးတိုက်ပွဲတွင် မည်သည့်အခါမျှ အနားမနေရ၊ ပြည်သူတို့သည် ငြိမ်းချမ်းရေးကို ပိုမိုတက်ကြွစွာကာကွယ် လေလေ၊ စစ်သစ်မဖြစ်စေရန် အာမခံချက်များပိုမိုကြီးမား

လေလေပင်ဖြစ်သည်။(အထက်ပါ အစီရင်ခံစာ-စာမျက်နှာ ၄၂-မှ)

(၄)

ပျက်ပြားလာသော ကိုလိုနီစနစ်။

အောက်တိုဘာ တော်လှန်ရေးသည် ကိုလိုနီစံနစ်ကိုပြင်းထန်စွာထိုးနှက်ခဲ့သည်။

ဖက်ဆစ် ဂျာမဏီနှင့် နယ်ချဲ့ဂျပန်တို့ ဒုတိယကမ္ဘာစစ်ကြီးအတွင်း စစ်ရှုံးရခြင်းသည် ကိုလိုနီနှင့် မှီခိုရသောနိုင်ငံများ၏ လွတ်မြောက်ရေးတိုက်ပွဲကို အားသစ်လောင်းပေးသည့် အရေးကြီးသော အသက်ကြီးပင် ဖြစ်သည်။

တရုပ်ပြည်သူ့ သမတနိုင်ငံတွင် တော်လှန်ရေးအောင်မြင်ခြင်းသည် ကိုလိုနီစံနစ်ကို ယိမ်းယိုင်သွားအောင်နောက်တချက် နှက်လိုက်ပြန်သည်။နယ်ချဲ့အတွက် အရှုံးကြီးတခုဖြစ်သည်။(အထက်ပါ အစီရင်ခံစာ စာမျက်နှာ-၂၅-မှ)။

နယ်ချဲ့ အဝန်းအဝိုင်းမှ လွတ်မြောက် ခဲ့ဖြစ်သော ကိုရီးယားနှင့် အင်ဒိုချိုင်းနားတို့တွင် နယ်ချဲ့တို့သည် လက်နက်ဖြင့် ဝင်ရောက်စွက်ဖက် ကျူးကျော်လေသည်၊ သို့သော် ကိုရီးယားနှင့် အင်ဒိုချိုင်းနား ပြည်သူသည် လွတ်မြောက်ရေး တိုက်ပွဲကို ဤသို့လက်နက်ဖြင့် ချေမှုန်းနိုင်သည်မဟုတ် ကိုရီးယား ပြည်သူတို့သည် ကိုရီးယား ဒီမိုကရက်တစ် သမတနိုင်ငံတွင်သော်၎င်း၊ ဗီယက်နမ် ပြည်သူတို့သည် ဗီယက်နမ် ဒီမိုကရက်တစ် သမတနိုင်ငံတွင်၎င်း၊ ပြည်သူ့ ဒီမို

ကရေစီ နိုင်ငံများကို ထူထောင်နိုင်လေသည်၊ ကိုရီးယား နိုင်ငံကွဲနေခြင်း၊ ဗီယက်နမ်တွင် ကွဲမည့်အခြေအနေရှိနေခြင်းမှာ အမေရိကန် နယ်ချဲ့တို့၏ အတွက်ကြောင့်သာ ဖြစ်လေသည်။

အိန္ဒိယ-မြန်မာပြည်-အင်ဒိုနီးရှား-အီဂျစ်-ဆီးရီးယား-လီဘာနွန်-ဆူဒန်-မော်ရိုကို-တူနီးရှား- စသည့်နိုင်ငံများသည်လည်း နိုင်ငံရေးလွတ်လပ်မှုကိုရရှိခဲ့ပေသည်။ယခင်က ကိုလိုနီများနှင့် ကိုလိုနီတပိုင်းနိုင်ငံများ၏ ပြည်သူများ နိုင်ငံရေး လွတ်လပ်မှု ရရှိခြင်းသည် လုံးဝလွတ်လပ်ရေး အတွက် ပဌမဆုံးနှင့် အရေးကြီးလိုအပ်ချက်ဖြစ်သည်။ (အထက်ပါအစီရင် ခံစာ စာမျက်နှာ-၂၆-၂၇)မှ။

ယခုအချိန်တွင် ဤနိုင်ငံများအတွက်အထူး ကောင်းမွန်သည့် အခြေအနေတရပ်ရှိ၏။ ယနေ့အချိန်တွင် ကမ္ဘာ့ ဆိုရှယ်လစ်စံနစ်သည်၊ ကမ္ဘာ့အရင်းရှင်စံနစ်နှင့် ယှဉ်ပြိုင်နေရာ ကမ္ဘာ့အရင်းရှင်စံနစ် အဝန်းအဝိုင်း အတွင်းတွင်ပင် ရှိစေကာမူ၊ ဤနိုင်ငံများသည် လွတ်လပ်သော စီးပွါးရေး (နယ်ချဲ့အပေါ်တွင် အမှီခိုကင်းခဲ့သော စီးပွါးရေး)ကို ထူထောင်ရာ၌ ပြည်သူတို့၏ နေထိုင်စားသောက်မှု အဆင့်အတန်းကို မြှင့်တင်ရာ၌ ဆိုရှယ်လစ် လောကကို အားထားနိုင်ပေသည်။ ယခင်ကကဲ့သို့ အရင်းရှင် လောကတခုတည်းကိုသာ အားထား၍ နယ်ချဲ့တို့က ချယ်လှယ်ခြင်းကိုသာခံနေရသည်မဟုတ်တော့ပေ။

ဤကဲ့သို့သော အခြေအနေတွင် ဤနိုင်ငံများ၏ လွတ်လပ်မှု ပိုမိုမြင့်မားလာသည်။ ဤနိုင်ငံများသည် လွတ်လပ်

သော နိုင်ငံခြားရေး ဝါဒကို ထိုက်နိုင်လာသည်။ နယ်ချဲ့တို့ ဖန်တီးထားသော စစ်အုပ်စုများထည်းသို့ မဝင်ဘဲနေနိုင်သည်။ ဤနိုင်ငံများသည်အသက်ဝင်သော ကမ္ဘာ့ငြိမ်းချမ်းရေးအင်အားစုများ ဖြစ်လာသည်။

ဆိုဗီယက် ရုရှားနှင့် ဆိုရှယ်လစ်လောက ကလည်း ဤနိုင်ငံများက လွတ်လပ်သော စီးပွါးရေးကို ထူထောင်ရန်ပြည်သူတို့၏ နေထိုင်စားသောက်ရေး အဆင့်အတန်းကို မြင့်တင်ရန်ကြိုးပမ်းရာ၌လက်တွေ့အကူအညီပေးလေသည် စက်မှုလုပ်ငန်း တည်ထောင်ရာတွင်ရှင်း (အိန္ဒိယ ပြည်သို့ သံရည်ကြိုစက်)အတတ်ပညာသင်ကြားပေးရာ၌ရှင်း၊အိန္ဒိယ မြန်မာပြည်စသည်တို့ကို ပညာကျော်များပို့ခြင်း၊ ဤနိုင်ငံများကအမြိကထား၍ ရောင်းရသောပစ္စည်းများကို အခက်အခဲနည်းစွာနှင့်ရောင်းချနိုင်ရန်ရှင်း၊(မြန်မာပြည်မှဆန်ရောင်းခြင်း)ဤနိုင်ငံများက လိုအပ်သော ကုန်ပစ္စည်းများကို ဈေးမှန်ဖြင့် ဝယ်နိုင်စေရန်ရှင်း၊ ကူးသန်းရောင်းဝယ်ရေးစာချုပ်များ လက်တွေ့အကူအညီပေးလေသည်၊ဤအကူအညီသည် တန်းတူညီတူနှင့် နှစ်ဦးနှစ်ဝအကျိုးရှိစေပြီး၊ပြည်တွင်းရွက် ဘက်မှုကင်းသော အကူအညီဖြစ်ပေသည်။ ဤသို့သော အကူအညီများကြောင့် ဤနိုင်ငံများသည် နယ်ချဲ့တို့ချယ်လှယ်မှု ပို၍ကင်းစင်လာနိုင်သည်။ သက်သေမှာ အီဂျစ်က အကျွမ်းရေကာတာကို ဆောက်လုပ်ရာတွင် အမေရိကန် ဗြိတိသျှနယ်ချဲ့တို့က ငွေထောက်ပံ့မည်ဆို၍ နိုင်ငံရေး စီးပွါးရေး ချုပ်ချယ်မှုများဖြင့် ချုပ်နှောင်လာသောအခါ၊ အီဂျစ်သည် ထိုအကူအညီမျိုးကို ရဲဝံ့စွာပင် ပါယ်၍ပစ်

နိုင်သည်။ ရေကာတာ ဆောက်လုပ်ရန်အတွက် ရူးအက်တူးမြောင်းကို နိုင်ငံပိုင်လုပ်ပိုက်ပြီး ဆိုဗီယက်ယူနီယံနှင့် ဆိုရှယ်လစ်လောကထံမှ စီးပွါးရေး ကူညီမှု မရှိပါမူ ဤသို့ရဲဝံ့စွာပါယ်နိုင်မှ ပါယ်ပေလိမ့်မည်။

ဤသို့လျှင် ကိုလိုနီစနစ်သည် ပျက်ပြားလာသည်၊ နယ်ချဲ့တို့သည် အကြပ်အတည်းတွေ့လာပေသည်။ဤအခြေအနေတွင် နယ်ချဲ့တို့သည် အနည်းငယ်သော လိုက်လျောမှုများကို ပြုလုပ်ရပေမည်။ ထို့ကြောင့်လည်း အမေရိကန် အစိုးရ အဖွဲ့ အတွင်းတွင် လမ်းစဉ်ပြန်လည်စစ်ဆေးမှုများ ပြုလုပ်နေရပေသည်။နှောင်ကြိုးမဲ့ အထောက်အပံ့ပေးရန်လိုသည် စသည်ဖြင့် အမေရိကန် သတင်းစာအချို့က ရေးသားလာကြသည်။ ဤအချက်ကို ကျွန်ုပ်တို့အထူးသတိကြီးစွာထား၍ လေ့လာရပေမည်။

ယနေ့ အချိန်အထိ အမေရိကန် အထောက်အပံ့ဆိုသည်မှာ မည်သို့သော အထောက်အပံ့နည်း။

၁။ အမေရိကန်တို့၏ ကုန်ပိုများကို ရောင်းနိုင်စေသည်၊ သို့နှင့်အမျှ အခြားနိုင်ငံများ၏ကုန်များကို မရောင်းနိုင်အောင်လုပ်သည်။ ဈေးနှာများကိုလုသည်။

၂။ ကုန်ကြမ်းပစ္စည်းများကို အခွင့်သာစွာဝယ်စေနိုင်သည်၊ သို့နှင့်အမျှ မတိုးတက်သေးသော နိုင်ငံများကို ကုန်ကြမ်းထုတ်ရာ ကုန်ချောဝယ်သုံးရာ နေရာအဖြစ်ဆက်လက်ထားရှိသည်။

၃။ စီးပွါးရေး၊နိုင်ငံရေး၊စစ်ရေး၊အခွင့်အရေးများကို

တောင်းခံ၍ အထောက်အပံ့ခံ နိုင်ငံများကို ချယ်လှယ်သည်။ အမေရိကန်အထောက်အပံ့ရာဇဝင်က အထက်ပါအချက်များကိုထုတ်ဖော်ပြနေသည့်မှာ နိုင်ငံတိုင်း၏အသိပင်ဖြစ်သည်။ ဤတွင်ဆိုရှယ်လစ်လောက၏ စီးပွါးရေး အကူအညီရရှိနိုင်သည်ဟု သိရှိသောအခါ၊ မတိုးတက်သေးသော နိုင်ငံများသည် အမေရိကန် အထောက်အပံ့ကို လက်မခံဘဲ နေကြသည်။ ဤတွင် အမေရိကန်နယ်ချဲ့တို့သည် ပရိယာယ်သစ် တွင်လာကြသည်။ သို့ရာတွင် ဤပရိယာယ်မှာ ၎င်းတို့၏ ရည်ရွယ်ချက်ဖြစ်သော ကုန်ကြမ်းထုတ်လုပ်ရာ နယ်ချဲ့လုပ်ကုန်ချော စားသုံးရာဒေသအဖြစ်ထားရှိရေး၊ ဈေးနှာလုရေး စီးပွါးရေး၊ နိုင်ငံရေး၊စစ်ရေး၊ လက်အောက်ခံ နိုင်ငံဖြစ်စေရေးတို့ကို စွန့်ပါယ်ခြင်းမဟုတ်၊လက်ဝါးကြီးအုပ်အရင်းရှင်တို့၏အစကပင် ကိုယ်ရည်ရွယ်ချက်များကိုပေါက်ပွါးပေးနေသည်။ ထို့ကြောင့်နယ်ချဲ့တို့၏ပရိယာယ်မှာ ဤရည်ရွယ်ချက်များကို မမြင်စေရန် ဆေးခါးလုံးပေါ်တွင်သကြားဖြူးပေးမှုသာဖြစ်သည်။ဥပမာနွားခေါင်ကြိုးမဲ့ ချေးငွေအနည်းငယ်ခန့်ကိုငါးစာအဖြစ် ဖြစ်နိုင်သည်။ ထို့ကြောင့် အမေရိကန် ရည်ရွယ်ချက်ပြောင်းသည်ဟု မဆိုနိုင်။ ထို့နောက်ဆက်၍ ပိုမိုတင်းကြပ်သော အချုပ်အချယ်များ ဝင်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင်။

ဤသို့သော နယ်ချဲ့ပရိယာယ်မျိုးကို မိနေသေးသည့် နိုင်ငံများရှိသေးသည်။ ဥပမာ-ယိုးဒယား သို့ရာတွင်အခြား နိုင်ငံများ၏ ဥပမာကသော်၎င်း၊ ယိုးဒယား ပြည်သူတို့၏ လက်တွေ့ကသော်၎င်း၊ အမှန်တရားကို ပို၍ပို၍ ပေါ်လွင်အောင်ဖော်ထုတ် ပေးနေသည်။ ထို့ကြောင့် ယနေ့ဆိုလျှင် ယိုးဒယားသည် တရုပ်ပြည် နှင့် ဆက်ဆံရန် အစပျိုးလာသည်ကိုတွေ့ရပေသည်။

ယနေ့အချိန်တွင် အာဖရိကတိုက်ရှိ နိုင်ငံအများအပြား အာရှနိုင်ငံအချို့နှင့် တောင်နှင့်အလယ်ပိုင်း၊ အမေရိကတိုက်ရှိနိုင်ငံများတို့သည်၊ ကိုလိုနီ ဘဝတွင်၎င်း၊ မှီခိုရသေးသည့် ဘဝတွင်၎င်း တည်ရှိ နေပေသေးသည်။ ဤနိုင်ငံများအားနယ်ချဲ့တို့က အတင်းအကြပ်ချုပ်ချယ်မိနိုင်၍၎င်းတို့၏ ကုန်ကြမ်းထုတ်ရာ၊ ကုန်ချောရောင်းရာ ဒေသများအဖြစ် ထားရှိသည်။ ထိုနိုင်ငံများ၏ ပြည်သူများကို ရက်စက်စွာ သွေးစုတ် အမြတ်ထုတ်ခါ လူစဉ်မမှီသည့် အဆင့်အတန်းတွင်ထားသည်။ သို့ရာတွင် ဤနိုင်ငံများရှိ ပြည်သူများသည် တနေ့ထက်တနေ့ ထူးကဲစွာလှုပ်ရှား၍၊နယ်ချဲ့တို့ကိုဆန့်ကျင်လာကြပေသည်။

ဤသို့လျှင်နယ်ချဲ့တို့၏ ကိုလိုနီ စနစ်သည် ပျက်ပြားလာပေသည်။ သို့ရာတွင်နယ်ချဲ့တို့က အသာတကြည်လျှော့ပေးသည်မဟုတ်ပေ။

နယ်ချဲ့တို့သည်၊ ကိုလိုနီ လွတ်မြောက်ရေး အင်အားစုများကို လက်နက်ဖြင့် နှိပ်ကွပ်လာသည်။ ဥပမာ၊ ကင်ယာ

မလေးယား စသည့်အချို့နေရာများတွင် လုပ်ကြံမှုများဖန်တီး၍ နယ်ချဲ့လက်ပါးစေများကိုသာ အာဏာ သိမ်းစေ၍၊ နယ်ချဲ့အခွင့်အရေးများကို ကာကွယ်စေသည်။ ဥပမာ ဂေါ်တီမာလာ စီးပွားအကူအညီဟု ဟန်ပြကြွေးကြော်၍ မတိုးတက်သေးသည့် နိုင်ငံများတွင်ဝင်ရောက်ခါ ချယ်လှယ်ကြသည်။

ဆီးတိုးစာချုပ် - ဘက်ဒက်စာချုပ်စသည်ဖြင့် စစ်အုပ်စုများဖွဲ့၍ ၎င်းအဖွဲ့များတွင်ပါသော မတိုးတက်သည့်နိုင်ငံများ ကိုလိုနီသဘွယ်ချုပ်ချယ်သည်၊ မပါသည့်နိုင်ငံများကို ခြိမ်းခြောက်သည်။

မတိုးတက်သည့် နိုင်ငံများကို အချင်းချင်း တိုက်ပေးသည်။ ဥပမာ-အိန္ဒိယ-ပါကစ္စတန်။

နောက်ဆုံး၌ မတိုးတက်သည့် နိုင်ငံများနှင့် ဆိုရှယ်လစ်လောကကိုတိုက်ပေးသည်။ ဥပမာ-ကွန်မြူနစ် ဆန့်ကျင်ရေးဝါဒဖြန့်ချိချက်။

ဤသို့လျှင် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းသော်ငြားလည်း-နယ်ချဲ့တို့သည် အောင်မြင်မည်မဟုတ်ပေ။ နယ်ချဲ့အချင်းချင်း ကိုလိုနီနယ်ပါယ်များကို လုကြသည့် အစွက် ဥပမာ၊ အာရပ်နိုင်ငံများတွင်၊ ဗြိတိသျှတို့၏ နေရာများကို အမေရိကန် နယ်ချဲ့တို့က ဝင်ရောက်သိမ်းပိုက်မှု)။ နယ်ချဲ့တို့အင်အားဂ သည် ယုတ်လျော့သည်။

မတိုးတက်သေးသော နိုင်ငံများ၏ပြည်သူတို့သည်။ နယ်ချဲ့တို့ကို စည်းစည်းရုံးရုံးဖြင့် ဆန့်ကျင်ခုခံနေကြသည်။ ဘန်ဒေါင်းကွန်ဖရင့်သည် မတိုးတက်သေးသော နိုင်ငံများ၏

ပြည်သူများက နယ်ချဲ့တို့အား ပြန်လည်ထိုးနှက်လိုက်ခြင်း ပင်ဖြစ်သည်။

ကမ္ဘာ့ဒီးယားနှင့် ဆိုရှယ်လစ်လောက နိုင်ငံများနှင့် မိတ်ဆွေဖြစ်စာချုပ် ချုပ်ဆိုခြင်း၊ ပသက်လာဒေ့ရှိတွင် ပြည်သူတို့၏ ပြည်တွင်းစစ် ရပ်စဲရေး၊ ရပ်စဲမှုကြောင့်ပြည်တွင်း ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခြင်း၊ ယီမင်ပြည်သူတို့သည် စစ်အခြေခံများကို ဆန့်ကျင်လာခြင်း၊ မတိုးတက်သေး သည့် နိုင်ငံများနှင့် ဆိုရှယ်လစ်လောက ဆက်သွယ်မှုသည် တနေ့တခြား တိုးတက်နေသည်။ ဥပမာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံအား အာရပ်နိုင်ငံများက အသိအမှတ်ပြုခြင်း၊ ပိုမိုကြီးမားလာသော စီးပွါးဆက်သွယ်မှုများ။

နယ်ချဲ့တို့က မည်သို့ပင် ကြိုးပမ်းစေကာမူ ကိုလိုနီစနစ် သည် နလံထူနိုင်တော့မည် မဟုတ်ပေ။

(ဓ)

မြန်မာပြည်။

ဤကဲ့သို့သော ကမ္ဘာ့အခြေအနေတွင် ငါတို့၏ တာဝန်များကား မည်သို့နည်း။

မြန်မာပြည်သည် အရှေ့တောင်အာရှ အတွင်းတွင် ရှိသော်လည်း တိုးတက်ရန် ကြိုးပမ်းနေသည့် လွတ်လပ်ခါစ မတိုးတက်သေးသည့် နိုင်ငံဖြစ်သည်။ မြန်မာပြည်၏ နိုင်ငံရေး လွတ်လပ်မှုကို ပိုမို ခိုင်မာစေရန်နှင့် စီးပွါးလွတ်လပ်မှုရရှိရေးအတွက် ကြိုးပမ်းရန် ရည်မှန်း၍ ကမ္ဘာနှင့်

အဝှမ်း ငြိမ်းချမ်းရေး တည်မြဲစေရန် ကြိုးပမ်းဘို့ လိုပေသည်။ အထူးသဖြင့်......

(က) ဆိုဗီယက် ရုစ်ရှား၊ တရုပ်ပြည်သူ့ သမတနိုင်ငံ ခေါင်းဆောင်သော ဆိုရှယ်လစ် လောကနှင့် ဆက်သွယ်မှု ပိုမိုကျယ်ပြန့် ခိုင်မာ လာ စေ ရန် ကြိုးပမ်းရမည်။

(ခ) အာရှ၊ အာဖရိက နိုင်ငံများ၏ ညီညွတ်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှု ပိုမိုလာစေရန် ကြိုးပမ်းရမည်။

(ဂ) ဆီးတိုးစစ်အုပ်စုကို ဆန့်ကျင်၍ အာရှ ရုံပေါင်း လုံခြုံရေး စနစ်တရပ်ဖြစ်ပေါ်စေရန် ကြိုးပမ်းရမည်။

(ဃ) အနုမြူလက်နက် ဟိုက်ဒရိုဂျင် လက်နက်များကို ပိတ်ပင်စေ၍ အနုမြူအင်အားကို လူသားတို့၏ အကျိုးအတွက် အသုံးပြုစေရန် ကြိုးပမ်းရမည်၊ စစ်သက်နက်များကို လျှော့ပေါ့စေ၍ ထိုလျှော့ပေါ့မှုကြောင့်သက်သာလာမည့် ငွေကြေးများကို မဖွံ့ဖြိုးသေးသော နိုင်ငံများအတွက် အသုံးပြုစေရန် ကြိုးပမ်းရမည်။

INTERNATIONAL TRENDS.

(1) Consolidation of Progress of Socialist System.
(2) Intensification of the Crisis of Imperialism.
(3) If Mainslay of Colonialism in Decay.

(4) Prevailing of Peace and Democraic Forces-Possibility of Preventing war.
(5) Transition to Socialism Democratically.

ကွန်ဖရင့်ခံစာတမ်း အမှတ်-၂-(က)

အပိုင်း(၂)

ပြည်တွင်းရေးရာ။

(က)

ပြည်တွင်းရေးရာ အခြေအနေကို စစ်ဆေးရာ၌ ပြောင်းလဲမှုများကို အတိုချုပ် ပီစစ်၍ယနေ့မည်သို့ အခြေအနေရှိသည်ကို စစ်ဆေးရန် လိုပေသည်။

(ခ)

နိုင်ငံရေး လွတ်လပ်မှု။

၁၉၄၈-ခုနှစ်၊ ဇန်နဝါရီလ၊ ၄-ရက်နေ့တွင် အချုပ်အချာ အာဏာပိုင် လွတ်လပ်သော ပြည်ထောင်စု သမတနိုင်ငံတော်ဟု ကြွေကြော်နိုင်ခြင်းမှာ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း၌ လူမျိုးစုတိုင်း လူတန်းစားတိုင်း ပါဝင်သော ပြည်သူလူထုကြီးက လွတ်လပ်ရေးအတွက် ကြီးမားစွာ အုံကြွတိုက်ပွဲဝင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ၎င်းအုံကြွမှုကို မြင်သော ဗြိတိသျှနယ်ချဲ့တို့က အလျှော့ပေးခါ မြန်မာပြည်အား နိုင်ငံရေး လွတ်လပ်မှုကို ပေးရခြင်းဖြစ်သည်။

သို့သော် ဗြိတိသျှနယ်ချဲ့သည်၊ မလွတ်လပ်သော ပြည်သူများ လွတ်လပ်ရေးကို ယိုလား၍ ပေးသည်မဟုတ်၊ မတတ်သာ၍ အလျှော့ပေးရသဖြင့် ပေးရသည့် နိုင်ငံရေးလွတ်လပ်မှုကိုပင် ဖျက်ဆီးရန် အချုပ်အနှောင် အမျိုးမျိုးတို့ကိုတည်ထွင်သည်၊ လက်ျာဖရီးမင်းစာချုပ်အရ စစ်ရေးကိစ္စများတွင်သော်၎င်း၊ နူ အက်တလီစာချုပ်အရ နိုင်ငံရေးစီးပွါးရေးကိစ္စများတွင်သော်၎င်း၊ မြန်မာပြည်အား ဗြိတိသျှနယ်ချဲ့ ဩဇာ စက်ကွင်းအတွင်းမှ မလွတ်အောင် ချုပ်နှောင်ပြီး ဤသို့ အချုပ်အနှောင်ခံရသည်မှာ ဖ-ဆ-ပ-လ-ဆိုရှယ်လစ်တို့က ဗြိတိသျှ နယ်ချဲ့တို့နှင့် စေ့စပ်ခြင်းကြောင့်သာ ဖြစ်သည်။

ထို့ကြောင့်လည်း လွတ်လပ်သော ပြည်ထောင်စု မြန်မာနိုင်ငံသည် အချုပ်အချာ အာဏာကိုအသုံးပြုရာ၌ လွတ်လပ်ပြီးခါစ နှစ်များတွင်နယ်ချဲ့အကြိုက် ပြည်တွင်းစစ်ဖြစ်ပွါးစေရန် အခြေအနေကို ဖန်တီးခဲ့သည်၊ အင်္ဂလိပ်၊ အမေရိကန် နယ်ချဲ့ နောက်လိုက် အဖြစ်သာ အသုံးပြုခဲ့သည်၊ ထို့ကြောင့်ပင် ကိုရီးယား စစ်နှင့်ပတ်သက်၍ မူလက အင်္ဂလိပ်အမေရိကန် နယ်ချဲ့တို့ကိုထောက်ခံသည်။ အမေရိကန် အီး-စီ-အေ အကူအညီကိုယူသည်၊ အမေရိကန် လက်ကိုင်ဒုတ် ကူမင်တန် စစ်တပ်များက ကျူးကျော်မှုကို မခုခံခဲ့၊

သို့သော် ပြည်သူလူထုသည်ကား ဤလမ်းစဉ်ကို ဆန့်ကျင်ကြသည်၊ ကြီးမားသော ငြိမ်းချမ်းရေး တိုက်ပွဲများကို ဆင်နွှဲခဲ့ပေသည်၊ အနုမြူလက်နက် ပိတ်ပင်ရေးဆန္ဒပြ

ပွဲ၊ ကိုရီးယားစစ်ရပ်စဲရေးဆန္ဒပြပွဲ၊ ကူမင်တန် ဆန့်ကျင်ရေးဆန္ဒပြပွဲကြီးများသည် သက်သေပင်ဖြစ်သည်။

လက်နက်ကိုင်တော်လှန်ရေးကိုလည်း ဤ ဆန္ဒပြခြင်း၏ ပုံသဏ္ဍာန်တရပ်ဟု အဓိပ္ပါယ် ကောက်ယူအပ်ပေသည်။

ဤဆန္ဒပြပွဲကြီးများကြောင့်၊ ဖ-ဆ-ပ-လ-ဆိုရှယ်လစ် အစိုးရသည် ၎င်း၏လမ်းစဉ်ကို ပြောင်းရသည်။ ကမ္ဘာ့ ငြိမ်းချမ်းရေး ထိမ်းသိမ်းကာကွယ်ရေးအတွက် ဆောင်ရွက်လာရသည်။ ကိုရီးယားစစ်ကို ဆန့်ကျင်လာရသည်၊ ကူမင်တန်ကျူးကျော်ရေးစစ်တပ်များကို ခုခံတိုက်ခိုက်လာရသည်၊ အီး-စီ-အေ-ကို ဖျက်သိမ်းလာရသည်၊ နူ-ချူ ‘မှ’ ငါးချက်ကို လက်ခံလာရသည်။ ဘန်းဒေါင်း ကွန်ဖရင့်တွင် အရေးပါသောနေရာမှ ပါဝင်ခဲ့ရသည်၊ ဆိုရှယ်လစ်နိုင်ငံများနှင့် ပိုမိုရင်းနှီးစွာဆက်သွယ်လာရသည်၊

ပြည်သူလူထု၏ ငြိမ်းချမ်းရေး တိုက်ပွဲကြောင့် မြန်မာပြည်၏ လွတ်လပ်ရေးနှင့် အချုပ်အချာ အာဏာပိုင်ရေး ပိုင်ဆိုင်ရေးကို ခိုင်မာစေသည်၊

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရေး လမ်းစဉ်ကိုလိုက်သောနိုင်ငံ၊ တနည်းအားဖြင့်ဆိုသော် ငြိမ်းချမ်းရေးဒေသတွင် ပါဝင်သော နိုင်ငံများသည် မိမိတို့၏ လွတ်လပ်ရေး နှင့် အချုပ် အချာ အာဏာ ပိုင်ဆိုင်ရေး အတွက် အာမခံချက်များကိုရရှိသည်၊ ဤအချက်ကို အထူး ဂရုပြုရန်လိုပေသည်။

သို့ရာတွင် နယ်ချဲ့တို့သည် မြန်မာပြည်အပေါ်တွင် မျှော်လင့်ချက်ကုန်သည် မဟုတ်ပေ။ ဖ-ဆ-ပ-လ-ဆိုရှယ်လစ်

တို့၏ ကွန်မြူနစ်ဆန့်ကျင်ရေး သဘောထားနှင့် လုပ်ငန်းစဉ်ကိုအမှီပြု၍ မြန်မာပြည်အား ၎င်းတို့စက်ဝိုင်းအတွင်း ပြန်လည်သွင်းရန် ကြိုးပမ်းလာသည်။

ပြည်တွင်းစစ် လမ်းစဉ်ကြောင့် ဖ-ဆ-ပ-လ- ဆိုရှယ်လစ်အစိုးရ၏ ဘဏ္ဍာရေး ကြပ်တည်းမှုကို အခွင့်ကောင်းယူ၍ အထောက်အပံ့ချေး ‘နှောင်ကြိုးမဲ့’ ချေးငွေများဖြင့် မျှားလာသည်။ ကမ္ဘာ့ဘဏ်မှချေးငွေ၊ အမေရိကံ ဝါရွမ်းထောက်ပံ့ရေး-အမေရိကံမှ ချေးမည်ဆိုသည့် ငွေစသည်တို့သည်၊ သက်သေပင်ဖြစ်သည်။ ဤ အကူအညီများသည် ‘နှောင်ကြိုးမဲ့’ အကူအညီများမဟုတ်ပေ၊ ကွန်မြူနစ်ဆန့်ကျင်ရေး ပြည်တွင်း စစ်နက်ရှိုင်းရေး နှောင်ကြိုးကြီးမှာ တပါတည်းပင် ဖြစ်သည်။

သူလျှိုအဖွဲ့အစည်း အမျိုးမျိုးဖြင့် နယ်ချဲ့တို့က ထွင်းဖေါက်နေရာယူခါ၊ ပြည်သူလူထုအတွင်း မှိုင်းသွင်းနေသည်။ အာရှ ဖေါင်းဒေးရှင်း-ဖို့ဒ်ဖေါင်ဒေးရှင်း ပါရဂူ အကူအညီစီမံကိန်းစသည်တို့ဖြင့် အစိုးရဌာနများတွင်၎င်း၊ ပညာရေးဌာနများတွင်၎င်း၊ သတင်းစာ-ရုပ်ရှင်၊ စသည့် ဝါဒဖြန့်ချိရေးဌာနများတွင်၎င်း၊ အမေရိကန်နယ်ချဲ့ သူလျှိုများကို နေရာချထား၍ ကွန်မြူနစ် ဆန့်ကျင်ရေးဝါဒမှိုင်း အမျိုးသား ဆန့်ကျင်ရေး အယူအဆများကို သွတ်သွင်းနေသည်။

ဆိုရှယ်လစ်လောကနှင့် နားလည်မှု ပျက်ပြားအောင် လုပ်ကြံဖန်တီးနေသည်။ တရုပ်မြန်မာနယ်ခြားသတ်မှတ်ရေးသည် ခက်ခဲသည့် ပြဿနာမဟုတ်ပေ။ လွတ်လပ်သော

ပြည်ထောင်စု မြန်မာနိုင်ငံနှင့် လွတ်မြောက်သော တရုပ်ပြည်သူ့ သမတနိုင်ငံ နှစ်နိုင်ငံ၏ ဆက်ဆံရေး အဖြစ်ဖြင့်၎င်း၊ ငြိမ်းချမ်းရေးကို ထိမ်းသိမ်းကာကွယ်လျက် နိုင်ငံအချင်းချင်း ချစ်ကြည်ရေးကို မြှင့်တင်နေသော နိုင်ငံများ အဖြစ်ဖြင့် တနည်းအားဖြင့်ဆိုသော် ငြိမ်းချမ်းရေးဒေသတွင် ပါဝင်နေသော နိုင်ငံများအဖြစ်ဖြင့်၎င်း၊ ဤပြဿနာကို ချမ်းသွာနှစ်ဦးနှစ်ဘက် သဘောတူညီမှုရယူကာ ဖြေရှင်းနိုင်ပေသည်။ သို့ရာတွင်နယ်ချဲ့တို့သည်၊ စစ်မဖြစ်မီက ကူမင်တန်အစိုးရနှင့် ဗြိတိသျှ ကိုလိုနီအစိုးရတို့၏ နယ်ပါယ်လုမှုအပေါ်တွင် မူတည်သော အချက် အလက်များကို အခြေခံ၍ ဤပြဿနာဖြင့် တရုပ်မြန်မာ ချစ်ကြည်ရေးကို ဖျက်ဆီးရန် ကြိုးပမ်းနေသည်။ တရုပ်ပြည်သူ့ သမတနိုင်ငံသည် ကျူးကျော်လိုသော နိုင်ငံဖြစ်သည်ဟု ဝါဒဖြန့်လျက်ရှိသည်။

ဆိုရှယ်လစ်လောကနှင့် ကူးသန်းရောင်းဝယ် ဖေါက်ကားမှုကို ပျက်စီးစေရန် ဖန်တီးလာသည်၊ ဘာတာစံနစ်ကြောင့် နှစ်နာလေဟန် ဆင်ခြေပြနိုင်ရန် ဗြိတိသျှလက်ဝါးကြီး အုပ်အချင်းရှင်များက လက်ဝါးကြီးအုပ် ချယ်လှယ်နေသော နိုင်ငံခြား ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းကိုက မောက်ကမဖြစ်စေသည်။ ဈေးကစား၍ ကုန်ဈေးများကို တက်စေသည်။ ဘာတာစံနစ်ကို မဟုတ်တန်း တရားဝါဒ ဖြန့်လာသည်၊

နယ်ချဲ့တို့၏ ရည်ရွယ်ချက်မှာ မြန်မာပြည်၏ အချုပ်အချာအာဏာပိုင်ဆိုင်ရေးနှင့်လွတ်လပ်ရေ ကိုမြှင့်တင်ပေးသည့် ဆိုရှယ်လစ်နိုင်ငံများနှင့် ပိုမိုရင်းနှီးမှုကိုဖျက်ဆီး၍ မြန်မာပြည်အား ၎င်းတို့၏ထင်းခွေရေခပ် စီးပွါးရေးနယ်ပါယ်အဖြစ်ပြန်လည်ထားရှိရန်ပင်ဖြစ်သည်။

ဤကဲ့သို့သော အခြေအနေတွင်၊ ငါတို့၏တာဝန်မှာ၊--

နယ်ချဲ့တို့၏လုပ်ငန်းကို ဖျက်ဆီး၍ မြန်မာပြည်၏ အချုပ်အချာအာဏာ ပိုင်ဆိုင်ရေးနှင့် လွတ်လပ်ရေးကို မြှင့်တင်ထားရန်ပင် ဖြစ်ပေသည်။

(ဂ)

စီးပွါးရေးလွတ်လပ်မှု။

မြန်မာပြည်သူတို့က လွတ်လပ်ရေး တိုက်ပွဲဆင်နွှဲသည်မှာ လုံးဝလွတ်လပ်ရေး အတွက်ဖြစ်သည်၊ ကိုလိုနီနှင့်ကိုလိုနီတပိုင်း နိုင်ငံများ၏ ပြည်သူများ နိုင်ငံရေးလွတ်လပ်မှုရရှိခြင်းသည်၊ လုံးဝလွတ်လပ်ရေးအတွက် ပဌမဆုံးနှင့်အရေးအကြီးဆုံး လိုအပ်ချက်ဖြစ်သည်။ လုံးဝလွတ်လပ်ရေးဆိုသည်မှာ စီးပွါးရေးလွတ်လပ်မှုပင်ဖြစ်သည်။(အထက်ဖေါ်ပြပါတိုပါအစီရင်ခံစာ စာမျက်နှာ၊ ၂၆၊ ၂၇)။

မြန်မာပြည်၏ စီးပွါးရေးလွတ်လပ်မှုသည် မည်သည့်အခြေအနေတွင်ရှိသနည်း။

စစ်မဖြစ်မှီက(မြန်မာပြည်မလွတ်လပ်မှီက)မြန်မာပြည်၏ စီးပွါးတရပ်လုံးကို ဗြိတိသျှကုမ္ပဏီကြီး ၅၃၆ ခု-လောက်က လက်ဝါးကြီးအုပ် ချုပ်ချယ်ထားသည်။

စစ်မဖြစ်မှီက နိုင်ငံခြားငွေပင်ငွေရင်း။

ဗြိတိသျှ	၆၃ ကုဋေ
အိန္ဒိယ	၅၀ ကုဋေ

ဗြိတိသျှ ငွေပင် ငွေရင်းမှာ၊ ၆၃၊ကုဋေခန့်ရှိသည်။ဗြိတိသျှ ကုမ္ပဏီကြီးများနှင့် လက်တွဲ၍ အိန္ဒိယ အရင်းရှင်ကြီးများကလည်း၊ လယ်ယာမြေလုပ်ငန်းတွင် ချယ်လှယ်ကြသည်။ အိန္ဒိယ ငွေပင် ငွေရင်းမှာ ကုဋေ ၅၀ ခန့်ရှိသည်။ ချစ်တီး ၄၅-ကုမ္ပဏီ ၅။

စစ်မဖြစ်မှီက နိုင်ငံပိုင်ငွေပင်ငွေရင်း။

မီးရထား	၄၅ ကုဋေ
ရန်ကုန်ဆိပ်ကမ်း	၁၀ ကုဋေ
စာတိုက် ကြေးနန်း	
လမ်း	

နိုင်ငံပိုင် လုပ်ငန်းများမှာ မီးရထား၊ ရန်ကုန်ဆိပ်ကမ်း စာတိုက်၊ကြေးနန်းနှင့် လမ်းလုပ်ငန်းများသာဖြစ်သည်။

တိုင်းရင်းသား ပိုင်ငွေပင်ငွေရင်းမှာ လွန်စွာနည်းပါး၍၊ ဆန်စက်၊ သစ်စက်၊ ဆီစက်ငယ်များတွင်သာ မြှုပ်နှံထားသည်။

ပြည်သူလူထုတရပ်လုံးသည် လုပ်အားပေါ်တွင်သာ မှီခို၍ လယ်ယာစိုက်ပျိုးခြင်း၊ စက်ရုံများတွင် အလုပ်လုပ်ခြင်းဖြင့်သာ၊ အဓိက အသက်မွေးဝမ်းကြောင်းပြုနေကြရသည်။

ယခုနှစ်အချိန်တွင်မူ ပြည်သူတို့၏ လွတ်လပ်ရေးတိုက်ပွဲ အရှိန်ကြောင့် စီးပွါးရေး အခြေအနေသည် ပြောင်းလဲလာပေသည်။

ဗြိတိသျှနယ်ချဲ့ငွေပင်ငွေရင်းသည် လျော့ပါးလာသည်။ သစ်တောလုပ်ငန်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လျှပ်စစ် ဓါတ်အားပေးရေးလုပ်ငန်း၊ ဘိလပ်မြေလုပ်ငန်း၊ နိုင်ငံခြားသို့ ဆန်ရောင်းချရေးလုပ်ငန်းစသည်တို့ကိုနိုင်ငံပိုင် ပြုလုပ်၍ဖြစ်သည်။ ကုန်ထုတ်

ဗြိတိသျှငွေပင်ငွေရင်းများ		ကုဋေဂဏန်းများ။
၁။	ကုန်ထုတ်လုပ်ငန်း	၁၃.၃၁
(က)	ဘီအိုစီ၊	၁၃.၂
(ခ)	ဘားမားကော်ပိုရေးရှင်း၊	၃.၅
(ဂ)	မော်ချီမိုင်း	၅.၅-( )
(ဃ)	အင်္ဂလိုဘားမားတင်း	.၁၁
(င)	ရော်ဘာ( )	
၂။	ဘဏ်များ	၁.၉၅
၃။	ကူးသန်းရောင်း၀ယ်ရေး၊	၅.၀၀ ( )
	ပေါင်း	၂၄.၂၆
၄။	ကိုလံဘိုစီမံကိန်း အတွက်ကုန်ကျငွေ၊	.၃၄
	ဗြိတိသျှငွေပင်ငွေရင်းဖြုတ်နှုတ်မှု-ရရပေါင်း	၂၄.၆၀

(မှတ်ချက်၊ မှန်းထားသော ဂဏန်းများ သို့မဟုတ်။ ရှာဖွေမရသေး)

လုပ်ငန်းများတွင်၊ ၁၇.၃၁ကုဋေခန့်၊ ဘဏ်များတွင် ၁.၉၅ကုဋေခန့်၊ကူးသန်းရောင်း၀ယ်ရေး ကုမ္ပဏီများတွင် ၅ကုဋေခန့်ရှိသည်။ကိုလံဘိုစီမံကိန်းနှင့်ပါတ်သက်၍ဖြုတ်နှုတ်သော ငွေပင်ငွေရင်းမှာ ၁၀.၃၄ကုဋေဖြစ်သည်၊

ယနေ့အိန္ဒိယ ငွေပင် ငွေရင်း၊

ချစ်တီး	၁၅-ကုဋေ၊
ကူးသန်းရောင်း၀ယ်ရေး	၅-ကုဋေ၊

ဗြိတိသျှငွေပင်ငွေရင်း လျော့ပါးသွားသကဲ့သို့ပင် အိန္ဒိယ ငွေပင်ငွေရင်းလည်း လျော့ပါးလာသည်။ လယ်ယာမြေများကို နိုင်ငံပိုင်ပြုလုပ်သဖြင့် ချစ်တီး ငွေပင် ငွေရင်းသည် လျော့သွားသည်။ ချစ်တီးပိုင် မြေယာများအပေါ်တွင် အစိုးရကန့်သတ်သည့် လျော်ကြေးနှုန်းထားနှင့်တွက်ကြည့်လျှင်၁၅-ကုဋေခန့်သာရှိတော့သည်။ကူးသန်းရောင်း၀ယ်ရေးလုပ်ငန်းများတွင်၊ အိန္ဒိယ ငွေပင် ငွေရင်းသည် စစ်မဖြစ်မီကထက် တိုးတက်လာသည့် အခြေအနေတွင်ရှိသည်၊ အနည်းဆုံးစစ်မဖြစ်မီကထက် မလျော့နိုင်။

အမေရိကံငွေပင်ငွေရင်းမြုတ်နှံမှုကုဋေ၊

၁။ စစ်ပစ္စည်းတန်ဘိုး၊	၁.၆၅
၂။ အီး-စီ-အေ၊	၁၁.၀၀
၃။ ဝါဂွမ်းရောင်း၊	၁၁.၀၀
၄။ ဆန်ဝယ်၊	၁.၀၀
၅၊ ကမ္ဘာ့ဘဏ်၊	၉.၀၀

တဘက်တွင်မူ အမေရိကံနှင့် ဂျပန်တို့၏ ငွေပင် ငွေရင်း မြုတ်နှံမှုသည် ပုံရိပ်ဟာသည်၊ စစ်အတွင်းက ကျန်ရှိနေသော အမေရိကံ ပစ္စည်းများ၏တန်ဘိုး၊ ၁.၆၅-ကုဋေကို အမေရိကံအစိုးရက၊ မြန်မာပြည်အတွင်း သုံးရန်သဘောတူညီသည်၊ အီး-စီ-အေ-ထောက်ပံ့ငွေသည်၊ ၁၁.၀၀ ကုဋေရှိသည်၊ ဝါဂွမ်းရောင်း၍ တန်ဘိုးကို မြန်မာပြည်တွင်သုံးမည်ဆိုရာ၊ တန်ဘိုးမှာ ၁၁-ကုဋေရှိသည်၊ မြန်မာပြည်မှဆန်ကိုဝယ်၍ ပါရဂူများ၏ အတတ်ပညာလုပ်အားနှင့် ချေမည်ဆိုရာ တန်ဘိုးမှာ ၁-ကုဋေရှိသည်၊ ကမ္ဘာ့ဘဏ်မှချေးငွေမှာ ၉-ကုဋေ ဖြစ်သည်၊ ယခုနေ့စဉ် ချိန်တွင် အမေရိကံမှ ကျပ် ၂၅-ကုဋေ ချေးရန် စကားကမ်းလှမ်းလျက် နေပေသည်၊ အမေရိကံ နယ်ချဲ့တို့သည်၊ ဤငွေများကို မြန်မာပြည်တွင် မြုတ်နှံသည်မှာ၊ မြန်မာပြည်၏ စီးပွါးလွတ်လပ်မှုအတွက် ရည်ရွယ်သည် မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် အမေရိကံ လက်ဝါးကြီးအုပ် အရင်းရှင်တို့၏ အမြတ်အများဆုံး ရရှိရေးသည်၊ မြန်မာပြည်၏ စီးပွါးရေးမလွတ်

လပ်မှုပေါ်တွင် တည်နေ၍ဖြစ်ပေသည်၊ အမေရိကံ နယ်ချဲ့တို့က ဤမျှများပြားသော ငွေများကို၊ မြန်မာပြည်တွင် မြုတ်နှံသည်မှာလည်း မြန်မာပြည်အား၊ အမေရိကံစစ်အုပ်စုတွင်သွတ်သွင်းရန် တနည်းအားဖြင့်ဆိုသော် မြန်မာပြည်၏လွတ်လပ်ရေးကိုဖျက်ဆီး၍၊ အမေရိကံ စစ်အခြေခံစခန်းဖြစ်စေရန်နှင့် မြန်မာပြည်၏စီးပွါးရေးကိုလက်ဝါးကြီးအုပ်ရန်ဖြစ်ပေသည်၊ ဤကောက်နုတ်ချက်ကို ထင်ရှားစေသည့် အချက်မှာအောက်ပါအတိုင်းပင်ဖြစ်သည်၊ ဝါဂွမ်းတန်ဘိုး ၁၁-ကုဋေ ကိုသော်ငင်း၊ မြန်မာပြည်အား ချေးမည်ဆိုသည့် ၂၅-ကုဋေ၏ အစိတ်အပိုင်းကို သော်ငင်း၊ မြန်မာပြည်က အမေရိကံအစိုးရအား၊ ပေးဆပ်ရာ၌၊ မြန်မာကျပ်ဖြင့်ဆပ်မည်ဟုဆို၏၊ ထိုအခါ အမေရိကံအစိုးရ၏ လက်ထဲတွင် မြန်မာကျပ် ကုဋေ ၂၀-မှကုဋေ ၃၆- အကြားတွင်ရှိသည်၊ ဤမျှများပြားသော၊ ငွေရင်းကို ကိုင်ထားသော အမေရိကံအစိုးရသည်၊ မြန်မာပြည်၏၊ စီးပွါးရေးကို၊ အမြစ်ကကိုင်၍ လှုပ်နိုင်သည်မှာ လူတိုင်းသိနိုင်ပေသည်၊

ဂျပန် အရင်းရှင်ကြီးများသည်လည်း မြန်မာပြည်တွင်၊ ဝင်ရောက်လျက်ရှိပေသည်၊ ဂျပန်ငွေပင်ငွေရင်း မည်မျှဝင်ရောက်နေသည်ကို ခန့်မှန်းရန်ခဲယဉ်းသော်လည်း ဝါဂွမ်း၊ပဲစသည်တို့ကို နိုင်ငံခြားသို့ရောင်းချရေးတွင်သော်ငင်း၊ ပုလဲငုတ်လုပ်ငန်း ငါးဖမ်းလုပ်ငန်းစသည့် ဂျပန်၊ဗမာဖက်စပ်လုပ်ငန်းများတွင်သော်ငင်း၊ဝင်ရောက်လုပ်ကိုင်နေသည်မှာ လက်တွေ့ပင်ဖြစ်သည်၊ ထို့အပြင် ဂျပန် စစ်လျော်ကြေး

စာချုပ်အရ ချုပ်နှင့်ငွေရင်း-၂၅ကုဋေနှုတ်နိုင်မည်ဟု ဆို၏။ စစ်ကျော်ကြေး အဖြစ်ရရှိသော ကုဋေ ၁၀၀သည်လည်း များသောအားဖြင့် ချုပ်နှင့်ငွေရင်း မြှုတ်နှံရေးတွင် လွယ်ကူစေရန်အတွက်၊ ချုပ်နှံ ပညာကျော်များ ပင့်ဖိတ်စရိတ်သာ များမည်ဖြစ်ပေသည်။

ဤသို့လျှင် နိုင်ငံခြားငွေရင်း မြှုတ်နှံမှုသည်၊ ပြောင်းလဲလာ၏ ဤပြောင်းလဲမှုကို သဏ္ဌာန်ချ၍ကြည့်သော် မည်သို့တွေ့မည်နည်း။

(က) မြန်မာပြည်သည်၊ နိုင်ငံခြား လက်ဝါးကြီးအုပ်အရင်းရှင်များ၏ ငွေပင်ငွေရင်းမြှုတ်နှံရာ ဒေသပင်ဖြစ်နေသေးသည်။ထို့ကြောင့် မြန်မာပြည်၏ စီးပွါးရေးသည် မလွတ်သေးပေ-

(ခ) နိုင်ငံခြား လက်ဝါးကြီးအုပ် အရင်းရှင် အချင်းချင်းသည်၊ ညီညွတ်သည်မဟုတ် ဗြိတိသျှလက်ဝါးကြီးအုပ် အရင်းရှင်များ ကျဆုံးရာနေရာတွင် အမေရိကံ လက်ဝါးကြီးအုပ် အရင်းရှင် ဝင်ရောက်လာသည်မှာ၊ လက်တွေ့ပင်ဖြစ်ပေသည်။

နိုင်ငံပိုင် ငွေပင်ငွေရင်း အခြေအနေ ပြောင်းလဲမှုသည်ကား ဝိုရိကြီးကျယ်ပေသည်။

ယခုနိုင်ငံပိုင် ငွေပင်ငွေရင်း	ကျပ် ကုဋေ
၁။ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ နှင့်အသံလွှင့်လုပ်ငန်း၊	၁၁၇.၇၀
၂။ အိမ်ရာဆောက်လုပ်ရေး ရေးစသည့် လုပ်ငန်းများ	၂၈.၃၆
၃။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ	၄.၄၀
၄။ စက်မှုလုပ်ငန်းများ	၃၆.၇၁
၅။ နိုင်ငံခြားသို့ရောင်းချရေး	၄၀.၀၀
၆။ နိုင်ငံခြားမှကုန်သွင်းရေး	၄.၆၅
၇။ ဘဏ်အာမခံနှင့် ငွေချေးလုပ်ငန်း	၂၀.၁၇
ပေါင်း၊	၂၄၃.၀၀

မီးရထားကုန်းလမ်းနှင့် စာတိုက်ကြေးနန်းသာ မကရေကြောင်း၊ လေကြောင်း၊ ပင်လယ်ကြောင်းလုပ်ငန်းများတွင်လည်း နိုင်ငံတော်က ဝင်ရောက် လုပ်ကိုင်လာရလေသည်။ အိမ်ရာဆောက်လုပ်ရေး ရေးစသည်တို့တွင် လည်း နိုင်ငံတော်က ဝင်ရောက်လုပ်ကိုင်လာသည်။လယ်ယာတိုးတက်ရေးအတွက်လည်း၊ နိုင်ငံပိုင်ငွေရင်းမြှုတ်သည်၊ စက်မှု လုပ်ငန်းများစွာကိုလည်း နိုင်ငံပိုင်အဖြစ် တည်ထောင်သည်၊ဆန်၊သစ်၊သတ္တုတို့ကို နိုင်ငံခြားသို့ ရောင်းချရာ၌၎င်း နိုင်ငံခြားမှ ထွက်ကုန်များကို သွင်းယူရာ၌၎င်း၊ နိုင်ငံတော်က လုံးဝအုပ်ချုပ် လုပ်ကိုင်လာသည်၊ ပြည်ထောင်စုဘဏ် ကုန်သွယ်ရောင်းဝယ်ရေးဘဏ်၊ လယ်ယာစိုက်ပျိုးရေးဘဏ်စသည်တို့ကိုလည်း တည်ထောင်လာသည်။

ဤနိုင်ငံပိုင် ငွေပင်ငွေရင်းသည် နိုင်ငံခြားလက်ဝါးကြီးအုပ် ငွေပင်ငွေရင်း၏ နေရာကိုယူသည်။ သစ်တော ဧရာဝတီစသည့် ဗြိတိသျှလက်ဝါးကြီးအုပ် ကုမ္ပဏီများကို နိုင်ငံပိုင်ပြုလုပ်ခြင်းက သက်သေပြသည်။

ဤနိုင်ငံပိုင် လုပ်ငန်းများတွင် နိုင်ငံခြား လက်ဝါးကြီးအုပ် အရင်းရှင်များ၏ နေရာကို နိုင်ငံအစိုးရက ယူသည်။ သစ်လုပ်ငန်းတွင် ဘီ ဘီ၊ တီ၊ စီ၊ နေရာတွင် သစ်လုပ်ငန်းအဖွဲ့က ဝင်ရောက်သည်။

ဤအချက်များကြောင့် နိုင်ငံလုပ်ငန်းများသည် နိုင်ငံခြား လက်ဝါးကြီးအုပ် အရင်းရှင်များနှင့် အခြေခံအားဖြင့်ဆန့်ကျင်ပေသည်။ နိုင်ငံပိုင်လုပ်ငန်းများသည် စက်မှုလုပ်ငန်းများဖြစ်လျှင် ၎င်းပင်နိုင်ငံခြား လက်ဝါးကြီးအုပ် အရင်းရှင်များနှင့် ဆန့်ကျင်သည်။ ဤတွင် မြန်မာပြည် ကဲ့သို့သော နိုင်ငံရှိ နိုင်ငံပိုင်လုပ်ငန်း၊ အမေရိကန်နိုင်ငံရှိ နိုင်ငံပိုင်လုပ်ငန်း ကွဲပြားမှုကို သတိပြုရပေမည်။ အမေရိကန်နိုင်ငံရှိ နိုင်ငံပိုင်လုပ်ငန်းများသည် အမေရိကန် လက်ဝါးကြီးအုပ် အရင်းရှင်တို့ကို တိုက်ရိုက်အကျိုးပြုသော လုပ်ငန်းများသာ ဖြစ်သည်။ ထို့ကြောင့်လက်ဝါးကြီးအုပ် ငွေပင်ငွေရင်းကို အားပေးသော လုပ်ငန်းများဖြစ်သည်။ မြန်မာပြည်ကဲ့သို့သော မတိုးတက်သေးသည့် လွတ်လပ်ခါစ နိုင်ငံများ၏ နိုင်ငံပိုင်လုပ်ငန်းများသည် နိုင်ငံခြား လက်ဝါးကြီးအုပ်အရင်းရှင်များနှင့် ဆန့်ကျင်သည်။ ထို့ပြင် နိုင်ငံပိုင်လုပ်ငန်း ဖြစ်ပေါ်ရခြင်းမှာ တိုင်းရင်းသား အရင်းရှင်များ အားနည်းခြင်းကြောင့် ဖြစ်သကဲ့သို့ တဘက်တွင်လည်း နိုင်ငံပိုင်

လုပ်ငန်းများသည် တိုင်းရင်းသား လက်ဝါးကြီးအုပ် ငွေပင်ငွေရင်း ထွန်းကားရေးတွင် အဟန့်အတား ဖြစ်စေသည်။

ထို့ကြောင့် မြန်မာပြည်တွင် နိုင်ငံပိုင်လုပ်ငန်းများသည် တိုးတက်သော အင်္ဂါလက္ခဏာရှိသည်။

သို့ရာတွင် နိုင်ငံပိုင်လုပ်ငန်းများမှာ သူ့ဘာသာသူ တည်နေသည်မဟုတ်ပေ။ နိုင်ငံတော် အစိုးရ၏အုပ်ချုပ်မှုအောက်တွင်ရှိရာ နိုင်ငံပိုင် လုပ်ငန်းများ၏ အင်္ဂါလက္ခဏာသည် နိုင်ငံအစိုးရ၏ အင်္ဂါလက္ခဏာ ပေါ်တွင် များစွာ တည်ရှိနေပေသည်။ ယနေ့ထိ နိုင်ငံပိုင်လုပ်ငန်းများအား ဖ-ဆ-ပ-လ-ဆိုရှယ်လစ် အစိုးရက စီမံအုပ်ချုပ် လုပ်ကိုင်ပုံကို စစ်ဆေးလျှင် အောက်ပါအချက် အလက်တို့ကို တွေ့ရှိပေမည်။

(က) သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင် ငွေပင်ငွေရင်း မြှုပ်နှံမှုသည်၊ စက်မှုလုပ်ငန်းများတွင် ငွေပင်ငွေရင်း မြှုပ်နှံမှုထက် များသည့်အပြင် တည်ဆောက်ရာ၌လည်း ငွေမိုလျှင် မြန်ပေသည်။ မြန်မာပြည်သို့သော နိုင်ငံ၏စီးပွားလွတ်လပ်ရေးအတွက် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းထက် ကုန်ထုတ်စက်မှု လုပ်ငန်းက ပို၍အရေးကြီးသည်။ ထို့အပြင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ငွေရင်းများစွာ မြှုပ်နှံ၍ ပြည်တွင်းစက်မှု လုပ်ငန်းကြီးများ မရှိလျှင်

ထိုအစ်သော ပစ္စည်းများ အတွက် နိုင်ငံခြားအပေါ်တွင်သာမှီခိုရပေသည်။ မီးရထားများ၊ သင်္ဘောများ၊ ထိတ်တားများကို ဂျပန်ကုမ္ပဏီ၊ အင်္ဂလန် စသည်မှ မှာယူရသည်က သက်သေပြသည်။

(ခ) စက်မှုလုပ်ငန်းများကို ထူထောင်ရာ၌သည်း လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရန်သာ များပြားသည်။ ပင်မစက်မှုလုပ်ငန်းဆို၍ သံရည်ကြိုစက် တခုသာရှိသည်။ ၎င်းသံရည်ကျိုစက်မှာလည်း ပြည်တွင်းသံရိုင်းများကို ကြိုချက်ရန်မဟုတ်ဟု ဖြစ်နေသည်။ ထို့ကြောင့် စက်ကရိယာများအတွက် နိုင်ငံခြား အပေါ်တွင်သာ ဆက်လက်မှီခိုနေရပေဦးမည်။

(ဂ) နိုင်ငံပိုင် လုပ်ငန်းများသည် ပြည်သူလူထု နေထိုင်စားသောက်မှုတွင်သက်သာ ချောင်ချိရေးထက် နိုင်ငံတော် အစိုးရ အမြတ်အများဆုံး ရရှိရေး အတွက်ဖြစ်နေသည်။ မီးရထား၊ သင်္ဘောခစရိတ်ကြီးလေးခြင်း၊ သစ်ဆန် ဈေးကြီးလေးနေခြင်း စသည်တို့က သက်သေပြပေသည်။

(ဃ) နိုင်ငံအတွင်းရှိ သမဝါယမ ဖွဲ့စည်း လုပ်ဆောင်ရေး လုပ်ငန်းများသည် အရင်းအားနည်းသူ တိုင်းရင်းသား ကုန်ထုတ်လုပ်ငန်းပိုင်ရှင် ကလေးများ၊ စားသုံးသူများအတွက် ၎င်းတို့၏ အသိဆန္ဒနှင့်အညီ လက်ဝါးကြီး အုပ် အရင်းရှင်များအား ချုပ်၍ အများပြည်သူတို့၏နေထိုင်စားသောက်ရေးအဆင့်အတန်း မှုမြင့်တက်စေရေး အတွက် လုပ်ဆောင်ရမည်

ဖြစ်သော်လည်း အကျယ်လက်တွေ့အခြေအနေများတွင်မူ ထိုသို့မဟုတ်ဘဲ လက်ဝါးကြီးအုပ် အရင်းရှင်များ၏ လောင်းရိပ်အောက်တွင်ဗ-ဆ-ပ လ-ဆိုရှယ်လစ် တစုတို့အသာ ၎င်းတို့အတွက် ခေါင်းပုံဖြတ်စားနေကာ ပေါက်စီ.ပွါးရေးစားကွက်အဖြစ်ဖြင့် ကျင့်သုံးသျှက်ရှိပေသည် (သာဓကအားဖြင့် အင်းငါးဝါ၊ကား စသည်များသည် ဖြစ်သည်။)

ဤအချက်များမှာ နိုင်ငံပိုင် လုံးဝဖြစ်နေသော လုပ်ငန်းများမှ ပေါ်ထွက်လာသော အချက်များဖြစ်ပေသည်။ တဘက်တွင်၊ နိုင်ငံပိုင် လုံးဝမဟုတ်သော ဖက်စပ်လုပ်ငန်းများ ရှိသေးသည်။ လက်ငင်းအားဖြင့် ရေနံလုပ်ငန်းတွင် ဘီအိုစီ ကုမ္ပဏီ သတ္တုလုပ်ငန်းတွင် ဘားမားကော်ပိုရေးရှင်း၊ အင်္ဂလိုဘားမား သံဖြူကုမ္ပဏီနှင့် ဖက်စပ်လုပ်ငန်းများကို ပြုလုပ်ပြီးဖြစ်သည်။ မော်ချီမိုင်းနှင့်လည်း ဖက်စပ်လုပ်ရန် ဆွေးနွေးနေသည်။ ဂျပန်စစ်လျော်ကြေးသဘောတူညီချက်အရ ဂျပန်မြန်မာ ဖက်စပ်လုပ်ငန်းများပြုလုပ်ရန်လည်း ဆွေးနွေးဆဲဖြစ်သည်။

ဖက်စပ်လုပ်ငန်းများ၊ ကျပ် ကုဋေ၊

လုပ်ငန်း၊	အစိုးရရှယ်ယာ၊	ကုမ္ပဏီရှယ်ယာ။
ရေနံ (ဘီ အို-စီ)	၆.၆	၁၃.၂။
သတ္တု (ဘားမားကော်ပိုရေးရှင်း)	၃.၅	၄.၅။
သတ္တု (အင်္ဂလိုဘားမားသံဖြူ)	၀.၁၁၄၅	၀.၇၁။

၎င်းဖက်စပ်လုပ်ငန်းများတွင်၊ စီမံအုပ်ချုပ်မှုမှာ ကုမ္ပဏီများလက်တွင်ပင်ရှိသည်။ဖက်စပ်လုပ်ရာတွင် ငွေထည့်ဝင်သည့် သဘောမှာလည်း ကုမ္ပဏီများ၏ ရှယ်ယာတန်ဖိုးမြင့်တင်ရေး အတွက်ဘဲ့သို့ပင်ဖြစ်သည်။ ယခုအချိန်အထိ ဖက်စပ်လုပ်ငန်းများမှာ နိုင်ငံခြားလက်ဝါးကြီးအုပ်ငွေပင်ငွေရင်းများကိုအစိုးရအာဏာဖြင့်အကာအကွယ်ပေးသည့် သဘောသာ သက်ရောက်နေသည်။

နိုင်ငံပိုင် လုပ်ငန်းများတွင် သော်၎င်း၊ ဖက်စပ်လုပ်ငန်းများတွင်သော်၎င်း၊ နိုင်ငံပိုင် ငွေရင်းမြှုတ်နှံမှုပြောင်းလဲလာပုံအားလုံးကို စစ်ဆေးလျှင်တွေ့ရှိရမည့် ကောက်နှုတ်ချက်မှာ အောက်ပါအတိုင်းပင်ဖြစ်ပေသည်။

(က) မြန်မာပြည်သူတို့၏ လွတ်လပ်ရေး တိုက်ပွဲအရှိန်ကြောင့် လက်ဟောင်း နိုင်ငံခြား လက်ဝါးကြီးအုပ်ငွေပင် ငွေရင်းများ၏ နေရာကို ကျုံ့စေ၍၊ နိုင်ငံပိုင်ငွေပင်ငွေရင်းနေရာများကို ချဲ့ထွင်နိုင်သော်လည်း ကုန်ထုတ်လုပ်မှု တိုးတက်ခြင်း မရှိဘဲ၊ လက်ဟောင်းနိုင်ငံခြား လက်ဝါးကြီးအုပ် အရင်းရှင်တို့သည်၊ ၎င်းတို့၏ကျန်ရှိသောနေရာများကို၊ ကာကွယ်ထားနိုင်သေးသော၊ ကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးမှုကို ဟန့်ထား ချုပ်ကိုင်နေသည်။ အလုပ်သမားများ၏ အလုပ်အကိုင် အခွင့်အတန်းနှင့် လူနေမှု အခွင့်အတန်းတို့မှာမြင့်တက်မှုမရှိ၊လက်သစ်နိုင်ငံခြား လက်

ဝါးကြီးအုပ် အရင်းရှင် တို့သည်လည်း၊ ဝင်ရောက်လာနိုင်သည်။ နိုင်ငံပိုင်လုပ်ငန်း များသည်ပင်လျှင် နိုင်ငံခြား လက်ဝါးကြီးအုပ်အရင်းရှင်များ အပေါ်တွင်မှီခိုမှုကင်းစဲ့အောင် ပြည့်စုံသည့်လုပ်ငန်းများမဟုတ်ဘဲ၊ မှီခိုမှုကို ဆက်လက်ထားရှိနေသည့် လုပ်ငန်းများဖြစ်နေပေသည်။ ၎င်းသို့ဖြစ်သည်မှာ၊ ဖ-ဆ-ပ-လ-ဆိုရှယ်လစ်အစိုးရက၊နယ်ချဲ့များအပေါ်တွင် မျှော်မြင်မှီခိုအားထားမှုရှိခြင်း ကြောင့်ဖြစ်သည်။

(ခ) နိုင်ငံခြား လက်ဝါးကြီးအုပ် ငွေပင် ငွေရင်း၏ နေရာကိုနိုင်ငံပိုင်ငွေပင် ငွေရင်းဖြင့် အစားထိုးနိုင်သော်လည်း၊ပြည်သူလူထုသက်သာ ချောင်ချိရေးအတွက် မဟုတ်ပေ။ ၎င်းသည်လည်း ဖ-ဆ-ပ-လ- အစိုးရ၏ တာဝန်ပင်ဖြစ်ပေသည်။

တိုင်းရင်းသား ပုဂ္ဂလိက အရင်းရှင်ပိုင် ငွေပင် ငွေရင်း များကိုလည်း၊ လွတ်လပ်ရေး ကြေငြာပြီးနောက် ပြောင်းလဲလာသည်။

၁၉၅၃-ခုနှစ်အတွင်းတွင်၊ သန်းခေါင်စာရင်း ဌာနက မြို့ ၂၅၂-မြို့တွင်၊ စက်မှုလုပ်ငန်းနှင့် ပါတ်သက်၍၊ စာရင်းကောက်ယူလေသည်။ ထိုစာရင်းအရ၊ တိုင်းရင်းသားပိုင် စက်ရုံများမှာ။

စက်ရုံများ၏အသက်

	တိုင်းရင်းသားပိုင်၊	နိုင်ငံခြားသားပိုင်၊	တိုင်းရင်းသားနှင့် နိုင်ငံခြားသား ဖက်စပ်ပိုင်။
အသက် ၅-နှစ်အောက်	၉၄၆	၉၀	၇၀
အသက် ၆-မှ၊ ၁၀-နှစ်အတွင်း	၃၇၇	၄၁	၁၁
အသက် ၁၀-နှစ်အောက်	၁၂၀၇	၁၃၉	၁၄
စက်ရုံပေါင်း	၁၆၀၄	၂၀၃	၉၅

နိုင်ငံခြားသားပိုင်စက်ရုံများနှင့် တိုင်းရင်းသားနှင့် နိုင်ငံခြားသားပိုင် စက်ရုံများ၏၊ အသက်များကို၊ ဇယားတွင်ဖော်ပြထားပေသည်။ ဤဇယားကိုစစ်ဆေးလျှင်၊ မည်သည့်တို့ကိုတွေ့ရှိရမည်နည်း။

တိုင်းရင်းသားပိုင်စက်ရုံများသည် လွတ်လပ်ရေးကြေငြာပြီးနောက် ၃-ဆယ့်ရှိရှိများပြားလာသည်၊ နိုင်ငံခြားသားပိုင်စက်ရုံများသည်၊ လွတ်လပ်ရေး ကြေငြာပြီး နောက် ၂-ဆကျော်ရှိရှိများပြားလာသည်၊တိုင်းရင်းသားနှင့် နိုင်ငံခြားသားဖက်စပ်စက်ရုံများသည်၊လွတ်လပ်ရေး ကြေငြာပြီးနောက် ၅-ဆကျော် ရှိရှိများပြားလာသည်။

တဖန်ငြင်း စာရင်းအရပင်လျှင်၊ တိုင်းရင်းသားပိုင် နိုင်ငံခြားသားပိုင် တိုင်းရင်းသားနှင့် နိုင်ငံခြားသားပိုင် စက်ရုံများကို၊ ထွက်ကုန်တန်ဘိုး အလိုက်ခွဲခြားသော်- ---

စက်ရုံအတန်းအစား။

နှစ်စဉ်ထွက်ကုန်တန်ဘိုး၊		တိုင်းရင်းသားပိုင်၊	နိုင်ငံခြားသားပိုင်၊	တိုင်းရင်းသားနှင့် နိုင်ငံခြားသား ဖက်စပ်ပိုင်။
-	၄၉၉၉	၁၂၀	၃	၁
၅၀၀၀-	၉၉၉၉	၁၄၀	၁၀	၅
၁၀၀၀၀-	၄၉၉၉၉	၇၃၉	၇၆	၁၂
၅၀၀၀၀-	၉၉၉၉၉	၂၃၁	၂၀	၁၁
၁၀၀၀၀၀-	၉၉၉၉၉၉	၃၉၅	၇၁	၅၀
၁၀၀၀၀၀၀-	အထက်	၄၃	၁၅	၁၆
ပေါင်း		၁၆၀၄	၂၀၃	၉၅

ဇယားတွင်ဖော် ပြသကဲ့သို့ တွေ့ရပေသည်။ ဤဇယားကိုစစ်ဆေးလျှင် မည်သည်တို့ကိုတွေ့ရသနည်း။ (မှတ်ချက်)ဇယားပါ ဂဏန်းများတွင် နိုင်ငံပိုင်စက်ရုံများပါသည်၊ ထိုစက်ရုံများမှာ၊ ထွက်ကုန်တန်ဘိုး မြင့်မားသောစက်ရုံများဖြစ်သည်ကိုသတိပြုရမည်)။

တိုင်းရင်းသားပိုင် စက်ရုံများသည်၊ နှစ်စဉ်ထွက်ကုန်တန်ဖိုး ငါးသောင်းအောက်ရှိသည့် စက်ရုံအငယ်စားများသာဖြစ်၍၊ စက်ရုံအကြီးစားများတွင်၊ နိုင်ငံခြားအရင်းရှင်အများအပြား ဝင်ရောက်နေခြင်းပင် ဖြစ်သည်။

အားလုံးကိုခြုံ၍ သုံးသပ်ချုပ်လျှင် လွတ်လပ်ရေး ကြေငြာပြီးနောက် တိုင်းရင်းသား အရင်းရှင်များ၏ ငွေပင် ငွေရင်းများတိုးတက်လာသည်ကို တွေ့ရမည်၊ သို့ရာတွင်တိုင်းရင်းသားအရင်းရှင်များ အတွင်းတွင် နိုင်ငံခြားအရင်းရှင်များနှင့် တွဲဘက်၍ တိုးတက်သည့် အစိတ်အပိုင်းကြီး တခုရှိသည်။ နိုင်ငံခြား အရင်းရှင် များလည်း၊ သိသိသာသာ တိုးတက်လျက်ပင်ရှိသေးသည်။

တိုင်းရင်းသား စက်မှုလုပ်ငန်းတိုးတက်လျှင်၊ နိုင်ငံခြား

လက်ဝါးကြီးအုပ် အရင်းရှင်များ အပေါ်တွင်အမှီခိုကင်းမဲ့၍ မြန်မာပြည် ချီးပွါးလွတ်လပ်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သော်လည်း၊ လက်ရှိ အခြေအနေတွင်၊ တိုင်းရင်းသားအရင်းရှင်များ၏အစိတ်အပိုင်းကြီးသည် နိုင်ငံခြားအရင်းရှင်များအပေါ်တွင် မှီနေရသည်ကို ပြပေသည်။

ဤတွင်နိုင်ငံပိုင် လုပ်ငန်းများသည်၊ နိုင်ငံခြား လက်ဝါးကြီးအုပ် အရင်းများနှင့် အခြေခံအားဖြင့် ပဋိပက္ခဖြစ်သော်လည်း၊ လက်ရှိအခြေအနေတွင်၊ နိုင်ငံခြား လက်ဝါးကြီးအုပ် အရင်းရှင်များအပေါ်တွင်၊ မှီခိုမှုကင်းစင်သေးသည်ဟု အထောက်အထား စစ်ဆေးရချက်နှင့် တသဘောတည်းဖြစ်နေသည်ကို သတိမူရပေမည်။

တဘက်တွင်လည်း၊ နိုင်ငံပိုင်လုပ်ငန်းများ တိုးပွါးသည်မှာ တိုင်းရင်းသား အရင်းရှင်များ၏ တိုးတက်မှုကို ကန့်သတ်ထားသည်ကိုလည်း၊ သတိပြုရပေမည်။ မြန်မာပြည်တွင် နိုင်ငံပိုင်လုပ်ငန်းများ တိုးတက်သည်နှင့်အမျှ တိုင်းရင်းသား အရင်းရှင်များသည်၊ လက်ဝါးကြီးအုပ် အရင်းရှင်များဖြစ်မလာနိုင်ပေ။

ဤသည်ကား တိုင်းရင်းသား အရင်းရှင်များနှင့် နိုင်ငံခြား လက်ဝါးကြီးအုပ်အရင်းရှင် နိုင်ငံပိုင်ငွေရင်းနှင့် ဆက်စပ်မှုပင်တည်း။

လယ်ယာလုပ်ငန်းနှင့် ပါတ်သက်၍လည်း၊ လွတ်လပ်ရေး ကြေငြာပြီးနောက် ပြောင်းလဲမှုများပေါ်ပေါက်ခဲ့ပေသည်။

စစ်မဖြစ်မီက လယ်ယာမြေ ပိုင်ဆိုင်မှုအခြေအနေမှာ လယ်ယာမြေ ဧကရှစ်ပေါင်း- ၁၉,၁၁၇,၀၀၀ ရှိသည့်အနက်၊ မြေရှင်ပိုင်မြေဧကမှာ၊ ၆,၅၄၀,၀၀၀ ဧကဖြစ်သည်၊ (သုံးပုံတပုံမြေရှင်ပိုင် မြေဧကထဲတွင်၊ ချစ်တီးပိုင် မြေဧကသည် ၃၅,၀၀,၀၀၀ ဖြစ်သည်။ (ထက်ဝက်ကျော်)။

စစ်မဖြစ်မီ လယ်ယာမြေပိုင်ဆိုင်မှု အခြေအနေ		
လယ်ယာဧကစုစုပေါင်း	။	၁၉,၁၁၇,၀၀၀
မြေရှင်ပိုင်	။	၆,၅၄၀,၀၀၀
ချစ်တီးပိုင်	။	၃,၅၀၀,၀၀၀

လွှတ်လပ်ရေး ကြေညာပြီးသည့်နောက် သီးစားချထားရေးလုပ်ငန်းဖြင့် မြေရှင်များ၏ မြေယာချန်လှပ်မှုကို ချုပ်ချယ်ခံရသည်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး ဥပဒေဖြင့် ချစ်တီးများနှင့် မြေရှင်ကြီးများ၏ မြေယာ ပိုင်ဆိုင်မှုကို ဖျက်သိမ်း ခံရသည်၊ ဤသည်အရေးကြီးသော ပြောင်းလဲချက်များဖြစ်ပေသည်၊ သို့ရာတွင်၊ ချစ်တီးနှင့် မြေရှင်ကြီးများ ထံမှ သိမ်းယူသော မြေယာများကို ဝေငှရာ၌ လယ်ယာလုပ်သားနှင့် ဆင်းရဲသောတောင်သူ လယ်သမားများအား၊ အဓိက ဦးစားပေး၍ ဝေငှရမည့်အစား၊ အလယ်တန်းစား တောင်သူလယ်သမားများနှင့် လယ်မလုပ်သည့် ဆိုရှယ်လစ် ပါတီဩဇာခံ လူထုဆန့်ကျင်ရေး လူမိုက်များကိုသာဝေငှသည်။

လယ်ယာ လုပ်ငန်းမှ ထွက်ရှိသည့် ကောက်ပဲသီးနှံများမှာလည်း ပြည်တွင်း စက်မှုလုပ်ငန်း တိုးတက်ရေးအတွက် ကုန်ကြမ်းများထက် နိုင်ငံခြားသာ ရောင်းချရမည့် အစာရေစာ သီးနှံများသာ ဖြစ်နေသေးသည်၊ ပြည်တွင်းလိုအပ်သည့် သီးနှံများကိုလည်း စိုက်ပျိုးရန် အရေးပေးရန်၊ လိုအပ်နေသေးသည်၊

ကောက်ပဲသီးနှံများကို စိုက်ပျိုးရန် ငွေကြေးချေးငှါးရာတွင်၎င်း၊ ကောက်ပဲသီးနှံများကို နိုင်ငံခြားသို့ တင်ပို့ရန် ဝယ်ယူရာတွင်၎င်း၊ နိုင်ငံအစိုးရသည်းအဓိကဝင်ရောက်လာသည်။

အားလုံးကိုခြုံ၍ ကြည့်သော် လယ်ယာလုပ်ငန်းတွင် ချစ်တီးနှင့် မြေရှင်ကြီးများကိုဖျက်၍ မြေရှင်ကလေးများနှင့်

နိုင်ငံတော် အစိုးရသည် လယ်ယာ ပိုင်ဆိုင်ရေးတွင် အချက်အခြာဖြစ်၍၊ လယ်ယာလုပ်ကိုင်ရေးတွင် ငွေချေးရေးနှင့် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးတွင်၊ နိုင်ငံ အစိုးရသည် အချက်အခြာ ဖြစ်လာသည်ကို တွေ့ရသည်။

နိုင်ငံအစိုးရ၏ အင်္ဂါလက္ခဏာရပ်များသည် စက်မှုစီးပွါး ထူထောင်ရေးလုပ်ငန်း၏ အင်္ဂါလက္ခဏာ ရပ်များကို ချန်လှပ်သကဲ့သို့ လယ်ယာစိုက်ပျိုးရေး လုပ်ငန်း၏ အင်္ဂါလက္ခဏာရပ်များကိုလည်း ချန်လှပ်သည်။ ထို့ကြောင့်ပင် စက်မှုလုပ်ငန်းထူထောင်ရေးတွင် နိုင်ငံခြား လက်ဝါးကြီးအုပ် အရင်းရှင်တို့၏ ဩဇာလုံးဝ ကျဆုံးခြင်း မရှိသကဲ့သို့ မြေယာပြုပြင်ရေးတွင်လည်းမြေရှင်စံနစ်လုံးဝချုပ်ငြိမ်းခြင်း မရှိသေးပေ။ ထို့ပြင် စိုက်ပျိုးရေး လုပ်ငန်းတွင်လည်း ပြည်တွင်း စက်မှုလုပ်ငန်း ထူထောင်ရေးကို အားပေးသည်ထက် နိုင်ငံခြားသားများသို့ အစာရေစာ ပို့ရေးအတွက်သာ ဖြစ်နေပေသည်။ သို့ရာတွင် မြန်မာပြည်၏ စက်မှုထူထောင်ရေးတွင်၊ တောင်သူ လယ်သမားများ အပေါ်မှ ခေါင်းပုံအများ ဆုံးဖြတ်၍ ငွေရင်းရှာသည်ကို ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့၏ အမြတ်များက သက်သေပြပေသည်။

လယ်ယာ အလုပ်သမားများ၏ အခြေအနေမှာ တိုးတက် ပြောင်းလဲမှု မရှိသည့်ပြင်၊ အရည်အတွက်အားဖြင့် များပြားလာယုံသာမက၊ ခေါင်းပုံဖြတ်ခံရမှုများသည်း တိုးတက် ဆက်လက်ပြင်းထန်လျက် ရှိသည်။

မြန်မာနိုင်ငံ၏ စီးပွါးရေး ခုတ်ခြစ်များသည် ဤသို့ သည့်အတွက် နိုင်ငံခြား ကူးသန်း ရောင်းဝယ်ရေးတွင် လည်း ဤအင်္ဂါလက္ခဏာဝင်များ ပေါ်ပေါက်နေပေသည်။ မြန်မာပြည်သူ ဘို့သည် စီးပွါးလွတ်လပ်မှုအတွက် အရင်း ရှင်လောက နှင့် ကူးသန်းရောင်းဝယ်နေ၍ မဖြစ်နိုင် ဆိုရှယ် လစ်လောကနှင့်ကူးသန်းရောင်းဝယ်မှုသည်သာလျှင် စီးပွါး လွတ်လပ်မှုကိုအာမခံသည်ဟု သိရှိကြပေသည်။ ထိုအတွက် လည်း ပြည်သူတို့က ကြိုးပမ်းကြလေသည်။ သို့ရာတွင်နိုင် ငံခြား လက်ဝါးကြီးအုပ် အရင်းရှင်များ၏ စီးပွါးရေးခ ခြေခံများ မကုန်ဆုံးသေးသဖြင့် ပြည်သူတို့၏ ရည်မှန်းချက် အပြည့်အဝ မရနိုင်ဖြစ်နေသည်။ အောက်ပါဇယားတွင် မြန်မာပြည်က ဆိုရှယ်လစ် နိုင်ငံများနှင့် ကူးသန်းရောင်း ဝယ်မှုသို့ပြောင်းလဲလာသည်ကိုပြထားပေသည်။ ဤဇယား ကို စစ်ဆေးလျှင်-

(ကျပ်သိန်းပေါင်း)

	မြန်မာပြည်ကသွင်း ကုန်အားလုံးတန်ဘိုး	မြန်မာပြည်ကပို့ကုန်အားလုံးတန်ဘိုး	မြန်မာပြည်ကဆိုရှယ်လစ်လောကမှ သွင်းကုန်တန်ဘိုး	မြန်မာပြည်က ဆိုရှယ်လစ် လောကသို့ ပို့ကုန်တန်ဘိုး
၁၉၃၈-၃၉	၂၁၆၇.၃	၄၀၅၇.၁		
၁၉၅၁-၅၂	၈၁၇၈.၀	၁၀၉၇၂.၉	၁၄၇.၃	၃၁.၇
၁၉၅၂-၅၃	၈၇၆၄.၅	၁၂၉၇၁.၉	၁၀၁.၀	၆၆.၁
၁၉၅၃	၈၄၅၉.၆	၁၁၃၂၅.၈	၁၀၉.၆	၆၅.၇
၁၉၅၄	၉၆၉၀.၂	၁၁၈၃၃.၆	၁၅၄.၂	၃၃.၀
၁၉၅၅	၈၅၄၈.၉	၄၉၄၁.၁	၂၀၂.၄	၁၀၄၉၅.၉

ဆိုရှယ်လစ် လောကနှင့် ကူးသန်း ရောင်းဝယ်မှုတွင် ၁၉၅၅-ခုနှစ်တွင်မှသာ၊ သိသိသာ သာပြောင်းလဲလာသည်ကိုပြသည်၊ ဤသို့ပြောင်းလဲ လာသည်မှာလည်း အမျိုးသားစီးပွါးရေး လွတ်လပ်မှုအတွက် ပြည်သူတို့က အစဉ်တစိုက်တောင်းဆိုလာခဲ့မှုနှင့် လောလောဆယ်တွင် လည်း မြန်မာပြည်က ဆန်ရောင်းချရေးတွင် အမေရိကံ ဗြိတိသျှ လက်ဝါးကြီးအုပ် အရင်းရှင် တို့ကြောင့် မြန်မာနိုင်ငံ အစိုးရအကြပ်အတည်း တွေ့ရခြင်း ဖြစ်ပေသည်။ ဤသို့ဖြစ်သော်လည်း၊

အရင်းရှင်လောက နှင့် ကူးသန်း ရောင်းဝယ်ရေးသည်၊ ဆိုရှယ်လစ် လောက နှင့် ကူး သန်း ရောင်း ဝယ် ရေး ထက် ၁၀ ဆကျော်ရှိသေးသည်၊ နိုင်ငံခြား လက်ဝါးကြီးအုပ် အရင်းရှင်များသည်၊ မည်မျှနိုင်မာစွာ မြန်မာပြည်၏ စီးပွါးရေးကို ချုပ်ထားနိုင်သည့်ကို ပြပေသည်။

ဆိုရှယ်လစ်လောကနှင့် ကူးသန်းရောင်းဝယ်ခြင်းသည်၊ မြန်မာပြည်တွင် စက်မှု လုပ်ငန်း ထွန်းကားရန်၊ မြန် မာပြည်၏ စီးပွါးလွတ်လပ်မှုကို အာမခံသည်၊ တဘက်တွင် အရင်းရှင်လောကနှင့်ကူးသန်းရောင်းဝယ်ရေးသည်၊ မြန်မာပြည်၏ စီးပွါးမတိုးတက်မှု မလွတ်လပ်မှုကို အသက်ရှည်စေသည်။ အောက်ပါဇယားတွင် မြန်မာနိုင်ငံက ပို့သော ကုန်ပစ္စည်းအမျိုးအစားများကို ခွဲခြား၍ ပြထားပေသည်။ ဤဇယားကို စစ်ဆေးလျှင်၊ မြန်မာပြည်မှ ပို့ကုန်ပစ္စည်းသည်၊ ကုန်ကြမ်းများသာဖြစ်သည်။

ကုန်ပစ္စည်း	၁၉၃၈-၃၉	၁၉၅၀-၅၁	၁၉၅၁-၅၂	၁၉၅၂-၅၃
လယ်ယာထွက် ပစ္စည်း—	၂၆၆၈.၃	၉၂၁၃.၇	၁၁၄၇၅.၀	၉၆၆၅.၀
ရော်ဘာ	၆၀.၆	၂၀၃.၀	၂၇.၀	၁၇.၅
ရေနံပစ္စည်း	၁၃၂၁.၃	၈.၀	၀.၃	၉.၆
သစ်	၃၄၄.၅	၅၆၃.၅	၃၁၅.၅	၂၇၄.၀
သတ္တု	၅၀၉.၆	၆၉၀.၀	၆၀၆.၇	၃၁၇.၇
အခြား	၁၄၅.၇	၁၃၉.၉	၂၂၀.၆	၁၂၀.၇
စုစုပေါင်း	၅၂၆၆.၀	၁၀၉၃၁.၃	၁၂၉၂၃.၉	၁၀၅၇၀.၆

ထို့ထက်ဆိုးသည့်အချက်မှာ၊ စစ်မဖြစ်မီက ဆန်-ရေနံ-သတ္တု-သစ် ကုန်လေးမျိုးကို အားကိုး၍ ပို့ရသော်လည်း၊ စစ်ပြီးနောက်၊ ယနေ့အချိန်ထိ ဆန် တခု တည်း ကိုသာအားကိုးရခြင်းဖြစ်သည်။

အောက်ပါဇယားတွင် မြန်မာပြည်က နိုင်ငံခြားမှတင်သွင်းသည့် ကုန်ပစ္စည်းများကို အမျိုးအစားခွဲခြား၍ပြထားသည်၊ ဤဇယားကိုစစ်ဆေးလျှင်---

(ကျပ်သိန်းပေါင်း)

ကုန်စည်	၁၉၄၇-၄၈	၁၉၅၁-၅၂	၁၉၅၂-၅၃	၁၉၅၃-၅၄
[illegible]	၂၉၇.၆	၇၄၅.၂	၆၀၂.၀	၆၀၂.၄
ဆေးလိပ်	၁၀၀.၀	၁၄၁.၁	၉၄.၉	၆၅.၁
ဓါတ်သတ္တုနှင့် ဆေးဝါး	၅၁.၇	၂၃၀.၇	၂၆၄.၆	၂၆၆.၅
အဝတ်အစား	၅၂၅.၀	၁၀၄၀.၄	၂၁၂၀.၅	၂၁၁၃.၇
ဂုံနီ	၁၅၂.၅	၅၁၀.၄	၈၄၃.၇	၃၅၅.၉
စက္ကူ	၄၇.၀	၁၆၀.၃	၁၄၅.၀	၁၀၇.၃
ရော်ဘာ	၂၀.၉	၂၀၁.၄	၃၃၉.၀	၁၃၆.၁
သိလပ်မြေ	၄.၆	၅၀.၂	၄၂.၄	၆၇.၄
ကျောက်မီးသွေးနှင့် ရေနံ	၁၄၅.၄	၄၆၀.၃	၄၆၄.၉	၃၃၃.၅
သတ္တုပစ္စည်း	၂၆၀.၃	၆၁၁.၂	၇၀၀.၄	၁၀၉.၃
စက်ကရိယာနှင့် ယာဉ်	၂၆၆.၂	၇၀၀.၇	၉၃၃.၁	၁၂၉၀.၂
ဆပ်ပြာ	၁၀.၀	၃၂.၁	၁၅.၂	၄၅.၉
အခြား	၆၁၇.၁	၂၄၁၃.၁	၂၂၂၉.၂	၂၀၄၆.၇
ပေါင်း	၂၅,၇၀.၅	၈၁၇၉.၀	၈၇၆၄.၅	၉၄၆၆.၇

ဖြစ်ပါသည်၊ နိုင်ငံခြားမှ ကုန်ချောများကို အဓိကထား၍ ဝယ်ယူ သုံးစွဲရသည်ကိုပြသည်။

အထက်ပါ အင်္ဂါလက္ခဏာ ရပ်များသည်၊ ကိုလိုနီစီးပွါးရေး၏ အင်္ဂါလက္ခဏာ ရပ်များဖြစ်ပေသည်။

နိုင်ငံခြားကူးသန်း ရောင်းဝယ်ရေးတွင်၊ အရေးကြီးသည့် အချက်တရပ်ကို ထိုပေသည်၊ မြန်မာပြည်သည်၊ အရင်းရှင်လောကနှင့်သာ အဓိကရောင်းဝယ် ပေါက်ကားနေရာ၊ အရင်းရှင်လောက၏ ပဋိပက္ခများသည်၊ မြန်မာပြည်၏ နိုင်ငံခြား ကူးသန်းရောင်းဝယ်ရေးတွင် ပေါ်ပေါက်လာသည်။ ၎င်းတွင်အရေးကြီးသော ပဋိပက္ခများကို ဖော်ပြပေမည်။

ပဌမ ပဋိပက္ခမှာ အရင်းရှင်နိုင်ငံများက ရောင်းသော ကုန်ချောပစ္စည်းများ၏ ဈေးသည် တနှစ်ထက်တနှစ် တိုးတက်သော်လည်း မတိုးတက်သေးသည့် နိုင်ငံကလေးများ ရောင်းသည့် ကုန်ကြမ်းဈေးသည် တနှစ်ထက်တနှစ် ကျဆင်း လာခြင်းဖြစ်သည်။ အောက်ပါ ဇယားများတွင် သွင်းကုန်နှင့် လက်ကားဈေးနှုန်းများကို ပြထားသည်။ ၎င်းဇယားများကို စစ်ဆေးလျှင် ပို့ကုန်ဈေးနှုန်းသည် သို့မဟုတ် မတည်မငြိမ် ဖြစ်သည်ကို သော်ရင်း၊ သွင်းကုန်ဈေးနှုန်းသည် တိုးတက်သည်ထက် တိုးတက်သည်ကိုသော်ရင်း၊ တွေ့ရှိရပေမည်။

ပို့ကုန်လက်ကားဈေးနှုန်း။

ကုန်	အချိန်၊		၁၉၅၃-နောက်ဆုံး ၃-လ၊	၁၉၅၄-နောက်ဆုံး ၃-လ၊	၁၉၅၅-နောက်ဆုံး၊ ၃-လ
ရော်ဘာ	တပေါင်	॥	၀.၉၀-ကျပ်	၁.၁၃-ကျပ်	၁.၉၃-ကျပ်
ဝါဂွမ်း	တပေါင်	॥	၂၂ဒိုင်ပဲနီ	၂၆ဒိုင်ပဲနီ	၁၈-ပဲနီ
ပဲမြီလေး	တအိပ်	॥	၄၄.၈၀-ကျပ်	၃၀.၇၃-ကျပ်	၂၅.၂၀-ကျပ်
ဂွမ်းဖတ်	၂၂.၄ပေါင် ॥		၂၀၁ဒိုင်သျှီလင်	၁၉၀ဒိုင်သျှီလင်	၂၅၈ဒိုင်သျှီလင်

* * * *

သွင်းကုန်လက်ကားဈေး (ကျပ်ဂဏန်းများ)

ကုန်	အချိန်အတွယ်		၁၉၅၃ နောက်ဆုံးသုံးလ		၁၉၅၄ နောက်ဆုံးသုံးလ		၁၉၅၅ နောက်ဆုံးသုံးလ
အိန္ဒိယ ယက်ချည်ထည်ဖြူ	ကိုက် ၄၀	॥	၃၆.၇၀	॥	၃၇.၀၀	॥	၆၄.၇၉
ချည်ငင် ဂျပန် ၂၀	၁၀-ပေါင်	॥	၂၀.၁၁	॥	၂၀.၄၇	॥	၄၄.၀၂
အုန်းဆီကြယ်တံဆိပ်	၁၀ဗိဿာ	॥	၃၃.၆၇	॥	၃၀.၃၃	॥	၇၉.၅၃
ငွတ်ယိုးယားတိုင်ယာ	တစုံ	॥	၃၇၅.၅၆	॥	၃၄၅.၁၀	॥	၇၁၀.၇၅
ငါးသေတ္တာဂျပန်	တသေတ္တာ	॥	၅၄.၄၅	॥	၅၇.၄၄	॥	၀၆.၃၇
စီးကရက်ကာဝတန်	သံဘူး ၂၀-	॥	၁၀၉.၂၃	॥	၁၀၂.၅၀	॥	၁၃၀.၁၉

ဒုတိယ ပဋိပက္ခမှာ နိုင်ငံခြား လက်ဝါးကြီးအုပ် အချင်းချင်းချေးနာလုသည့် ပဋိပက္ခပင်ဖြစ်သည်။ အောက်ပါဇယားတွင် မြန်မာပြည်၏ နိုင်ငံခြား ကူးသန်း ရောင်းဝယ်ရေးတွင် ဗြိတိန်နှင့် အိန္ဒိယတို့ကတတွဲ အမေရိကန် ဂျပန်နှင့် ဂျာမဏီကတတွဲ၊ ၎င်းအတွဲ နှစ်တွဲ၊ အသီးသီးထံမှသွင်းကုန် အသီးသီးထံသို့ ပို့ကုန်သည့် ရရပေါင်း သွင်းကုန် ပို့ကုန်၏ ရာခိုင်နှုန်းမည်မျှရှိသည်ကို ဖော်ပြထားပေသည်။ ဤဇယားကို စစ်ဆေးလျှင် မြန်မာပြည်၏ နိုင်ငံခြား ကူးသန်းရောင်းဝယ်ရေးတွင် အမေရိကန် အုပ်စုက ဗြိတိသျှအုပ်စုအတွင်းသို့ ပို၍ပို၍ နယ်ချဲ့လာသည်ကို တွေ့နိုင်ပေမည်။

နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးရှယ်ယာ

နှစ်		ဗြိတိန်နှင့်အိန္ဒိယတို့၏ရာခိုင်နှုန်း၊				အမေရိကန်၊ ဂျပန် ဂျာမဏီတို့၏ရာခိုင်နှုန်း		
		သွင်းကုန်၊		ပို့ကုန်၊		သွင်းကုန်၊		ပို့ကုန်
၁၉၄၇-၄၈	॥	၇၂	॥	၄၇	॥	၄	॥	၁
၁၉၄၈-၄၉	॥	၆၀	॥	၄၃	॥	၇	॥	၂
၁၉၄၉-၅၀	॥	၆၂	॥	၁၀	॥	၁၃	॥	၁၅
၁၉၅၀-၅၁	॥	၄၄	॥	၂၆	॥	၁၉	॥	၁၄
၁၉၅၁-၅၂	॥	၅၂	॥	၁၆	॥	၂၁	॥	၁၁
၁၉၅၂-၅၃	॥	၅၂	॥	၁၆	॥	၁၀	॥	၁၄
၁၉၅၃-၅၄	॥	၄၅	॥	၄၀	॥	၂၀	॥	၂၉

ဤကဲ့သို့သော မြန်မာပြည်၏စီးပွါးရေးစံနစ်တွင် အကျိုးအမြတ်ခွဲဝေပုံကား၊ မည်သို့ရှိသနည်း။

ဒုတိယကမ္ဘာစစ်မတိုင်မီက၊ မြန်မာပြည်မှ ပို့သောကုန်ပစ္စည်းတန်ဖိုးသည် သွင်းသည့် ကုန်ပစ္စည်းတန်ဖိုးထက်၊ ပိုမိုပေသည်။ ၁၉၃၄-၃၅-မှ-၁၉၃၈-၃၉ ငါးနှစ်အတွင်း နှစ်စဉ်ပျမ်းမျှပို့သည့်တန်ဖိုးသည် ကုဋေ ၃၀-ခန့်ရှိသည်၊ ၁၉၃၉-၄၀ ခုနှစ်တွင်လည်း ထိုမျှပင်ရှိသည်၊ ထိုငွေများသည် မြန်မာပြည်ပိုင်မဟုတ်၊ နိုင်ငံခြား လက်ဝါးကြီးအုပ် အရင်းရှင်များ ထုတ်ယူသွားသည့် အမြတ်များဖြစ်သည်၊ ဒုတိယကမ္ဘာစစ်ကြီးအပြီး၊ ၁၉၄၅-၄၆ ခုနှစ်မှစ၍ ၁၉၅၃-၅၄-ခုနှစ်အထိ မြန်မာပြည်မှ နိုင်ငံခြားသို့ ရောင်းသည့် ကုန်ပစ္စည်းတန်ဖိုး စုစုပေါင်းသည် နိုင်ငံခြားမှ မြန်မာပြည်က ဝယ်သည့် ကုန်ပစ္စည်းစုစုပေါင်း တန်ဖိုးထက် ၁၇၄၅၈.၂ သိန်းမျှကျော်ရှိသည်၊ သို့သော် မြန်မာပြည် နိုင်ငံခြားငွေသည် ၅၄-ခုနှစ်ကုန်တွင် ၆၇၈၃ သိန်းသာ ရှိသည်။ ကိုးနှစ်အတွင်းတွင် ကုဋေတရာကျော် နိုင်ငံခြားလက်ဝါးကြီး အုပ် အရင်းရှင်များက အမြတ်ထုတ်သွားသည်ကိုပြသည်။

နိုင်ငံပိုင်လုပ်ငန်းများက အမြတ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

နိုင်ငံပိုင်လုပ်ငန်းများမှအမြတ်များ	ကုဋေ တန်းများ
၁၉၃၀-၃၉	၀.၁
၁၉၄၆-၄၇	၁၄.၄
၁၉၄၇-၄၈	၂၅.၂
၁၉၄၈-၄၉	၂၁.၁
၁၉၄၉-၅၀	၁၉.၇
၁၉၅၀-၅၁	၂၇.၃
၁၉၅၁-၅၂	၃၇.၀
၁၉၅၂-၅၃	၅၀.၀
၁၉၅၃-၅၄	၃၈.၂

တိုင်းရင်းသား အရင်းရှင်များ၏ အမြတ်များကိုခန့်မှန်းရန် ခဲရင်းသည်၊ သို့ရာတွင်ဘဏ်များတွင် အပ်နှံထားသည့် ငွေများသည် တိုင်းရင်းသား အရင်းရှင်များ၏ အမြတ် ပမာဏကို ညွှန်ပြနိုင်ပေသည်၊ တိုင်းရင်းသား အရင်းရှင် များ၏ အမြတ်သည် ပိုမိုလာသည်ကို တွေ့မြင်နိုင်ပေသည်၊ တဘက်တွင်မူ အလုပ်သမားများ၏အခြေအနေမှာ ဆိုးဝါး သည်ထက်ဆိုးဝါးလာပေသည်။

ဘဏ်များတွင်အပ်နှံထားသည့်ငွေကျပ်ကုဋေပေါင်း

၁၉၅၂	၂၆.၉၅
၁၉၅၃	၃၃.၄၄
၁၉၅၄	၄၉.၁၀
၁၉၅၅	၆၅.၂၆

အလုပ်လက်မဲ့ပြဿနာသည် စစ်မဖြစ်မီကထက် ပိုမို ဆိုးဝါးသည်၊ ၁၉၅၃- ခုနှစ်တွင်၊ သန်းခေါင်စာရင်း ဌာန က ကောက်ယူသော စာရင်းများအရ၊ ရန်ကုန်မြို့တွင်၊လူ ဦးရေ၊ ၇၃၇၀၇၉- ရှိသည့်အနက် အလုပ်ရှိသူပေါင်း (အမြဲတမ်း နှင့် ကြုံကြား) မှာ ၂၇၃၇၀၃-ဖြစ်၍ လုံးဝ အလုပ်လက်မဲ့ဖြစ်သူပေါင်းမှာ၊ ၂၇၀၃၅၁-ရှိသည်၊လုံးဝ အလုပ်လက်မဲ့ သူများထဲတွင် ယောကျ်ား ၆၉၄၆၅၊မိန်းမ ၂၀၀၈၈၆ ရှိ၍၊ မိန်းမများသည်၊ အလုပ် လုပ် သူများ မဟုတ်ဟုဆိုသည်၊ထားဘိဦး ယောကျ်ား ၇၀၀၀၀ နီးပါး သည် အလုပ်လက်မဲ့ ဖြစ်နေသည်၊ လူဦးရေ၏ ရာခိုင်နှုန်း ၁၀-သည် အလုပ်လက်မဲ့ဖြစ်နေသည်။ အလုပ်ရှိသူများမှာ လည်း အချိန်ပြည့်မလုပ်နိုင်သည် မဟုတ်ပေ။ များစွာသော သူတို့မှာ တဝက်တပျက်သာအလုပ်ရှိကြပေသည်။

အလုပ်သမားများ၏ လုပ်ခကိုဖော်ပြပါ သန်းခေါင်စာ ရင်းကပင်၊ ထုတ်ဖော်ထားပေသည်၊ သမ္မာန်ခတ်သွားထက် ဝက်ကျော်သည်၊ တနှစ်လျှင် ဝင်ငွေကျပ် တထောင် အောက်တွင်ရရှိကြသည်၊ ကျန်ထက်ဝက်သည်၊ တထောင် နှင့် နှစ်ထောင်ကြားတွင် ရရှိကြသည်။ အပ်ချုပ်သွားများ ၏ သုံးပုံ နှစ်ပုံ သည် တနှစ်လျှင် ဝင်ငွေ ကျပ်တထောင် အောက်တွင်ရကြသည်။ ဆေးလိပ်လိပ်သူများ၏ ဆယ်ပုံ ကိုးပုံ သည်၊ တနှစ်လျှင် ဝင်ငွေ ကျပ်တထောင်အောက် တွင် ရကြသည်၊ ကူလီများ၏ ရာခိုင်နှုန်း ၆၀ သည် တနှစ် လျှင် ဝင်ငွေ ကျပ်တထောင်အောက်တွင် ရကြသည်။

တဖန်အလုပ်သမား ဌာနမှ စာရင်းများအရ၊ လုပ်ငန်း ဂ၂၄-ခုရှိ အလုပ် သမားများတွင်၊ လခ ငါးဆယ်ကျပ် အောက် ရရှိသူသည် ရာခိုင်နှုန်း၊ ၂၁.၆ ဖြစ်၍ ၅၀-မှ-၉၉ အတွင်း ရရှိသူသည်၊ ရာခိုင်နှုန်း ၅၀.၄၇ ရှိသည်ဟုဆို သည်။

လုပ်ခသည် ဤမျှပင်ရှိသော်လည်း၊ နေ့ထိုင်စားသောက် စားရိတ်သည်။ ၁၉၄၁-ခုနှစ် နှင့် စာသော် လေးဆကျော် ရှိသည်၊ ၁၉၃၉-ခုနှစ်၊ ၁၉၄၀-ခုနှစ် နှင့်စာသော် ငါးဆ ကျော်ရှိသည်၊ ထို့ကြောင့် ယနေ့အချိန် အလုပ်သမားများ ၏၊ ကုန်ပစ္စည်းနှင့် စာသည့် ဝင်ငွေသည်၊ စစ်မဖြစ်မီက ထက်နိမ့်ကျသည်၊ အလုပ်သမားများသည်၊ စစ်မဖြစ်မီက ထက်ပို၍ ဆင်းရဲရသည်ကိုပြသည်။

တောင်သူ လယ်သမားများသည်လည်း အလုပ်သမား များ နည်းတူပင်ဖြစ်ပေသည်၊ စပါးဈေးသည် စစ်မဖြစ်မီ က နှင့် စာသော် ၃- ဆမျှရှိသော်လည်း၊ အထည်အလိပ် ဈေးသည်၊ ၆-ဆ၊ ၇-ဆ နီးပါးရှိသည်။

များစွာသော တောင်သူ လယ်သမား တို့သည်လည်း၊ မြေယာလက်မဲ့ ဖြစ်နေရပေသည်။

ဤကဲ့သို့သောအခြေအနေတွင် မြန်မာပြည်သည်၊စီးပွါး ရေးကြွယ်ဝ၀ပြောမှု နှင့် ရင်ဆိုင်ရမည်မှာ မထူ ဆန်းပေ။

ပဋ္ဌမ အကြွပ်အတီးမှာ၊ ကုန်ထုတ်မှုအကြွပ်အတီး ပင် ဖြစ်သည်။ အောက်ပါဇယားတွင် အရေးကြီးသော ကုန် ပစ္စည်းများ၏ ထုတ်လုပ်မှုကို ပြထားပေသည်။

နှစ်	စပါးတန်ချိန်	ဝါ-တန်ချိန်	မြေပဲ	သစ်	ရေနံ	သံဖြူနှင့်သံကွတ်
၁၉၃၉	၇၇၉၉၄၅၉	၁၈၇၀၀	၁၀၀၀၀၀	၆၄၂၇၄၃	၂၇၅၆၇၃၆၄	၉၇၀၃
၁၉၅၁	၅၆၇၃၃၇၀	၁၉၇၀၀	၁၇၆၅၀၀	၄၈၉၈၂၅	၅၂၁၉၈၂၃၀	၂၀၉၀
၁၉၅၃	၅၉၁၀၆၂၄	၂၁၉၀၀	၁၇၆၃၀၀	၅၂၃၂၁၁	၆၄၁၄၃၇၁၀	၁၇၉၂
၁၉၅၄	၅၅၂၇၀၀၀	၂၂၃၀၀	၁၉၁၃၀၀	၇၀၅၅၇၃	၈၀၅၉၁၇၆၉	၁၂၅၉
၁၉၅၅	၅၇၁၉၀၀	၂၃၀၀၀	၁၅၄၀၀၀	၆၄၂၀၅၇	၉၁၁၄၆၇၇၂	၁၀၀၇

ဤဇယားကို စစ်ဆေးလျှင် တွေ့ရှိရမည့် အချက်များမှာအောက်ပါအတိုင်းဖြစ်သည်။

(က) ကုန်ထုတ်မှုသည်စစ်မဖြစ်မီက စံချိန်သို့မမှီသေး။

(ခ) တိုင်းရင်းသားများသာ၊ ချယ်လှယ်သော ကုန်ထုတ်မှုသည်၊ နိုင်ငံခြား လက်ဝါးအုပ် အရင်းရှင်များချယ်လှယ်သော ကုန်ထုတ်မှုထက်သာသည်။

(ဂ) တိုင်းရင်းသားများသာ ချယ်လှယ်သည့်လယ်ယာနှင့် သစ်တော ကုန်ထုတ်မှုသည်ပင် မတည်ငြိမ်၊ တက်လိုက်ကျလိုက်ဖြစ်သည်။

ဒုတိယ အကြွပ်အတီးမှာ ပြည်သူအများ၏ဝယ် အား လျော့ပါးမှု နှင့် ကုန်ဈေးနှုန်း ကြီးမြင့်မှုပင်ဖြစ်သည်။ ဤအ တွက်အထက်တွင်၊ သက်သေအထောက်အထားများ ပါရှိ ပြီးဖြစ်သည်။

တတိယ အကြွပ်အတီးမှာ၊ နိုင်ငံတော်အစိုးရ ဘဏ္ဍာ ရေး အကြွပ်အတီးဖြစ်သည်။ ဤအကြွပ်အတီး၏ အတိုင်း အဆ မှာ မည်မျှရှိသနည်း။

မြန်မာနိုင်ငံ၏ နိုင်ငံခြားဝင်ငွေ၊ ရံပုံငွေများ၊ အောက် ပါအတိုင်း ဖြစ်သည်။ နိုင်ငံခြားငွေ ရံပုံငွေသည်၊ တနှစ် ထက် တနှစ် လျော့ပါးလာ သည်ကိုပြသည်။

နိုင်ငံခြားငွေ ရံပုံငွေ၊	ကျပ်သိန်းပေါင်း
၁၉၄၀	၄၂၅၆
၁၉၄၉	၇၆၇၂
၁၉၅၀	၆၀၆၉
၁၉၅၁	၇၉၁၆
၁၉၅၂	၉၉၃၃
၁၉၅၃	၁၀၇၁၈
၁၉၅၄	၅၅၄၀
၁၉၅၅	၄၂၇၂
၁၉၅၆	၄၇၅၉

နိုင်ငံတော်အစိုးရ၏၊ ပြည်တွင်း အကြွေး သည်လည်း တနှစ်ထက် တနှစ် ပိုမိုလာသည်ကို အောက်ပါဇယားက သက်သေပြသည်။

နိုင်ငံတော်အစိုးရ၏ပြည်တွင်းအကြွေး		ကျပ်သိန်းပေါင်း
၁၉၅၂	။	၆၇၇
၁၉၅၃	။	၂၄၉၉
၁၉၅၄	။	၇၀၃၇
၁၉၅၅	။	၈၄၉၉

နိုင်ငံတော်အစိုးရက ထုတ်ထားသည့် ငွေစက္ကူနှင့် အကြွေးတန်ဘိုးသည်လည်း တနှစ်ထက် တနှစ်တိုးပွါးလာသည်ကို အောက်ပါဇယားက သက်သေပြသည်။

ငွေစက္ကူနှင့် ငွေအကြွေတန်ဘိုး		ကျပ်သိန်းပေါင်း
၁၉၅၄	။	၄၂၆၁
၁၉၅၃	။	၅၁၈၆
၁၉၅၄	။	၅၉၀၂
၁၉၅၅	။	၇၅၁၆
၁-၆-၁၉၅၆	။	၉၇၀၄

ဤကဲ့သို့သော အခြေအနေများတွင် ငါတို့၏တာဝန်မှာ၊

(က) နိုင်ငံခြား လက်ဝါးကြီးအုပ် အရင်းရှင်များ၏ ငွေပင်ငွေရင်းကို ထိန်းချုပ်ပြီး၊ တိုင်းရင်းသား ငွေပင်ငွေရင်း၊ (နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်တို့ကို တိုးမြှင့်ရန်)။

(ခ) ဖ-ဆ-ဖ-လ- ဆိုရှယ်လစ်တို့၏ လက်ဝါးကြီးအုပ်ခေါင်းပုံဖြတ် စီးပွါးရေး လုပ်ငန်းများကို ဖယ်ရှား၍ ပြည်သူတို့၏ လွတ်လပ်စွာ စီးပွါးရှာဖွေနိုင်ခွင့်များကို ထိမ်းသိမ်းမြှင့်တင်ရန်-

(ဂ) နိုင်ငံစီးပွါးရေးများ တိုးတက်ရေးအတွက် ဝန်ထုတ်ဝန်ပိုးများကို အလုပ်သမားများ လယ်ယာကူလီနှင့် ဆင်းရဲသော လယ်သမားများ ပုခုံးပေါ်သို့သာ လွှဲချနေသည်ကို ရပ်စဲစေရန် နိုင်ငံခြား လက်ဝါးကြီးအုပ်များ ပုခုံးပေါ်သို့ အဓိကထား၍ လွှဲပြောင်းပေးရန်၊

(ဃ) နိုင်ငံပိုင် လုပ်ငန်းများကို နိုင်ငံစီးပွါးရေး၊လွတ်လပ်ရေး ပြည်သူလူထု ချမ်းသာကြွယ်ဝမှုအတွက် ဖြစ်စေရန်နှင့် အလုပ်သမားများ အုပ်ချုပ်ရေးတွင် ပါဝင်စေရန်၊

(င) အရင်းရှင်နိုင်ငံများနှင့် ကုန်သွယ်ရောင်းဝယ်ရေးကို လျှော့၍ ဆိုရှယ်လစ် နိုင်ငံများနှင့် ကုန်သွယ်ရောင်းဝယ်ရေးပိုမိုစေရန်ပင် ဖြစ်ပေသည်။

အထက်ပါ တာဝန်များကို ပြည့်ဝစွာထမ်းဆောင်နိုင်ရန်အတွက် အုပ်စိုးသူလူတန်းစား၏ ဖိနှိပ်ရေး လက်နက်ဖြစ်သော ပြည်တွင်းစစ်ကို ရပ်စဲစေကာ အမျိုးသား ညီညွတ်ရေးကို တည်ဆောက်၍ လွတ်လပ်သော အမျိုးသား စီးပွါးရေးကို တည်ဆောက်ရန်ဖြစ်ပေသည်။

ကဏ္ဍနိဗန္ဓ ခေါင်းစဉ် ၂(ခ)

ဒီမိုကရေစီ အခွင့်အရေး၊

တမျိုးသားလုံးအတွက် ပါတီမှ ပေါ်ထုတ် တောင်းဆိုနေသော ဒီမိုကရေစီ လွတ်လပ်မှု အခွင့်အရေးများသည်

နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ တိုင်းသူပြည်သားတိုင်း၏အခြေခံမူလ အခွင့်အရေးများကိုသာ အပြည့်အဝ ရရှိရန် တောင်းဆိုနေခြင်း ဖြစ်ပေသည်။

တနည်းအားဖြင့် လူသားတိုင်း၏ ပဓါနကျသော အခွင့်အရေးများအရ လူ့အဆောက်အအုံတခုလုံး၏ အကျိုးနှင့် မဆန့်ကျင် ရပေါင်း သက်ရောက်အကျိုးပြုစေနိုင်ခွင့် ရှိသည်။ လွတ်လပ်စွာပြောဆိုစည်းရုံး လှုပ်ရှားခွင့်စသော အခြေခံ အခွင့်အရေး များကိုပင် တောင်းဆိုနေခြင်းဖြစ်ပေသည်။

မြန်မာပြည်တွင် ယခုအခါ ထိုအခွင့်အရေး များသည် ဖ-ဆ-ပ-လ-ဆိုရှယ်လစ်တို့ အုပ်စိုးသူ လူတစုတို့မှ အပ တိုင်းပြည် လူထုတရပ်လုံးတွင် အဆုံးရှုံး ကြီး ဆုံးရှုံးလျက်ပင် ရှိနေကြပေသည်။ နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ အုပ်ချုပ်ရေးနယ်ပယ်များတွင် တပါတီလက်ဝါးကြီးအုပ်၍ ချယ်လှယ် ဖွမ်းမိုးမှု များသည် တနေ့တခြား ပိုမိုဆိုးဝါးလာပြီးလျှင် ပြီးခဲ့သော ရွေးကောက်ပွဲများတွင်၊ ဖ-ဆ-ပ-လ-ဆိုရှယ်လစ်တို့၏ ဇာတိရုပ်သည် လုံးဝပေါ်ခဲ့ ပေသည်။

ဤသို့ မလိုလားအပ်သော ပြုမူနေသည့် အချင်းအရာ ဆိုးများကို ရပေါင်းချုပ်ပါယ်ရှား၍ လူသားမှန်သမျှ၏ ဒီမိုကရေစီ လောကတွင်၊ ရသင့်ရထိုက်သော မူလအခြေခံ လွတ်လပ်မှုကြီး ဆိုင်ရာအခြေခံ မူလအခွင့်အရေးများကို ပြည်သူတို့ကိုယ်တိုင် ဖန်တီးပြဋ္ဌာန်းခြင်းတို့သည် ပါတီမှ ကြိုးပန်း ကျင့်သုံးသွားရမည့် အချက်များဖြစ်သည်။

ထိုသဘောထားမှုများအရ ဒီမိုကရေစီလွတ်လပ်မှုများ ပေါ်ထွက် ရယူရန်အတွက် ပြည်တွင်းစစ်ရပ်စဲစေ၍ နိုင်ငံ၏ ကံကြမ္မာကို နိုင်ငံသားတိုင်းက လုံးဝ လွတ်ငြိမ်းချမ်း သာစွာ ဆုံးဖြတ်နိုင်ခွင့်ရရှိရန် လိုအပ်ပေသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးသည်၊ ခွဲခြား၍ မရသော ယနေ့ မြန်မာနိုင်ငံပြည်သူများအတွက် ဆက်စပ် ရင်ဆိုင်နေရ သည့် နိုင်ငံသားတိုင်း၏ ပြဿနာဖြစ်နေပေသည်။

ထို့ကြောင့် ဒီမိုကရေစီ အခွင့်အရေးများကို ရယူရန် လူထုနည်း၊ ဥပဒေနည်းများဖြင့် အားသွန်ကြိုးပန်း ဆောင် ရွက်သွားရန် ပါတီသည် အလေးအနက် ပြဆိုလိုပေသည်။

ပါတီသည် ပြည်သူလူထု တရပ်လုံးတွင် ကျဆုံး ပျောက် ကွယ်နေသော လွတ်လပ်မှု အခွင့်အရေးများကို ပေါ်ထွက် ရယူရန်အတွက် လူထုနည်းကိုသာ အခြေခံရမည်။ လူထု လူတန်းစား လူမျိုးရေး ဆိုင်ရာအခွင့်အရေး တောင်းဆိုရာ များ၌ ဒီမိုကရေစီလွတ်လပ်မှု အခွင့်အရေးများပါ ထည့် သွင်းဆက်စပ်ပေးရမည်၊ တမျိုးသားလုံး အရေးဆိုင်ရာများ တွင်လည်း ဒီမိုကရေစီ လွတ်လပ်ခွင့်များပူးတွဲဆက်စပ်ပေး ရမည်။ ဒီမိုကရေစီလွတ်လပ်ခွင့်များကို ပေါ်ထွက်တောင်း ဆိုရန် အခြေခံသော လူထု လူတန်းစား၊ လူမျိုးရေး၊ ပုဂ္ဂိုလ် အထူးထူးပါဝင်သော ဒီမိုကရေစီ အခွင့်အရေး ကာကွယ် မှုကော်မတီများ စံနစ်တကျဖွဲ့စည်း ဆောင်ရွက်ခြင်းသည် ပါတီမှ ချမှတ်ခံယူထားသော လွတ်လပ်မှု အခွင့်အရေး များကို လူထုအားဖြင့် ခုခံကာကွယ်ရယူခြင်းပင် ဖြစ်ပေ သည်။

ပါတီ၏ ကျင့်သုံးခဲ့သော လက်တွေ့ခေတ်တွင် လူ့ဘုကျ ဆုံးနေသော ဒီမိုကရေစီ လွတ်လပ်မှုဆိုင်ရာ အခွင့်အရေးများကို ပေါ်ထွက်ရယူရန် လှုပ်ရှားမှုများ၌ လူထု လူတန်းစား လူမျိုး ရေးဆိုင်ရာ အခွင့်အရေးများ နှင့် ဆက်စပ်ပေးမှုနည်းခြင်း၊ ဒီမိုကရေစီ အခွင့်အရေး ကာ ကွယ်မှု ကောင်မတီများ ဖွဲ့စည်းလှုပ်ရှားမှု၌ အလေးအနက်မထား ရှိဘဲနေခဲ့သည်။ ပါတီသည် ထိုနေရာတွင် ထင်ရှားသည့် ဆောင်ရွက်ချက် တခုရှိနေသည်ကို အသိအမှတ်ပြုရမည်၊ ထိုသည် ပြည်သူတရပ်လုံးနှင့် စည်းရုံးပေါ်ထွက် တောင်း ဆိုရမည့်အစား ပြည်သူ့အတွက် ပါတီတရပ်တည်းကသာ ပေါ်လွင်စွာ ပေါ်ထွက် တောင်းဆိုနေခြင်းတွင် အကောင် အထည်ပေါ်နေသည်၊ လက်ရှိအခြေအနေတွင် ပါတီနှင့် အုပ်ချုပ်သူ လူထု လူတန်းစားသည် ဒီမိုကရေစီရေး နယ် တွင် ရင်ဆိုင်နေရပြီဖြစ်သည်။

အုပ်ချုပ်သူ လူတန်းစား၏ ပစ်ကွင်းတွင် ရောက်ရှိနေသော ပါတီသည် ပါတီတရပ်အနေဖြင့် ရန်သူအား ခုခံ၍မရ၊ ပြည်သူတရပ်လုံးအား ကျယ်ပြန့်စွာ စည်းရုံး၍ ခုခံရမည်ဖြစ်သည်။ ပါတီ၏ ရန်သူအား ခုခံရေးလက်နက်သည် လူတန်းစား လူထုလူမျိုး ရေးမှသည် တမျိုးသားလုံး စည်းရုံးရေးအားပင်ဖြစ်သည်။ ယခုဖွဲ့စည်းထားသော လူထု လူတန်းစား လူမျိုးရေး အဖွဲ့များနှင့်ဒီမိုကရေစီ အခွင့်အရေး ကာကွယ်မှုကောင်မတီ အမျိုးသား ညီညွတ်ရေး တပ်ပေါင်းစုများသည် ပြည်သူ လူထုအတွက် ပါတီ၏ အားထားရမည့် တခုတည်းသော လက်နက်များဖြစ်သည်။

ပါတီထိခြင်းသည် အလုပ်သမားတောင်သူ လယ်သမားနှင့် ပြည်သူတရပ်လုံး ထိခြင်းပင်ဖြစ်သည်ဟု ထပ်တူထပ်မျှ သဘောထား ခံယူရမည် သဘောအားဖြင့် အလုပ်သမား လူတန်းစားကို ကိုယ်စားပြုနေသော ပါတီများဖြစ်သည့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးကို ကျိုးပန်းနေသော ကွန်မြူနစ်ပါတီ (ဗမာပြည်)နှင့် ဗမာပြည် ကွန်မြူနစ်ပါတီများကို အုပ်ချုပ်သူများက လက်နက်ကိုင်ဖိနှိပ်၍ မတရားသော ကြေငြာခြင်းနှင့် အခြားအသင်း အဖွဲ့အစည်းပါတီများကို မတရားသင်း ကြေငြာထားခြင်း စသည်တို့ ဖြစ်သည်၊

ဤသို့ ဒီမိုကရေစီကို လက်နက်ဖြင့် မတရားရိုက်ချိုးခြင်းကြောင့် တဘက်မှ လက်နက်ဖြင့် ခုခံရမှု ပြည်တွင်းစစ်ကြီး ဖြစ်လာရသည်၊ တဖန် ထိုပြည်တွင်းစစ်ကို အကြောင်းပြု၍ အုပ်ချုပ်သူက ဒီမိုကရေစီ အခွင့်အရေးများကို ပို၍ပို၍ ပေါက်ဒုတ်ရိုက်ချိုးလာလျက်ရှိသည်။

ထို့ကြောင့်လည်း မြန်မာပြည်တွင် ဖိနှိပ်ချုပ်ချယ်မှုများ ပြင်းထန်ခဲ့သည်၊ ၁၉၅၀-ခုနှစ် နောက်ပိုင်းတွင် ပို၍ပြင်းထန်လာသည်။ ချုပ်ချယ်မှု ဥပဒေမြောက်များစွာ ပြုလုပ်ထားသည်။ လက်တွေ့တွင်လည်း ဥပဒေဖြင့်လည်း တမျိုးဥပဒေဖြင့်တမျိုး ဖိနှိပ် ချုပ်ချယ်လျက်ရှိသည်။ လူသတ်မှု ဓါးပြတိုက်မှု၊ မီးရှို့မှု၊ မုဒိမ်းမှု၊ လုယက်မှု၊ အလွဲသုံးစားမှုများကို အကာအကွယ် ပေးခြင်းမှ ပြောင်ပြောင်ကျူးလွန်ခြင်းများ အထိ အားပေးလျက် ရှိနေပေသည်၊ ထိုဖြစ်ပေါ်ရပ်များသည် အုပ်ချုပ်သူလူစား၏ ပါတီနှင့် ပြည်သူလူထုအားဦးတည်

ချက်များဖြစ်သည်။ အချုပ်ဆိုရသော် မြန်မာပြည်သည် သာမန် ဒီမိုကရေစီပင်မရှိ၊ ဘောင်ခတ်ထားသော ဥပဒေတွင်း လွတ်လပ်မှု အခွင့်အရေးများပင် ပြောင်ပြောင်ရိုက်ချိုးနေကြောင်းမှာ ထင်ရှားနေသည်။

ထိုဖိနှိပ်မှုများကိုတားဆီးရန် ဥပဒေတွင်းလွတ်လပ်မှုအခွင့်အရေးမှသည် ဒီမိုကရေစီအခွင့်အရေးများကို ဖေါ်ထုတ်ရယူရန် ပါတီသည် အဓိကတာဝန်ရှိသည်၊ ပြည်သူလူထုတရပ်အား ကျယ်ပြန့်စွာ စည်းရုံးသောအားဖြင့် ရယူရမည်ရှိနေသော လူထု လူတန်းစား အဖွဲ့အစည်းများ၊ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစု၊ ဒီမိုကရေစီ အခွင့်အရေးကာကွယ်မှု ကော်မတီများသည် ပြည်သူတရပ်လုံး အတွက် ရယူအပ်သော ဒီမိုကရေစီ လွတ်လပ်မှု လက်နက်များပင် ဖြစ်သည်။

လူထုလူတန်းစား၏ စီးပွါးရေး အခွင့်အရေး တောင်းဆိုမှုတွင် ဒီမိုကရေစီလွတ်လပ်ခွင့်ကို ပူးတွဲသင့်သည်၊ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစု၏ လုပ်ရပ်များတွင်၊ ဒီမိုကရေစီလွတ်လပ်ခွင့်များပါဝင်ရန် မမေ့သင့်ဖြစ်သည်၊ အရေးသဖြင့်၊ ဒီမိုကရေစီ လွတ်လပ်ခွင့်များ ဖေါ်ထုတ်ရယူရန် အဓိကအားဖြင့် တာဝန်ရှိနေ ပြီးဖြစ်သော၊ ဒီမိုကရေစီအခွင့်အရေးကာကွယ်မှု ကော်မတီများကို၊ မြို့မြို့နယ် တိုက်နယ်များပါမကျန်ကျယ်ပြန့်စွာဖွဲ့စည်းရမည်၊ ၎င်းကော်မတီများသည်၊ တောလက်ကျေးရွာမှစ၍ ကျဆုံးခြင်းခံနေရသော၊ ဒီမိုကရေစီ လွတ်လပ်ခွင့်များကို၊ အသေးမှစ၍ အကြီးဆုံး အထိ အမြဲမပြတ်၊ ကျူးပန်း ရယူ နေရမည်၊

ဆက်စပ်ထုပ်ဖော်ရှားနေရမည်၊ သို့ဖြင့်သာ အုပ်ချုပ်သူတို့၏ ဖိနှိပ်မှုများကို၊ ခုခံတွန်းလှန်နိုင်မည်ဖြစ်သည်။

ပါတီသည်၊ ထိုအင်္ဂါကျနေသော ပြည်သူ့တာဝန်ကို အလေးအနက်မထား၍ ဖြစ်သည်၊ ဖိနှိပ်မှုများကို၊ ကြိုတင် ပြင်ဆင်ချက်ဖြင့်၊ ခုခံတွန်းလှန်ရမည့်အစား ပေါ်ပေါက်လာမှသာ အလှည့်တကြားစံနစ်မရှိ ခုခံနေကြသည်၊ ထိုခုခံမှုသည် အစဉ်အမြဲမဟုတ် မကြာခဏ ပြောက်ကျယ်သွားတတ်သော အကျင့်ဆိုးသည် ပါတီ၌ ကိန်းအောင်းနေပေသေးသည်။ ထိုမလေးနက် မှောက်မှားသော ကျူးလွန်ချက်ကို ပါတီသည် အမြန်ပြင်ဆင်သွားရန် အထူးသတိပြုသင့်သည်။

ပါတီသည် ဒီမိုကရေစီရေး တိုက်ပွဲကို အလေးအနက်ထားရမည်၊ တိုက်ပွဲတရပ်သည် ကျယ်ပြန့်တိုးတက်သော စည်းရုံးရေးတွင် အခြေခံရမည်၊ စည်းရုံးရေးမှ တိုက်ပွဲ တိုက်ပွဲ မှ စည်းရုံးရေး၊ အပြန်အလှန်အကျိုးပြုသည့် အချက်ကိုလည်း ခံယူရမည်၊ ပါတီသည် ဥပဒေတွင်း တိုက်ပွဲ အရပ်ရပ်၌ ခေါင်းဆောင်နေရာသို့ ရောက်ရှိနေသည်။ ဒီမိုကရေစီရေး တိုက်ပွဲတွင် မှန်ကန်သော ခေါင်းဆောင်မှုပေးရမည်မှာ ပါတီ၏တာဝန်ပင်ဖြစ်သည်။ ပါတီသည် လူထု၊ လူတန်းစား တိုက်ပွဲများတွင်၎င်း၊ လူမျိုးရေးဆိုင်ရာ တိုက်ပွဲ၊ တမျိုးသားလုံးဆိုင်ရာ တိုက်ပွဲများတွင် ဒီမိုကရေစီ လွတ်လပ်ခွင့်များဖြင့် ဆက်စပ်ပေးရမည်ဖြစ်သည်။ ဒီမိုကရေစီလွတ်လပ်ခွင့်များ မြင့်မားလာခြင်းသည်၊ ကျယ်ပြန့်

သောစည်းရုံးရေး၊ တိုးတက်သောတိုက်ပွဲများ ပေါ်လာခြင်းပင်ဖြစ်သည်။

ဒီမိုကရေစီ လွတ်လပ်မှုများ ရယူရေးတွင်၊ အလေးအနက်ထားရမည့်မှာ၊ ဒီမိုကရေစီ အခွင့်အရေး ကာကွယ်မှု ကော်မတီများ ဖွဲ့စည်းလှုပ်ရှားရေးပင်ဖြစ်သည်။ ပါတီသည် ဒီမိုကရေစီအခွင့်အရေးကာကွယ်မှုကော်မတီများကို လူထု၊ လူတန်းစား၊ လူမျိုးရေး၊ နိုင်ငံရေးအဖွဲ့များ၊ ဒီမိုကရေစီကို ချစ်မြတ်နိုးသော တသီးပုဂ္ဂလ လူကြီးများ၊ ဥပဒေရေးရာ ဆိုင်ရာကျွမ်းကျင်သူများ ပါဝင်သော မြို့မ၊ မြို့နယ်၊ တိုက်နယ်၊ ကော်မတီများကို အခြေခံသော ခရိုင်ကော်မတီ နိုင်ငံလုံးဆိုင်ရာ ကော်မတီများ စံနစ်တကျရ၍ ကျယ်ပြန့်စွာ ဖွဲ့စည်းသွားရမည်ဖြစ်သည်။

ဒီမိုကရေစီ အခွင့်အရေး ကော်မတီများသည် ရှိနေသော ချုပ်ချယ်မှုဆိုင်ရာဥပဒေ၊ အမိန့်အာဏာ၊ လုပ်ဆောင်ချက်များအားလုံးကိုလျှော့လာထားရန်နှင့် ထိုလျှော့လာချက်ကို အထောက်အခံ ဆက်စပ်ထိရှိရန်ပြုလုပ်ခြင်း၊ အုပ်ချုပ်သူတို့က ပြုလုပ်အံ့ပြုလုပ်ဆဲဖြစ်သောချုပ်ချယ်မှု ဥပဒေများ အမိန့်အာဏာများ၊ လုပ်ဆောင်ချက်များ အားလုံးကို ကြိုတင်ကာကွက် ဟန့်တားနိုင်ရမည်ဖြစ်သည်။ ဥပဒေ၏ ဖိနှိပ်ရက်စက်မှုများ အားလုံးကိုလည်း တချီ-တချီ အချိန်မှီ ပေါ်ထွက်ခြင်း၊ တိုက်ပွဲဝင်ခြင်းဖြင့် တပြည်လုံးတိုက်ပွဲနှင့် ဆက်စပ်ပေးရမည်။ ဤသို့အားဖြင့် စည်းရုံးရေးသည် တိုက်ပွဲသို့ရင်း၊ တိုက်ပွဲသည် စည်းရုံးရေးသို့ရင်း၊ အကျိုးပြုဖြင့် မားလာမည်ဖြစ်သည်။

ပါတီသည်ဒီမိုကရေစီ အခွင့်အရေးကာကွယ်မှုလုပ်ရပ်များတွင်၊ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုဝင်အဖွဲ့များ၊ အမျိုးသားအုပ်စုဝင်အဖွဲ့များ၊ ထိုအဖွဲ့နှစ်ခုနှင့်ရင်း၊ ဖ-ဆ-ပ-လ-နှင့်ရင်း၊ ဆက်သွယ်ခြင်းမရှိသော ခြားအဖွဲ့များ၊ ထိုအဖွဲ့များနည်းတူ လူပုဂ္ဂိုလ်များသည် ဒီမိုကရေစီ အခွင့်အရေး ကာကွယ်မှု တခုတည်းအတွက် ပါဝင်လာရန် အမြဲစည်းရုံးနေရမည်။ ရှိနေသောဒီမိုကရေစီ အခွင့်အရေး ကာကွယ်မှု ကော်မတီတွင် အထက်ပါ အတိုင်း ပါဝင်ရန်ကျန်ရှိနေသည်။ ပါတီသည် ထိုပုံစံအားဖြင့် ဖွဲ့စည်းထားသော လုပ်ဆောင်ချက်များတွင် ကော်မတီမှ ချမှတ်လက်ခံထားသော စည်းကမ်းဘောင်အတွင်းမှ ပါးနပ်စွာကျင့်သုံးသွားရန်လည်းလိုသည်။ သို့မှသာ ပြည်သူလူထုတရပ်လုံး လိုလားတောင်းဆိုနေသော ဒီမိုကရေစီ အခွင့်အရေး ကာကွယ်မှုလုပ်ရပ်များသည် စည်းရုံးရေးအရရင်း၊ တိုက်ပွဲအရရင်း၊ ခိုင်မာကျယ်ပြန့်၍ တိုးတက်လာမည်ဖြစ်သည်။ ဥပဒေရေးရာအရလည်း ပေါ်လွင်ထင်ရှားလာနိုင်ပေသည်။

ပါတီသည် လူထု လူတန်းစား လူမျိုးရေးများ စည်းရုံးလာရေး၊ တမျိုးသားလုံး စည်းရုံးရေးကို တည်ဆောက်နိုင်ရေး၊ ပြည်တွင်းစစ်ရပ်စဲရေးများတွင် အခြေခံကျသော ဒီမိုကရေစီလွတ်လပ်မှု အခွင့်အရေးများ ကာကွယ်ရယူနိုင်ကြရန်အတွက် မြို့မ မြို့နယ် တိုက်နယ် ကော်မတီများ ဖွဲ့စည်းခြင်း၊ ရင်းမှသည် ခရိုင်ကော်မတီများ ဖွဲ့စည်းခြင်း ရင်းမှသည် နိုင်ငံလုံးဆိုင်ရာ ကော်မတီများ ဖွဲ့စည်းခြင်း

များကို တဘက်မှကျူးပန်း၍ တဘက်တွင်ဒီမိုကရေစီတိုက်ပွဲကို အဆက်မပြတ် ဆင်နွှဲသွားခြင်းဖြင့်သာလျှင် ကျယ်ပြန့်သော ပြည်သူတို့ ပါဝင်လာခြင်းနှင့် ပါတီခေါင်းဆောင်မှုသည့် ဒီမိုကရေစီ ခရီးတွင်စံနစ်ကျ၍မှန်ကန်ထင်ရှား ခိုင်မာလာမည်ဖြစ်သည်။

ပါတီမှ အဆင့်ဆင့် ကျင့်သုံးသွားသင့်သော အချက်များသည် အောက်ပါအတိုင်းဖြစ်သည်။

၁။ ဥပဒေတွင် ဖော်ပြထားသော ဒီမိုကရေစီ လွတ်လပ်မှု အခွင့်အရေးများကို ပြည်သူ့အားဖြင့် ခံရယူမည်ဟူသော သဘောထား။
၂။ ပုဂ္ဂိုလ်မရွေး ဝါဒမရွေး အဖွဲ့အစည်းအားဖြင့်မခွဲခြားသော ပြည်သူ လူထု တရပ်လုံးတွင် ကျဆုံးနေသော ဒီမိုကရေစီ အခွင့်အရေးများကိုဖော်ထုတ်ဆောင်ရွက်ရန်။
၃။ ဖိနှိပ်ခံရမှုတရပ်ကို ဖော်ထုတ် ကျူးပန်း ခြင်းဖြင့် အထွေထွေသော ဖိနှိပ်ခံရမှုများနှင့် ကျယ်ပြန့်စွာ ဆက်စပ်အားဖြည့်ပေးရန်။
၄။ ဒီမိုကရေစီ အခွင့်အရေး ကာကွယ်မှု ကော်မတီ များကို စံနစ်တကျဖွဲ့စည်းရန်။
၅။ ဒီမိုကရေစီ အခွင့်အရေးများ ကာကွယ်ရယူခြင်း သည်စံနစ် ကျနကျယ်ပြန့် ခိုင်မာသော ဒီမိုကရေစီ အခွင့်အရေး ကာကွယ်မှု ကော်မတီများ ဖွဲ့စည်းရန်။

၆။ ကျယ်ပြန့် ခိုင်မာသော ဒီမိုကရေစီ အခွင့်အရေး ကာကွယ်မှုကော်မတီများ ဒီမိုကရေစီ တိုက်ပွဲကို တိုးတက်ချဲ့ထွင်ရန်။

၇။ မြင့်မားဆက်စပ်သော ဒီမိုကရေစီရေးတိုက်ပွဲများဖြင့် ဖိနှိပ်သူ လူတန်းစားအား အကျစ်ကိုင်၍ ပြည်တွင်းစစ်ရပ်စဲရေးကို အကောင်အထည်ဖော်ရန်တို့သည် ပါတီမှ အဆင့်ဆင့် အလေးအနက် ထား၍ ကျင့်သုံးလုပ်ဆောင်သွားရမည့်အချက်များပင် ဖြစ်ပါသည်။

ကွန်ဖရင့်စာတမ်း အမှတ်-၃။

ဗမာပြည်အလုပ်သမားလယ်သမားပါတီ
ဆဋ္ဌမအကြိမ်မြောက်
ဗဟိုကော်မီတီအစီရင်ခံစာ။

ရွေးကောက်ပွဲနှင့်ပြန်လည်သုံးသပ်ချက်များ။

ဤအခန်းနှင့် ပါတ်သက်၍ပြန်လည် သုံးသပ်ရာတွင် (၁) ရွေးကောက်ပွဲပေါ်သဘောထား၊ (၂) ပြည်သူတို့က တုန့်ပြန် မဲဆန္ဒပေးမှု စစ်တမ်းနှင့် (၃) ရွေးကောက်ပွဲပြီးနောက် အရေးအခင်းဂရုက်များဟူ၍အကျဉ်းချုပ်သဘော ပြန်လှန်သုံးသပ်သင့်သည်ဟု ယူဆပေသည်။

(၁)

ရွေးကောက်ပွဲအပေါ်သဘောထား။

အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီးသည် ပြည်သူ တရပ်လုံးက အမှတ်မပြင်းလိုလားတောင့်တနေသည့် ပြည် တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ပြန်လည်တည် ဆောက်ရေးကို ရှေ့တန်းတင်၍ပွဲဦးထွက်ခဲ့ပေသည်၊ နိုင်ငံ အစိုးရအားရင်း၊ ဗမာပြည် ကွန်မြူနစ်ပါတီနှင့် တကွသော လက်နက်ကိုင် တော်လှန်ရေး အင်အားစုများ အားလုံးတို့ အားရင်း၊ ပြည်တွင်းစစ် အမြန်ဆုံး ရပ်စဲရေး အတွက် တဘက်နှင့်တဘက် ဖြစ်ခတ်နေခြင်းကို စေ့ချော်စွာ နှစ် ဘက်သဘောတူရပ်စဲ၍ ကာယကံရှင်များကိုယ်တိုင် မျက် နှာခြင်းဆိုင် တွေ့ဆုံဆွေးနွေးစေ့စပ်ကာ ပြည်တွင်းစစ်ကို ရပ်စဲပါ၊ နိုင်ငံရေးသဘောကွဲလွဲချက်မှန်သမျှကို ပြည်သူတို့ ရှေ့မှောက်တွင် ဒီမိုကရေစီနည်းလမ်းများအရသာ လွတ် လပ်စွာယှဉ်ပြိုင်အဆုံးအဖြတ်ခံယူကြပါဟူသော ငြိမ်းချမ်း ရေးပန်ကြားလွှာကြီးတစောင်ကို ၁၉၅၆-ခုနှစ်၊ ဇန်နဝါ ရီလ ၁၁-ရက်နေ့တွင် ထုတ်ပြန်ပန်ကြားခဲ့ပေသည်၊

ထိုအချိန်တွင် ဌာနချုပ်သဘာပတိ အဖွဲ့ဝင်များသည် တိုင်း-ခရိုင်များခန့်၍ အမျိုးသားညီညွတ်ရေး တပ်ပေါင်း စုကြီး၏ ပြည်တွင်းစစ်ရပ်စဲရေး၊ ဒီမိုကရေစီရေး၊ အမျိုး သားစီးပွါးဖြင့်တင်ရေး အခြေခံလုပ်ငန်းစဉ်များကို အနှံ့ အပြားချီတက်လှည့်လည်၍ပြည်သူတို့ထံတင်ပြကာ ပြည် သူ့ဆန္ဒကိုခံယူခဲ့ပေသည်၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး

နှင့် အမျိုးသားစီးပွါး ဖြင့်တင်ရေးတောင်းဆိုမှုများကို ဆာ လောင်မွတ်သိပ်နေကြသောပြည်သူတို့သည် ရောက်လေရာ ကြားလေရာဒေသမှ အလုံးအရင်းနှင့် ဆန္ဒပေးကြထောက် ခံကြလေသည်။ အမျိုးသားတပ်ပေါင်းစုကိုလည်း များစွာ သောခရိုင်များတွင် စတင်ဖွဲ့စည်းလာကြလေသည်။ ထိုအ ချိန်သည် ဖ-ဆ-ပ-လ-က ရင်းတို့စိတ်ကြိုက်တဘက်သတ် ဖန်တီးထားသည့် မတရားရွေးကောက်ပွဲကို ကျင်းပရန် ကြေငြာထားသည့်အချိန်ဖြစ်သည်။ ပ-မ-ည-တ-အဖွဲ့သည် တရားမျှတ လွတ်လပ်သန့်ရှင်းသော၊ ရွေးကောက်ပွဲဖြစ်စေ ရန် မည်သည့်နည်းလမ်းများဖြင့်သာ ကျင်းပထိုက်ကြောင်း တင်ပြတောင်းဆိုခဲ့ကြသည်၊ ပ-မ-ည-တ-အဖွဲ့ စတင်မဖွဲ့ စည်းရသေးမီပင်၊ ပ-မ-ည-တ-အတွင်း ပါဝင်လာသော အဖွဲ့အစည်းများသည် တရားမျှတ သန့်ရှင်းစင်ကြယ်သော ရွေးကောက်ပွဲဖြစ်မြောက်ရေး ကော်မီတီတရပ် ဖွဲ့စည်း ကာ ပြည်သူတို့လိုလားသော အချက်များကို ကိုယ်စားပြု တောင်းဆိုခဲ့ကြသည်၊ အတိုက်အခံပေါင်းစုံ မဟာမိတ်အ ဖွဲ့-ဖွဲ့စဉ်ကလည်း၊ထိုတောင်းဆိုချက်များကိုပင် ထပ်မံပေါ် ပြတောင်းဆိုခဲ့ကြသည်။ထို့နောက် ပ-မ-ည-တ- အဖွဲ့က ရွေးကောက်ပွဲအပေါ် သဘောထား ကြေငြာချက်တင်ပြ စဉ်ကလည်း၊ ထိုအချက်များကို ထပ်မံတောင်းဆိုကြရပြန် လေသည်၊ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်မြောက်နိုင် ရန်အတွက်။ ပ-မ-ည-တ-နှင့် တကွ အားလုံးသော အတိုက် အခံ နိုင်ငံရေးပါတီများတို့က တင်ပြခဲ့သည့် အချက်များ မှာ။

၁။ နိုင်ငံရေး လွတ်ကိန်းအမျိုးမျိုးတို့ဖြင့် မတရားဖမ်းဆီးထားသော အကျဉ်းသမားများကို လွှတ်ပေးရန်။
၂။ ဖိနှိပ် ချုပ်ချယ်သော ဒီမိုကရေစီ အာသရေဖျက် ဥပဒေများကို ရုပ်သိမ်းရန်။
၃။ တပါတီ ခါးပိုက်ဆောင် ပြုစောသီး ကာကွယ်ရေးစသည့် လက်နက်ကိုင်တပ်များကို ရုပ်သိမ်းပေးရန်။
၄။ မတရားသင်း ကြေငြာထားသော နိုင်ငံရေးအဖွဲ့အစည်းများကိုတရားဝင်ပြန်လည်ရပ်တည်လှုပ်ရှားနိုင်ခွင့်ပေးရန်။
၅။ နိုင်ငံရေးပါတီ အဖွဲ့အစည်းအသီးသီး၏ ကိုယ်စားလှယ်များ ပါဝင်သော ပူးတွဲကော်မရှင်တရပ် ဖွဲ့စည်း၍ ထိုကော်မရှင်မှ စီမံအုပ်ချုပ်မှုအောက်တွင် ရွေးကောက်ပွဲကိုကျင်းပရန်။
၆။ ပြည်တွင်းစစ်ရပ်စဲ၍ ပြည်တွင်းငြိမ်းချမ်းရေး ထူထောင်ရန်။

စသည့်အချက်များပင်ဖြစ်ပေသည်။

ဤအခြေအနေတွင် လက်နက်ကိုင် တောခိုနေရသော ဗမာပြည် ကွန်မြူနစ်ပါတီမှ နိုင်ငံအစိုးရအား၊ ပြည်သူတို့ဆန္ဒအရ ပြည်တွင်းစစ် ရပ်စဲရေးအတွက် တွေ့ဆုံဆွေးနွေးရန်၊ စကားကမ်းလှမ်းခဲ့ပေသည်၊ ထိုစကားကမ်းလှမ်းချက်ကို နိုင်ငံအစိုးရသည် ကြီးမားကျယ်ပြန့်၍ အပြင်းအထန်ဆုံးထိုးစစ်တခု ဖြစ်သည့် အောင်မာယာစစ်ဆင်ရေးဖြင့် စစ်

ရေးအရ ငြင်းပယ် ပြန်ကြားပြီးလျှင်၊ နိုင်ငံရေး အရမှ ၁၉၅၆- ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ကို နောက်ဆုံးထား၍ လက်နက်ချကြ၊ သို့မဟုတ်လျှင် ပြန်လမ်းမရှိ၊ အပြတ်တိုက်ရလိမ့်မည်ဟု ပြန်ကြားခဲ့လေသည်။

အမျိုးသား ညီညွတ်ရေး တပ်ပေါင်းစု နှင့် ထိုစဉ်က ဖွဲ့စည်းခဲ့သော အတိုက်အခံပေါင်းစုံမဟာမိတ်အဖွဲ့အပြင် ငြိမ်းချမ်းရေးရယူလိုသည့် ပါတီအဖွဲ့အစည်းများနှင့် ပြည်သူအုံသည်ပင်၊ မြေအောက်ရှိ ဗမာပြည် ကွန်မြူနစ်ပါတီသည်ပင် တွေ့ဆုံဆွေးနွေးရေး အတွက် ထပ်ပံ၍ အကြိမ်ကြိမ်အခါခါ တိုက်တွန်း ဆန္ဒပြုကြလေသည်၊ အမျိုးမျိုး ကမ်းလှမ်းစေ့စပ်ခဲ့လေသည်၊ ဤသို့ဖြင့် ပြည်တွင်းစစ်ရပ်စဲရေးပြဿနာသည် တနိုင်ငံလုံးကို လွှမ်းခြုံ၍ ရှေ့တန်းသို့ ရောက်လာပေတော့သည်၊ ပြည်သူတို့၏ ငြိမ်းချမ်းရေး ဆန္ဒသည်လည်း တနေ့တခြားပြင်းထန်လာပေတော့၏။

သို့ဖြင့် ၁၉၅၆- ခုနှစ်၊ ဇန်နဝါရီလ ၁၀-ရက်နေ့ နိုင်ငံအစိုးရဝန်ကြီးချုပ် ဦးနု၏သတင်းစာကွန်ဖရင့်တွင်၊ ဦးနုက သတင်းစာဆရာများ၏ မေးခွန်းကို အနိုင်အမာပြန်လည်ဖြေကြားရာ၌ "ဗမာပြည် ကွန်မြူနစ်ပါတီက ချွင်းချက်မရှိ လက်နက်ချလျှင်တရားဝင် တည်နေခွင့်ကို အသိအမှတ်ပြုမည်ဖြစ်ကြောင်း၊ ထိုသို့ပြုယုံသာမက ကွန်မြူနစ်ပါတီနှင့် လူထုရှေ့မှောက်တွင် ဒီမိုကရေစီနည်းအရ အချိန်မရွေး လှုပ်ရှားနိုင်ရဲကြောင်း"ပြောဆိုကြေငြာခဲ့လေသည်။

ဤအချက်ကို အခြေခံ၍ ဗမာပြည် ကွန်မြူနစ် ပါတီက ဝန်ကြီးချုပ်၏ ကြေငြာပြောဆိုချက်အတိုင်း မည်သို့တရား

ဝင် တည်နေခွင့်ပြုမည်၊ မည်သို့ လွတ်လပ်စွာ ဟောပြောခွင့် အရွေးခံခွင့်ရှိမည်ဆိုသောအချက်များကို တွေ့ဆုံဆွေးနွေးပါရစေဟု ဇန်နဝါရီလ၊ ၂၀-ရက်နေ့တွင် အစိုးရနှင့်တိုက်ရိုက်ကမ်းလှမ်းခဲ့သည်ဟု ကြားသိရပါသည်။ ထို့နောက် ဗိုလ်မှူးလကျ်ာမှတဆင့် ပထမ ဆွေးနွေးခဲ့ကြသည်ဟုသိရသည်၊ ထိုသို့တွေ့ဆုံဆွေးနွေးနိုင်ရန်၊အခြေခံအချက်များပွင့်လာခဲ့ပြီးမှ၊ မတ်လ- ၂၅၊ ရက်နေ့တွင်မှပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင်လေးက လက်မခံကြောင်း၊ လက်နက်ချရေးသာ အဓိကဖြစ်ကြောင်းဖြင့်၊ ပြန်ကြားငြင်းပယ်ခဲ့ခြင်းဖြင့် ငြိမ်းချမ်းရေးတံခါးကို ပိတ်စေခဲ့လေသည်။ ထိုသတင်းကို ကြားလိုက်ရသည့် ပြည်တွင်းငြိမ်းချမ်းရေးကို အာသာငမ်းငမ်းတောင့်တလျက်ရှိသော ပြည်သူတရပ်လုံးအား ယူကြုံးမရဖြစ်စေလေသည်။ ထို့နောက် ငြိမ်းချမ်းရေး အောင်သွယ်ကြီး ဗိုလ်မှူးလကျ်ာက ကုတင်နှင့် ညောင်စောင်း အခေါ်ကွဲလွဲသလောက်သာရှိပါသည်၊ နှစ်ဘက်စလုံးဆက်လက်ကြိုးစားကြပါရန်နှင့် ဤသို့ဖြစ်ခဲ့ရာတွင် ချို့ယွင်းချက်များရှိခဲ့ပါကကျွန်ုပ်၏ ချို့ယွင်းချက်များသာဖြစ်သည်ဟူ၍ ဆက်လက်တံခါးဖွင့် ကြေငြာချက်တစောင်ကို ထုတ်ပြန်ခဲ့လေသည်။ အလားတူ ကွန်မြူနစ် ပါတီကလည်း စေ့စပ်ရေးလမ်းစ မကုန်သေးပါကြောင်း နှင့် ကြေငြာသည်ဟု သိရကြပေသည်။

ဤသို့ငြိမ်းချမ်းရေး တံခါးပိတ်လိုက်ပြီးနောက် ဖ-ဆ-ပ-လ-အစိုးရသည် ပြည်တွင်းစစ် လမ်းစဉ်ကို ကိုင်စွဲ၍ တပ်ပါတီ ခါးပိုက်ဆောင် ပြူစောထိုး တပ်များကို အား

ဖြည့်ကာ မတရား မျှတသည့် ရွေးကောက်ပွဲကြီးကို ကျင်းပရန် ဇွတ်မ-တင်းပင် ခိုင်းပြင်းကြေညာခဲ့လေသည်။

ထိုအခါ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုကြီးသည် တပြည်လုံး၏ ငြိမ်းချမ်းရေးဆန္ဒပြ တိုက်ပွဲကြီးအား၊ ပြည်သူ့အားဖြင့် ဆက်လက် မြှင့်တင် နိုင်စေရေးအတွက် မတရား မျှတသည့် ရွေးကောက်ပွဲကိုပင် ရင်ဆိုင်အသုံးချကာငြိမ်းချမ်းရေး တိုက်ပွဲကို တဆင့်မြှင့်မားစေခဲ့လေသည်။ ဖ-ဆ-ပ-လ-တို့၏ ရွေးကောက်ပွဲအတွင်း မတရားဖိနှိပ်မှုများကိုရင်း၊ အပြုတ်တိုက်ရေး ပြည်တွင်းစစ် လမ်းစဉ်ကိုရင်း ရသမျှအခွင့်အရေးကိုအသုံးချ၍ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေး တိုက်ပွဲများကိုဆက်စပ်ကာပြည်သူ တရပ်လုံး၏အင်အားဖြင့်အရှိန်ပြင်းစွာခုခံဆန့်ကျင်နိုင်ခဲ့ကြလေသည်၊ သို့သော်လည်း အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုသည် ရွေးကောက်ပွဲ တိုက်ပွဲကိုဝင်ရောက်ဆင်နွှဲရာတွင်၊လမ်းစဉ် စည်းရုံးရေး စနစ်တကျလုပ်ဆောင် စီမံရေးနှင့် ငွေကြေး ပြဿနာ၊ ဤလေးရပ်တွင် မှန်ကန်သော လမ်းစဉ်ကို တင်ပြ တိုက်ပွဲဝင်နိုင်ခဲ့ခြင်းမှတပါး အခြားလိုအပ်သည့် ၃ ရပ်မှာ များစွာချို့ယွင်းခဲ့ပေသည်။ ဤသည်ကား တပ်ပေါင်းစု သင်ခန်းစာများ ဖြစ်လိုက်ပေသည်။

သို့သော် အားလုံးကိုခြုံ၍ ဆန်းစစ်လျှင် ငြိမ်းချမ်းရေး တိုက်ပွဲကြီး၏ အနှစ်သာရကား တပြည်လုံးသို့ ကျယ်ပြန့်နှံ့လွှမ်းမိုးခဲ့လေသည်။

ပြီးခဲ့သော ပြည်သူ့လွှတ်တော် ပါလီမန်ရွေးကောက်ပွဲတွင် ပြည်သူလူထု မဲပေးခြင်းနှင့် ပါတ်သက်၍ ဆန်းစစ်ချက်။

ရွေးကောက်ပွဲ ဝင်ခဲ့ကြသော အဖွဲ့များကို အင်အားစုများအနေဖြင့် ခွဲခြမ်းပြင်းစုစည်းကြည့်လျှင် ၃-ခုရှိသည်ကိုတွေ့ကြရပေမည်၊ ထိုသုံးခုမှာ (၁) ဖဆပလ (၂) ပမညတ (၃) ဒီမိုကရက်နှင့် အမျိုးသားပေါင်းစုံ အုပ်စုဟူ၍ဖြစ်ပေသည်။ ထိုသုံးစု၏ အင်အားနှင့် လူထုထံမှ မဲရပုံ မဲရနည်းများကို ဆန်းစစ်ကြည့်ကြစို့။

(၁) ဖ-ဆ-ပ-လ-သည် အမတ်အများဆုံးရရှိ၍အစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်သော အင်အားစုဖြစ်သည်။ သို့သော် မဲအရေအတွက် ရရှပေါင်းတွင်ကား ပ-မ-ည-တနှင့် အပြတ်အသတ်မကွာခြား မတိမ်းမယိမ်း လောက်သာကွာခြားသည်။ ၎င်းသို့လွှတ်တော်တွင်းတွင် အမတ်အများဆုံးရ၍ မဲအရေအတွက်များခြင်း၏ အဓိပ္ပါယ်မှာ အဘယ်နည်း။

ဖ-ဆ-ပ-လသည် အာဏာကို ကိုင်စွဲလာသည်။ ရှစ်နှစ်ကျော် ကိုးနှစ်မျှ အစိုးရအဖွဲ့အနေဖြင့် တစစ်တည်းတသမတ်တည်း အုပ်စိုးခွင့်ရရှိလာသည်မှာ ထိုရှစ်နှစ်ကျော် ကိုးနှစ်ကာလ တလျှောက်လုံးပင်ဖြစ်သည်၊ ထို့ကြောင့်၎င်း၏ အရှိန်အဝါသည် သေးငယ်သည် မဟုတ်၊ လူထုထဲတွင် လောလောဆယ် လက်ငင်းအခွင့် အရေးကလေးများအလွှတ်ခံလိုလျှင် ဖ-ဆ-ပ-လ-ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ကျားပိန်တွယ် တွယ်ထားရဦးမည် ဟူသော

အယူအဆရှိသူ လက်ငင်းအခွင့်အရေး သမားများသည်လည်း ရှိနေသေးသည်။ ဒုတိယအချက်မှာ ရှစ်နှစ် ကိုးနှစ်ကာလ တလျှောက်လုံးတွင် ဖ-ဆ-ပ-လ-၏ ဝါးသည့် လူထုအပေါ်တွင် အဓွာအတောကင်းမဲ့စွာ အသွားထက်မြခဲ့သည်၊ တရားဥပဒေအတွင်း ဖိနှိပ်လုပ်ကြံ၍၊ တရားဥပဒေအပြင်ထွက်၍ လက်နက်ကိုင်ပြောက်ကြားပြု စောထီးကာကွယ်ရေး စသည့်အမည် အမျိုးမျိုးဖြင့် ဝါ ပြတိုက်၊ ပြန်ပေးဆွဲ လူသတ်စသော ညှင်းပန်း နှိပ်စက်မှုများသည်လည်း လူထုအတွင်း ၎င်းတို့၏ ဆန့်ဖေါ် ထုတ်လိုမှုကို ကြီးစွာအဟန့်အတားဖြစ်ခဲ့သည်၊ ထိုသို့ ရှစ်နှစ်ကျော် ကိုးနှစ်ကာလ ပါတ်လုံးတသမတ်တည်း ကျင့်သုံးလာခဲ့သော ဖ ဆ၊ ပ၊ လ ၏ ကျင့်စဉ်များအပြင် ရွေးကောက်ပွဲကျင်းပတော့မည်ဟု ဆိုသည်နှင့်တပြိုင်နက် ထပ်မံ မောင်း တင် အားဖြည့်၍ ကျင့်သုံးလာခဲ့သော အခမ္ဘုမျိုးများသည်လည်း စာအုပ်တအုပ် သတ်သတ်ရေးသားဖေါ်ပြ၍လည်း ကုန်နိုင်တွယ်မရှိပေ၊ မဲစာရင်းကောက်သည်မှအစ လျှောက်လွှာစစ်ဆေးလက်ခံရာတွင်၎င်း၊ နယ်လှည့်ဟောပြောခွင့်များသည်၎င်း၊ နောက်ဆုံးမဲရေတွက်ရာတွင်၎င်း၊ နည်းအမျိုးမျိုးဖြင့် ညစ်ပါတ်ရှုတ်မာခဲ့ကြသည်ကို ပြည်သူအားလုံး သိပြီးဖြစ်ပေသည်၊ ထို့ပြင်ယခုနောက်ဆုံး အခြေအနေ၌ကား အမတ်လောင်းများနှင့် အမတ်လောင်းကိုယ်စားလှယ်များကို ပစ်သတ်ခြင်း၊ မဲထဲ့ရန်လာသော လူထုကိုပင် ဆီးကြိုပြစ်ခတ်ခြင်း၊ ပြည်သူ့ ခေါင်းဆောင်များအား ထုပ်ကြံရန် ဇိမံလာခြင်း စသည်တို့မှာ၊ မည်သို့မျှ ဖြန့်လည်၍ ရှင်းလင်း

ချက် မထုတ်တော့ဘဲ၊ ပြောင်ပြောင်ပင် ကျူးလွန်နေသော အချက်များဖြစ်ပေသည်။ ထို့ကြောင့် ဖ-ဆ-ပ-လ-သည် ဤမတရား ရွေးကောက်ပွဲတွင် အနိုင်ရသည်မှာ အဆန်း တကျယ်မဟုတ်ပေ၊ သို့ရာတွင် ဖ-ဆ-ပ-လ-အား အကောင်းဘက် ကယ်တင်ခဲ့သည်ဟု ဆိုနိုင်သော အချက် တချက်သည်လည်း ရှိခဲ့သေးသည်။ ၁၉၅၄-ခုနှစ်နောက်ပိုင်းလောက်မှစ၍ ကမ္ဘာ့လူသားတို့၏ ငြိမ်းချမ်းရေးဆန္ဒဖြင့် ကမ္ဘာတွင် လှုပ်ရှားမြင့်မားလာသော ငြိမ်းချမ်းရေး တိုက်ပွဲအရှိန်အဝါကြောင့်၎င်း မြန်မာနိုင်ငံ ပြည်သူလူထု၏ ငြိမ်းချမ်းရေး တိုက်ပွဲကြောင့်၎င်း၊ ဖ-ဆ-ပ-လ-အစိုးရသည် စစ်အုပ်စုအတွင်း မဝင်ရောက်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး ထိမ်းသိမ်းကာကွယ်ရေး လုပ်ငန်းများကို လုပ်လာရသျှက် လွတ်လပ်စွာ ကြားနေရေးဝါဒကို ကြေငြာခဲ့ရသည်။ ရွေးကောက်ပွဲမတိုင်မီ၂-နှစ်လောက်အချိန်တွင် ကမ္ဘာ့ နိုင်ငံများ ကလေးစားကြ ရသည့် နိုင်ငံခြား ဆက်ဆံရေး ချစ်ကြည်ရေး လုပ်ငန်းများကို လုပ်ခဲ့ကြသည် နောက်ဆုံးမတူသော စံနစ်နှစ်ခုသည် ငြိမ်းချမ်းစွာ ယှဉ်ပြိုင်နေနိုင်သည်ဟူသောမူကို အခြေခံလျက်၊ နိုင်ငံခြားဆက်ဆံရေးမူ 'မူ-၅'ချက်ကို ကြေညာခဲ့လေသည်။ ဤလုပ်ရပ်များသည် ရွေးကောက်ပွဲအတွင်း ဖ-ဆ-ပ-လ-က ရှေ့တန်းထုတ်၍ အပြောကောင်းကောင်းပြရန် ဖြစ်ခဲ့၍ ထယ်ထယ်ဝါဝါ ထုတ်ဖော်ကြွားနိုင်ပေသည်။ ဤအချက်သည်လည်း ဖ-ဆ-ပ-လ-အတွက် အထောက်အပန့် တခုဖြစ်သွားပေသည်။ သို့ရာတွင် နိုင်ငံခြားရေး ဆက်ဆံရေး

အခမ်း ကမ္ဘာ့ငြိမ်းချမ်းရေး လုပ်ရပ်တွင်ပင်၊ ၎င်းတို့၏ မတည်ငြိမ် မပြတ်သားမှု၊ တွေဝေမှု စသည်တို့သည် ၎င်းတို့အား ပြန်လည်အားလျော့စေပေသည်။ ထိခိုက်စေပေသည်။

(၂) ပ-မ-ည-တ-သည် ဖ-ဆ-ပ-လ-နှင့် စာသော် အမတ်လေးပုံတပုံခန့်သာ ရရှိသည်။ သို့သော် ယင်းအရေအတွက်အားဖြင့်ကား ကပ်၍လိုက်နိုင်ခဲ့သည်။ အဘယ့်ကြောင့်နည်း၊ ပ-မ-ည-တ-သည် ဖ-ဆ-ပ-လ၏ ပါတီ အာဏာ လက်ဝါးကြီးအုပ်ပြီး ထင်တိုင်းကြမ်းမိုး အုပ်စိုးခြင်းကို အတိုက်အခံပြုပြီး ဒီမိုကရေစီ အလံကို လွှင့်ထူခဲ့သည်။ ဈေးနှုန်းစေ့စပ်ရေးမှုဖြင့် ပြည်တွင်း ငြိမ်းချမ်းရေးထူထောင်ရန် လှုံ့ဆော်ခဲ့သည်။ ပ-မ-ည-တ-သည် ပြည်သူလူထုရင်ဆိုင်နေရသောစီးပွါးရေး အခက်အခဲများမှ သက်သာ ချောင်ချိစေရန် နည်းလမ်းများကို တင်ပြခဲ့ကြသည်။ ပ-မ-ည-တ-သည် နယ်ချဲ့အရင်းရှင်လက်အောက်မှ လုံးဝကင်းလွတ်သော အမျိုးသားစီးပွါးရေး လုပ်ငန်းစဉ်များကို တင်ပြခဲ့ကြသည်။ ပ၊မ၊ည၊တ၊အား ပြည်သူလူထုက ထောက်ခံအားပေးကြခြင်းမှာ ပ၊မ၊ည၊တ၊၏ ပြည်တွင်းငြိမ်းချမ်းရေး ဒီမိုကရေစီရေးနှင့်စီးပွါးရေးသက်သာချောင်ချိရေး၊ အမျိုးသား စီးပွါးရေး လမ်းစဉ်များကို အတည်ပြုလိုက်ကြခြင်း ဖြစ်သည်။ ပြည်တွင်းငြိမ်းချမ်းရေး အင်အားစု၏ လှုပ်ရှားမှုနှင့် ဖ၊ဆ၊ပ၊လ၊ပါတီ အာဏာလက်ဝါးကြီးအုပ်ပြီး ထင်တိုင်းကြမ်းမိုး အုပ်

ခိုးခြင်းကို ဆန့်ကျင်သူတို့၏ လှုပ်ရှားမှုတို့သည် ကြီးစွာသော အရှိန်ဖြင့် တိုးတက်လာကြောင်း ဤရွေးကောက်ပွဲတွင် တွေ့မြင်ကြရပေသည်။ ပြည်သူတို့သည် ပ၊မ၊ည၊တ အား မဲပေးရခြင်းမှာ အခက်အခဲ အမျိုးမျိုးကြားမှ ပေးရသောမဲဖြစ်သည်။ ဖ၊ဆ၊ပ၊လ၏ ဖိနှိပ်ချုပ်ချယ်မှုများကိုထိုးပေါက်၍၎င်း အခွင့်အရေးများဖြင့်လည်း လာဘ်ထိုးခြင်းကို ဆန့်ကျင်၍၎င်း မဲပေးရခြင်းဖြစ်သည်။ ဤသို့သော မတရားမှု မျိုးမရှိဘူး ဆိုပါက ပ-မ-ည-တ-သည် မဲ အရေအတွက် အားဖြင့်၎င်း၊ အမတ်အရေအတွက်အားဖြင့်၎င်း ဖ၊ဆ၊ပ၊လ ထက် ပိုမိုများပြားလျက် အစိုးရဖွဲ့နိုင်မည့်အထိ အမတ်ဦးရေရရှိမည်မှာ အလွန်သေချာပေသည်။

(၃) အမျိုးသားအုပ်စု နှင့် ဒီမိုကရက် ပါဝင်ယှဉ်ပြိုင်သည့် အမတ်ဦးရေ မများလှပေ။ တပြည်လုံး နှင့် ချိုကြည့်လျှင် ၎င်းအင်အားစုများရရှိခဲ့သည့် အမတ်အရေအတွက်မှာ နည်းပါးခဲ့သော်လည်း အချို့သောဒေသများ၌ ၎င်းရရှိခဲ့သည့် မဲအရေအတွက်မှာ မနည်းလှပေ။ ဤသို့မနည်းလှသော မဲအရေအတွက်ကိုရရှိခဲ့ခြင်းမှာ ၎င်းတို့သည်လည်း ဖ-ဆ-တပါတီ အာဏာရှင်စံနစ်ကို အတိုက်အခံပြုခဲ့ခြင်း၊ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ကြွေးကြော်ခဲ့ခြင်း၊ ဖ-ဆ-၏ ဒီမိုကရေစီ ချိုးဖျက်ခြင်းများကို ဖွင့်ချကာ ဒီမိုကရေစီအခွင့်အရေးများကိုဖော်ထုတ်တောင်းဆိုခြင်း စသည်တို့ကြောင့်ဖြစ်ပေသည်။ သို့သော် အင်အားဖြင့် ဤရွေးကောက်ပွဲ အဖွဲ့အစည်းများအဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့သော အင်အားစုများအနက် မဲအနည်းဆုံးရရှိသော

အဖွဲ့အစည်းဖြစ်ခဲ့ခြင်းမှာ ၎င်းတို့နယ်မြေ၌ ပူးပေါင်းရန် ရှေ့နေလိုက်မှု၊ နယ်မြေ့အပေါ်မပြတ်သားမှု၊ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းမှု ထူထောင်ရေး၊ ဒီမိုကရေစီ အခွင့်အရေးတို့ဘက်မှ ပြတ်သားစွာ-တည်ကြည်စွာ မရပ်တည်ခဲ့ခြင်းကြောင့်ဖြစ်သည်။ ထို့အပြင် အတိတ်ကာလက ၎င်းတို့ အပေါ်တွင်ရှိနေခဲ့သော နိုင်ငံရေး အမဲစက်များကြောင့်လည်း ဖြစ်သည်။

(၄) တသီးပုဂ္ဂလများပြိုင်ခဲ့သည့်ရွေးကောက်ပွဲ၌ တသီးပုဂ္ဂလများရရှိခဲ့သည့် ရုစုပေါင်းမဲအရေအတွက် နှင့် အမတ်အရေအတွက်မှာ မနည်းလှပေ။ ဤသည်မှာ ပြည်သူတို့က ဖ-ဆ-တပါတီ အာဏာရှင်စံနစ် နှင့် ၎င်း၏နေရာတကာ အနိုင်ကျင့်မှုများကိုဆန့်ကျင်ကာ တသီးပုဂ္ဂလများကို ရွေးချယ်ခြင်းပင် ဖြစ်ပေသည်။ ဖ-ဆ-တပါတီ အာဏာရှင်စံနစ်နှင့် အဖွဲ့ဖိနှိပ်မှုများကို ပြည်သူတို့က မည်မျှမလိုလား ဆန့်ကျင်ကြောင်းကို ပြပေသည်။

အချုပ်အားဖြင့်ဆိုရလျှင် ပြီးခဲ့သည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ၌ ပြည်မနှင့်ရခိုင်ပြည်မှာ ဆုံးရှုံးသောသူမှာ "တပါတီ အာဏာရှင်စံနစ်ကိုသုံးလျက် ဒီမိုကရေစီအခွင့်အရေးများကို ချိုးဖျက်ပြီး" ပြည်တွင်း ငြိမ်းချမ်းရေးကို ဆန့်ကျင်ငြင်းဆန်ခဲ့သည့် ဖ-ဆ-ပ-လ-အဖွဲ့သာလျှင် ဖြစ်ပေသည်။

(၅) ပြည်နယ်များ။ ။ဤနယ်များတွင် မဲပေးခြင်း စာရင်းကိုကြည့်မည်ဆိုလျှင်အကြမ်းအားဖြင့် တွေ့ရှိရသည့်

အချက်မှာ ပြည်နယ်တို့၏ နိုင်ငံရေးနိုးကြားမှုမှာ တပြေးညီ ရှာမရှိကြောင်း တွေ့ရပေသည်။ မည်သို့ပင်ဖြစ်စေ ပြည်နယ်အားလုံးကပြန်ကြည့်လျှင် ယေဘုယျအားဖြင့် ပေါက်ပြန်ရေးအင်အားစုတို့က လွှမ်းမိုးနေပြီး ပြည်သူတို့၏အင်အားမှာ သေးငယ်လျက်ပင်ရှိနေပေသေးသည်။

ကရင်ပြည်နယ်။ ။အခြေအတွက် များစွာ မကွာခြားလှသော်လည်း ဝင်ရောက်ယှဉ်ပြိုင်သည့် အတိုက်အခံ အင်အားစုများမှာ မစည်းလုံးနိုင်သဖြင့်၎င်း၊ တိုးတက်သော လမ်းစဉ်ဖြင့် တိုက်ပွဲမဝင်နိုင်ခဲ့သဖြင့်၎င်း ဖ-ဆ-ပ-လ-အင်အားစုများက နေရာတကာအများစုကို ရရှိသွားခဲ့သည်။

ချင်းဒေသတိုင်း တွင်လည်း ဖ-ဆ-ကြီးစိုးဆဲပင် ဖြစ်သည်။

ကယားပြည်နယ်၌မူ။ ။ ဖ၊ ဆ၊ ပ၊ လ ရရှိခဲ့သည့် မဲထက် တသီးပုဂ္ဂလအဖြစ် ရရှိသည့်မဲစုစုပေါင်းက ပိုမိုများပြားသော်လည်း စုစုစည်းစည်းမတိုက်နိုင်သဖြင့် မဲကွဲကာ ဖ၊ ဆ၊ ပ၊ လ၊ အင်အားစုများက ချည်းအနိုင်ရရှိသွားခဲ့ကြသည်။

နာဂတောင်တန်းဒေသတွင်။ ။ဖ၊ ဆ၊ ပ၊ လ၊ က ပြိုင်ဘက်မရှိနေရာယူသွားခဲ့သည်။ နိုင်ငံရေးနိုးကြားမှုလုံးဝ မရှိပေ။

ရခိုင်ပြည်တွင်မူ။ ဖ၊ဆ၊ပ၊လ အရှုံးရသည့် ရခိုင်ပြည်သူတို့၏ နိုးကြားတက်ကြွမှုကို အခွင့်အနိုင်ကျင့်၍ မဲခိုးကာ အမတ်ဦးရေကို ပိုမိုရရှိအောင် ယူသွားခဲ့သည်။ ရခိုင်

ပြည်သူ လူထု၏ ပြည်နယ်ရလိုမှုနှင့် ဖ-ဆ- ပါတီ ဖိနှိပ်မှု အုပ်စိုးမှုကို ဆန့်ကျင်သည့်အ နိုးကြွမှုမှာ မသေးငယ် လှပေ။ အဓမ္မဖိနှိပ်မှု အကြားမှပင် ရ-တ-ည၊ သည်မဲအရေအတွက် အများစုနှင့် အမတ်အများစုကို ရရှိနိုင်ခဲ့ပေသေးသည်။

ရှမ်းပြည်တွင်မူ။ ။ဖ-ဆ ဩဇာမှာ များစွာပင်ကြီးမားနေသေးကြောင်း တွေ့ရပေသည်။ ဖ-ဆ ၏ ရက်စက်သောနှိပ်ကွပ်မှု၊ သတ်ဖြတ်မှုကို တုန့်ပြန် ရင်ဆိုင်ရန်မှာ အလွန်ကြီးမားသည့် ပြဿနာတရပ်အဖြစ် ရှိနေပေသည်။

ကချင်ပြည်နယ်၌မူ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေး ကြွေးကြော်သံကို လွှင့်ထူခဲ့သော ပ-ယ-က-ဖ မှာ တပွဲခြင်းကြည့်လျှင် အမတ်အများစုကို ရရှိခဲ့သည်။ သို့သော် ပ-ယ-က-ဖ အနေနှင့် ဖ-ဆ ကို ဆန့်ကျင်ရာ၌ မပြတ်သားသေးပေ။ ဖ-ဆ ဩဇာနှင့် ဖိနှိပ်မှုများမှာ လွှမ်းမိုးလျက်ပင်ရှိနေပေသေးသည်။

အချုပ်အားဖြင့် ပြည်နယ်အားလုံး၏ အခြေအနေအရပ်ရပ်ကို ပြန်ကြည့်လျှင် လူမျိုးစုများ စည်းလုံးနိုးကြားလာရေးအတွက်၊ ပ-မ ည-တ သည် လုပ်ဆောင်စရာ တာဝန်ကြီးမားစွာ ရှိနေသေးကြောင်းကို ညွှန်ပြနေပေသည်။

(၆) ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ လွတ်လပ်ခွင့်များ သာမရှိပါလျှင်၊ ဤရွေးကောက်ပွဲမှာ မတရားရွေးကောက်ပွဲသာ ဖြစ်လိမ့်မည်။ ထို့ကြောင့်တရားမျှတ လွတ်လပ်သော ရွေးကောက်ပွဲဖြစ်စေရန်အတွက် ပြည်တွင်းစစ်ကို ရပ်စဲကာ ပြည်တွင်းငြိမ်းချမ်းရေးကို ထူထောင်ပေးပါ၊ ဒီမိုကရေစီ လွတ်လပ်ခွင့်များကို ပြည်သူတို့အားပေးအပ်

ပါ၊ ငြိမ်းရေးရယူပြီးမှ ရွေးကောက်ပွဲကို ကျင်းပပါ ဟူ၍ ပ၊မ၊ည၊တ၊ အဖွဲ့က တင်ပြတောင်းဆိုခဲ့သည်။ သို့သော် ဖ၊ဆ၊ပ၊လ၊သည် ပြည်တွင်းစစ်ကိုလည်း မရပ်စဲ၊ စေ့စပ် ဆွေးနွေးခြင်းကိုလည်း လက်မခံဘဲ၊ တဘက်သတ် အနိုင် ကျင့်သည့် ရွေးကောက်ပွဲကိုသာ အမြန်ကျင်းပခဲ့သည်။

ပ မ ည တ သည် ဖ၊ဆ၊ပ၊လ၊အစိုးရက တဘက်သတ် အနိုင်ကျင့်သော ရွေးကောက်ပွဲ၏ မတရားမှုများနှင့် မလွတ် လပ်မှုများကို ခုခံဆန့်ကျင်လျက် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေး အတွက် ရဲဝန့်စွာဆန္ဒပြကြရန် လှုံ့ဆော် စည်းရုံးတိုက်ပွဲဝင်ခဲ့သည်။ ဤသို့ဖြင့် ဖ-ဆ-အစိုးရ၏ ဒီမို ကရေစီ အခေါင်အယောင် ရွေးကောက်ပွဲအား ပြည်သူ တို့၏ ငြိမ်းချမ်းနှင့် ဒီမိုကရေစီရေးတိုက်ပွဲအဖြစ် ပြောင်းလဲ ပေးနိုင်ခဲ့သည်၊ ဤသို့တိုက်ပွဲဆင်ခဲ့ခြင်းဖြင့် ဖ-ဆ-၏မတရား မှုများနှင့် ဖိနှိပ်ရက်စက်မှုများအကြားမှပင် ငြိမ်းချမ်းရေး နှင့် ဒီမိုကရေစီ အင်အားစုများကို အထင်အရှား ကျယ်ပြန့် ကြီးမားစေခဲ့သည့်ပြင်၊ လွှတ်တော်တွင်း၌လည်း ပြည်သူ့ ကိုယ်စားလှယ်အစစ်များကို ပြည်သူတို့က ပို့လွှတ်နိုင်ခဲ့ကြ သည်၊ ဤသို့ဖြင့် ပြည်သူတို့၏လိုလားချက်များကို ဆက်လက် အကောင် အထည်ဖေါ်ရန် ကောင်းသော အလားအလာ များကို ဖေါ်ထုတ်ပြုရပေးနိုင်ခဲ့သည်။ ဤသည်ကပင် ကျွန်ုပ် တို့၏ ရွေးကောက်ပွဲအား တိုက်ပွဲတခုအဖြစ်ပါဝင် ဆင်နွှဲ ခဲ့သည့်နည်းပရိယာယ်မှန်ကန်ကြောင်းကို ပြနေခြင်းဖြစ်ပေ သည်။

ဤရွေးကောက်ပွဲတိုက်ပွဲမှ ကျွန်ုပ်တို့ရရှိခဲ့သည့်သင်ခန်း စာမှာ တဘက်တွင် ဤသို့ တိုင်းပြည်တွင်း၌ ငြိမ်းချမ်းခြင်း လည်းမရှိ၊ ပါတီ အာဏာရှင်စံနစ်ဖြင့်လည်း တဘက်သတ် ဖိနှိပ်ခြင်း၊ ဒီမိုကရေစီ လွတ်လပ်ခွင့်များအား ပါယ်ဖျက် ခြင်းခံနေရသည့် မတရားရွေးကောက်ပွဲမှ ပြည်သူတို့က အာ ဏာကို မရယူနိုင်ဟူသောအချက်နှင့် အခြားတဘက်တွင်မူ ရသမျှ ဒီမိုကရေစီ အခွင့်အရေး ကလေးကိုပင် ပြန်လည် အသုံးချကာ တိုက်ပွဲဆင်ခြင်းဖြင့် ပြည်သူတို့၏ ရည်မှန်း ချက်နှင့် လိုလားချက်များအား အပြီးအပိုင် အကောင် အထည်ဖေါ်နိုင်ရန်အတွက် ကောင်းသောအလားအလာ အခွင့်အလမ်းကိုပြုရဖန်တီးနိုင်သည်ဟူသော အချက်ကိုပင် ဖြစ်သည်။

(၇) ပြီးခဲ့သည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတိုက် ပွဲတွင် ပ၊မ၊ည၊တ သည် ဖ၊ဆ၊ပ၊လ အား နိုင်ငံရေးနှင့် စည်းရုံးရေးအရ အောင်မြင်မှုကို ရရှိခဲ့သည်ဆိုသည့်အချက် ကို မည်သည့်အင်အားစု အတွင်းတွင်မှ အငြင်းမပွါးပေ၊ ဖ၊ဆ ကိုယ်တိုင်ကလည်း ဝန်ခံခဲ့ရပေသည်။

ဤသို့ပြည်သူတို့၏ ရှေ့တိုးအောင်မြင်မှုကို တွေ့မြင် သည်နှင့်တပြိုင်နက် ဖ၊ဆ၊ပ၊လ အစိုးရသည်၊ ပ၊မ၊ည တ ၏အောင်မြင်မှုမှာ ငွေကို ရေလို သုံး သော ကြောင့် ဟူ၍ ၎င်း၊ တောတွင်းသူပုန်များက လက်နက်ဖြင့် ခြိမ်းခြောက် ပေးသောကြောင့်၎င်း၊ ပုတ်ခတ်ပြောဆိုလာခဲ့သည်၊ ဤသို့ ပြောဆိုလာခြင်းမှာ အမှန်စင်စစ်အားဖြင့် ပ၊မ၊ည၊တ နှင့် ပြည်သူတို့၏အောင်ပွဲများကို ဖျက်ဆီးပစ်ရန်နှင့်ဖိနှိပ်မှုများ

ကို ပိုမိုကျင့်သုံးရန် ဟန်ပြင် ခြေမြှုးလိုက်ခြင်း ဖြစ်သည်။ ဤသည့်ကိုယခုအထိ လူမျိုးစုလွှတ်တော် ရွေးကောက်ပွဲများနှင့် ပြည်သူ့လွှတ်တော် လက်ကျန် ရွေးကောက်ပွဲများတွင် ဖ-ဆ-ပ-လ အစိုးရက ယခုနေ့ကျင့်သုံးနေပုံများက သက်သေပြပြီးဖြစ်သည်။ အခုအခါတွင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတုန်းက ရရှိခဲ့သည့် ဒီမိုကရေစီ အခွင့်အရေး ကလေးကိုပင် မရရှိတော့ဘဲ မင်းလှ ရွေးကောက်ပွဲတွင်မူ ပ-မ-ည-တ-ခေါင်း ဆောင် များ အား နေ့ခင်း ကြောင် တောင်ချောင်းခြောင်းလုပ်ကြံသတ်ဖြတ်သည့်အထဲ၊ အတင့်ရဲရွာ နှိပ်ကွပ်ဖိစီးခဲ့သည်။ တပြည်လုံး ဖ-ဆ-ပ-လ-အမတ်များအနိုင်ရရှိရေးတွင် ဖ-ဆ-ပ-လ အမတ်တယောက်ရရှိရေးအတွက်လူ့အသက်ပေါင်း ၅-ယောက်မှ၊ ၉-ယောက် အထိ သတ်ဖြတ်ခြင်း ခံနေကြရသည်။ တရားပွဲလိုင်စင် အသံချဲ့စက်လိုင်စင်မှအစ ညှစ်ပတ်ခြင်းများကို ခံနေကြရသည့် ပ-မ-ည-တ အမတ်များ၊ လုပ်သားနှင့် ငြိမ်းချမ်းရေးကို လိုလားသောပြည်သူများတို့၏ လုံခြုံရေးမှာ မတွေးရဲလောက်သည့်အခြေသို့ပင် ဆိုက်ရောက်လာခဲ့ပေသည်။

ပြည်သူ့လွှတ်တော်ပဋ္ဌမအကြိမ်ရွေးကောက်ပွဲတွင် ပြည်သူတို့သည် အနိုင်ရရှိခဲ့သည်၊ ထိုပြည်သူတို့၏ အောင်ပွဲကို ဖ-ဆ-ပ-လ သည် ဒလစပ်ရက်စက်စွာ ဖိနှိပ်လာလိမ့်မည် ဆိုသည့် အချက်ကို ကျွန်ုပ်တို့ အလေးအနက် မမြင်ခဲ့ကြပေ။ ငွေကိုရေလိုသုံး၍ တောထဲက ခြိမ်းခြောက်ပေး၍ ပ၊မ၊ည၊တ အနိုင်ယူခဲ့ခြင်းဖြစ်သည် ဟူသော ဖ၊ဆ၊ပ၊လ ခေါင်းဆောင်များ၏ ပြောဆိုမှုများစတင်ပေါ်ပေါက် လာခဲ့ကတဲကပင် ဤပြောဆိုမှုသည် ပြည်သူ့လွတ်လပ်ခွင့်များကိုဖိနှိပ်ရန်ကြံစီဟန်ပြင်ခြင်းဖြစ်သည်ဆိုသည်ကို သိမြင်ကာ မိမိတို့ရရှိပြီးသော၊ အောင်မြင်မှုနှင့် ပြည်သူ့ဒီမိုကရေစီ လွတ်လပ်ခွင့်များကို ဆက်လက် ထိန်းသိမ်းရန်အတွက် ပြည်သူတို့ကို ကြိုတင်လှုံ့ဆော် သတိပေးကာ၊ ခုခံကာကွယ်ရေး တိုက်ပွဲဝင်ကြရန် ဖြစ်သော်လည်း ဤအရေးတွင် ကျွန်ုပ်တို့သည် အလေးအနက်မမြင်ဆင်နိုင်ခဲ့ကြပေ။ တဆ ထက်တဆ ပို၍ပို၍ အတင့်ရဲကာ ဖိနှိပ်လာသော ဖ-ဆ- အစိုးရ၏ ခြေလှမ်းများအား ပြည်သူတို့၏ စည်းလုံးသော အင်အားကို တစ်လှန့်နိုးကာ စုစည်းတိုက်ခိုက်နိုင်ခြင်းမရှိခဲ့ပေ။

ဤတွင် ကျွန်ုပ်တို့ရယူနိုင်သည့်သင်ခန်းစာမှာ ''ပြည်သူတို့၏ လွတ်လပ်ခွင့်နှင့် အောင်မြင်မှုများသည် ပြည်သူတို့၏ အစဉ်မပြတ် လှုပ်ရှား တိုက်ခိုက်နေမှု ဖြင့်သာ လက်ဝယ် မလွှတ် ဘဲ ထိန်း သိမ်းသွားနိုင်ပြီး မလှုပ်ရှား မတိုက်ခိုက်နိုင်သည်နှင့်အမျှ လက်လွှတ် ရုံ ရှိ 'တတ်သည်'' ဟူသော အချက်ပင်ဖြစ်သည်၊ ဤ သင်ခန်းစာမှာ ပြည်သူတို့၏လိုလားချက်များအား အပြီးအပိုင် အကောင်အထည်ဖော်ရေးအတွက် ရှေ့သို့ဆက်လက်တိုက်ပွဲဆင်ရာ၌ ပြည်သူတို့အတွက် အလွန်ကြီးမား၍ တန်ဖိုးရှိသော သင်ခန်းစာပင်ဖြစ်ပေသည်။

(ဂ) အထက်ပါအခြေအနေအရပ်ရပ်ကို သုံးသပ်လျှင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ပြီးစီးခဲ့သည့်နောက်

ယခုလက်တလောအခြေအနေတွင် ဖ-ဆ-ပ-လ-အစိုးရ
သည် ပြည်သူ့လွတ်လပ်ခွင့်များကို ဖိဖိကြပ်ကြပ်ရက်
စက်၍ ဖြောင်ကြီးစွာ ပါယ်ဖျက် ဖိနှိပ်နေသည်ကို တွေ့ရပေ
သည်၊ အလားတူပင် စီးပွါးရေးကဏ္ဍတွင်ကြည့်လျှင်လည်း
တနေ့တခြား စီးပွါးကြပ်တည်းခြင်း၊ ကုန်ဈေးများအတော
မသတ်ဘက်နေခြင်းအပြင်၊ စီးပွါးရေးထူထောင်ရေးတွင်
နယ်ချဲ့အပေါ်မှီခိုရမှု နှင့် ဗမာ့စီးပွါးရေးတွင် အင်္ဂလိပ်
အမေရိကန် နယ်ချဲ့သမားတို့အကြီးကြီး စွာဖြင့် တိုးဝင်လာနေ
မှုကိုလည်း တွေ့မြင်နိုင်ပေသေးသည်။ ဤအချက်ကို ဤအစီ
ရင်ခံစာ၏စီးပွါးရေးအပိုင်းတွင်ဖော်ပြထားသည်။ အလား
တူပင် ဖ-ဆ-ပ-လ-အစိုးရသည် ပြည်သူတို့၏ ပြည်တွင်း
ငြိမ်းချမ်းရေး ထူထောင်လိုသောဆန္ဒကို ဆန့်ကျင်ပါယ်ဖျက်
ကာ ပြည်တွင်းစစ်နှင့် ရှင်းရေး၊ လူ တ်ဝါဒ သုန်းသား
ရေး တိုင်းပြည်ပြာကျရေး အတွက် အပြုတ်တိုက်ရေး
ပေါ်လစီ ကို ဇွတ်အတင်း ကျင့်သုံးလာနေပေသည်။

သို့ဖြစ်၍ ယခုလက်ငင်း ကျွန်ုပ်တို့၏ တာဝန်မှာ တဘက်
တွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေဆိုးများကို လုံးဝ
အဆုံးသတ်ဖြစ်ရန် အတွက် ပြည်သူလူထုအင်လုံးလောက်
သော အင်အားတကယ်အမှန်ရှိနေကြောင်းကိုငင်း၊ တဘက်
တွင်မူ ဤအခြေအနေဆိုးများကို လက်တွေ့အဆုံးသတ်ဖြစ်
ရန်နှင့် ပြည်သူ့ကိုလိုအင်ဆန္ဒများလက်ဝယ် ရှိရန် ပြည်သူ
တို့၏ စည်းရုံးညီညွတ်သော အင်အားနှင့် အဆက်မပြတ်
သော နိုးကြားမှု လှုပ်ရှားမှုကို လိုအပ်နေကြောင်းကိုငင်း
ကျယ်ပြန့်သောပြည်သူများအတွင်း အနူးအညွတ်တင်ပြကြ

ရန်ဖြစ်သည်။ ဤသို့တင်ပြသည်နှင့်တချိန်တည်း ပြည်သူတို့
ကို တပ်လှန့်နိုးဆော်ကာ စည်းရုံးသော ပြည်သူတို့၏ လှုပ်
ရှားမှုများကို စည်းရုံးပေါ်ထွက်သွားကြရန် လိုအပ်ပေ
သည်။

၁၉၅၆-ခုနှစ်၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနှင့် ပါတ်သက်၍ ပါတီ၏ချို့ယွင်းချက်နှင့် အမှားများ။

၁။ ပါတီသည်လွန်ခဲ့သည့် ၅၁-၅၂-ခုနှစ်က ပါလီမန်
ရွေးကောက်ပွဲ အတွေ့အကြုံများရခဲ့ပြီး၍ ရွေးကောက်ပွဲ
အပေါ် သဘောထားချမှတ်ချက် "မှ"မှား လက်တွေ့မှန်ကန်
ခဲ့သည်များကို ကိုယ်တွေ့ တွေ့ကြုံခဲ့ပြီး ဖြစ်သော်လည်း ယခု
၁၉၅၆-ခုနှစ်၊ ရွေးကောက်ပွဲကို ရင်ဆိုင်ရတော့မည့်အချိန်
တွင် သဘောထားချမှတ် ရင်ဆိုင်ရမည့်နေရာ၌ တွေဝေ
ဝေဝေဖြစ်ကာ အလွန်နှောင့်နှေးခဲ့ပေသည်။ နယ်မှရဲဘော်
များက အချိန်မှီစောစီးစွာကပင် မေးမြန်းခဲ့ကြသော်လည်း
ဗဟိုကော်မတီမှ အထူးအဖြင့် ပေါလစ်ဗျူရိုမှ အချိန်မှီ
ပြတ်ပြတ်သားသား မဖြေခဲ့ကြ၊ ကြိုတင်စီစဉ်ရန်လုပ်ငန်း
နှစ်ရှည်လရှည် ပိုင်းကိန်းများ ချမပေးနိုင်ခဲ့၊ အချိန်ကပ်လာမှ
ပင် "ဝင်တော့ဝင်ကြရမှာဘဲ" ဟူသော မတင်မကျအဖြေ
မျိုးနှင့် ဒရွတ်တိုက် လုပ်ထားခဲ့ကြလေသည်။ ထိုသို့မတင်
မကျအဖြေမျိုး ပေးထားသော်လည်း အများအားဖြင့်နယ်
များတွင် ရဲဘော် များများသည် ရွေးကောက်ပွဲအတွက်

ကိုယ့်တွက်ကိန်းနှင့် ကိုယ်ပြင်ဆင်နေကြသည်။ ကိုယ့်နယ် သူ့နယ် ခွဲဝေသတ်မှတ်နေကြသည်။ ထိုအခါတွင် စံနစ်တကျမဖြစ်ဘဲ ပုဂ္ဂိုလ်ရေး ပြဿနာများ ပေါ်ပေါက်လာတော့သည်။ ဤသည်ဗဟိုခေါင်းဆောင်မှု၏ တိုက်ပွဲတရပ်တွင် ပြတ်သားရဲရင့်စွာ ဦးစီး ဦးကိုင်ပြု၍ ခေါင်းဆောင်ရမည့် သတ္တိနည်းပါးအားသေးခြင်း၊ (ဝါ)မိမိတို့ကိုယ်ကို မိမိတို့ ခေါင်းဆောင်အဖြစ်ပိုင်နိုင်သော ယုံကြည်မှုမသက်ဝင်သေးခြင်းကိုပြပေသည်။

၂။ ရွေးကောက်ပွဲမစမီလပေါင်းများစွာကပင် ပါတီသည် ကျင်းပပြုလုပ်တော့မည့် ရွေးကောက်ပွဲသည် တရားမျှတ လွတ်လပ်သော ရွေးကောက်ပွဲ ဖြစ်နိုင်သမျှ ဖြစ်စေအောင် ဒီမိုကရေစီ အခွင့်အရေးတိုက်ပွဲကို စတင်ဆင်နွှဲခဲ့ကြလေသည်။ လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲ ဖြစ်မြောက်ရေး ကော်မတီဟူ၍ ဖွဲ့စည်းကာ ဗ-ဆ-ပ-လ-မှ အသီးအခြားလက်ဝဲလက်ျာ ပါတီအဖွဲ့အစည်းများအားလုံး စည်းရုံးထည့်သွင်းခဲ့ကြလေသည်။ ဤပြင်ဆင်မှုသည် အလွန်နည်းလမ်းကျလျက် အချိန်အခါနှင့် ကိုက်ညီလှသော ခြေလှမ်းတရပ်ဖြစ်ပေသည်။ သို့ရာတွင် ဤအဖွဲ့၏ တောင်းဆိုချက်များသည် အမြင့်ဆုံးနှင့် အနိမ့်ဆုံးကိုတပြေးတည်း ရောထွေးဖြစ်ထိုက်သောကြောင့် တိုက်ပွဲဆိုင်ရာတွင် ရှင်းလင်းခြင်းမရှိ၊ တချက်ခြင်းကို အခြေအမြဲအနိုင်အနိုင် ကိုင်တွယ်သွားနိုင်ခြင်းမရှိဘဲ၊ နောက်ဆုံး ဘာဘချက်မျှ မရှိဘဲ ရွေးကောက်ပွဲထဲသို့ အလျော့စားပေး၍ ဝင်ရသည့် ဘဝမျိုးသို့ရောက်ခဲ့ပေသည်။ ဆိုလိုသည်မှာ ပြည်တွင်းစစ်ရပ်

စဲရေးဆိုသောအချက်မှာ ဤနေရာတွင် အမြင့်ဆုံးဖြစ်နေသည်။ ကျေးလက်ဒေသများရှိ ဆိုရှယ်လစ် ပျောက်ကြားများရုပ်သိမ်းပေးရေးသည် အထက်ပါ တောင်းဆိုချက်ထက် လောလောဆယ်တွင်၍ အဆင့်နိမ့်သည်။ ထိုအချက်မျိုးကို တိုက်ရိုက် လက်ညှိုးထိုး၍ ဦးစားပေး တိုက်ပွဲဝင်ရမည့်ထက် အားလုံးကို တပြေးတည်းထားကာ တိုက်ပွဲဝင်ခဲ့မှုကြောင့် တိုက်ပွဲသည် ရှင်းထွက်မလာဘဲ နောက်ဆုံး တောင်းဆိုချက်များ မရသည့်တိုင်အောင် ရန်သူကိုလည်း ရုပ်လုံးပေါ်အောင် ပေါ်မပြစ်ခဲ့နိုင်ဘဲ ယေဘုယျနှင့်ပင် အလျော့စားပေး၍ ဝင်ရသောဘဝသို့ ရောက်လေသည်။ ဤသည် ပါတီက ဒီမိုကရေစီရေး တိုက်ပွဲ ခေါင်းကို ဦးဆောင်ရာတွင် တိုက်ပုံတိုက်နည်း ဟန်ပန်မှစ၍ အရည်အချင်းညံ့ဖျင်းခဲ့ကြောင်းကို ပြလေသည်။

၃။ ရွေးကောက်ပွဲနီးကပ်လာသောအခါ အတိုက်အခံပေါင်းစုံ ဟောမိတ်အဖွဲ့ဟူ၍ ဖွဲ့စည်းလာလေသည်။ အမှန်မှာ ပါတီသည် ပါတီစတင်ထွက်ပေါ်လာစ အချိန်မှပင် စတင်၍ နယ်ချဲ့ပဒေသရာဇ် ဆန့်ကျင်ရေး အနှစ်သာရကို လက်ခံသည့်အမျိုးသားတစ်ပေါင်းစု တရပ်ပေါ်ထွက်လာရေးအတွက် ကမ္ဘာ့ငြိမ်းချမ်းရေးတိုက်ပွဲစည်းရုံးကွင်း ဒီမိုကရေစီရေးတိုက်ပွဲစည်းရုံးကွင်းနှင့် လူတန်းစားလိုက် စီးပွါးရေးတိုက်ပွဲစည်းရုံးကွင်းများမှ လှုပ်ရှားတိုက်ပွဲဝင်လာသည့် ပါတီအဖွဲ့အစည်းပုဂ္ဂိုလ်များကို တိုက်ပွဲဖြင့်တဖြည်းဖြည်းချဉ်းကပ်စုစည်းလာခဲ့ကြလေသည်။ သို့စည်းရုံးလာရာမှ နောက်ဆုံးအင်အားစုများ၏ အနေအထားသဘော

လက္ခဏာတို့ကို အပိုင်အနိုင် ချင့်တွက်နိုင်လောက်သည့် အချိန်ကျကာမှပင် ဤအမျိုးသား တစ်ပေါင်းစု အတွင်း သခင်ဗစိန်လို ပုဂ္ဂိုလ်မျိုး၊ ဒေါက်တာဗမော်လို ပုဂ္ဂိုလ်မျိုး ပါဝင်ရန်၊ (ဝါ)ရင်းတို့ခေါင်းဆောင်သည့် ဒီမိုကရက်တစ် ပါတီ၊ မဟာဗမာ အဖွဲ့စသည်တို့ ပါဝင်လာရန် အရေးအရေးပေး ကြိုးပမ်းချက်မျိုးသည့် အလွန် အံ့ဩဘွယ်ကောင်းသော သဝေထိုးမှုတရပ်ဖြစ်လေသည်။ ဤအတိုက်အခံပေါင်းစုံမဟာမိတ်အဖွဲ့၌ (Common Programme.) သဘောတူလုပ်ငန်းစဉ်မရှိပါ၊ တဦး နှင့် တဦးမတိုက်ဘဲ ဖိနှိပ်လာလျှင် အပြန်အလှန်ကူညီရေး၊ ဖ-ဆ-ပ-လ-ကို ဦးတည်တိုက်ရေး၊ ပြည်တွင်းစစ်ရပ်စဲရေး အချက် ၃-ချက် လောက်သာတူပါသည်ဟု မည်သို့ပင်ဆိုစေ၊ တဖွဲ့တည်းအနေဖြင့်ရေးသားထားသောအချက်များကိုကြည့် လျှင်မူ၊ ဤရွေးကောက်ပွဲဝင်တော့မည့် (Programme.) လုပ်ငန်းစဉ်မျိုးပင်ဖြစ်လာလေသည်။ အမှန်မှာ ဤဒီမိုကရက်တစ် မဟာဗမာလို အဖွဲ့များကို တရားမျှတ လွတ်လပ်သော ရွေးကောက်ပွဲ ဖြစ်မြောက်ရေး ကော်မတီအတွင်းမှာလောက်ပင် ထားလျက် ငါတို့သီးခြားဖွဲ့စည်းသော အမျိုးသားညီညွတ်ရေးတစ်ပေါင်းစုနှင့် ထိုဒီမိုကရေစီရေး တိုက်ပွဲမှာလောက်ပင် လက်တွဲနိုင်သလောက် တွဲသွားရန် နဂိုကတည်းက ပုံစံချထားလိုက်လျှင် အလွန်ရှင်းလင်း သွားမည်ဖြစ်လျက် ယခုကဲ့သို့မရှင်းမရှင်း လုပ်လိုက်သောအခါ ပြည်သူများ အတွက်ပင် အတော်ရှုပ်ထွေး သွားပေသည်။ နောက်ပိုင်းကျမှ ပြန်ပြီးတွတ်ပြင်ယူသောအခါ မွေးပြီးသော ခလေး

အတွက် ခလေးစရိတ်တောင်းမှုသည့် နောက်ကထက်ချပ် မကျလိုက်လာလေတော့သည်။ ဤသည် ပါတီကတိုက်ပွဲနှင့်လျော်ညီသော စည်းရုံးရေးပုံစံများကို ချမှတ်ခြင်း၊ ထိုစည်းရုံးရေး ပုံစံများအတွင်း သူ့ပုံစံ နှင့် လျော် ညီ မည့် အင်္ဂါ လက္ခဏာရှိသော ပါတီအဖွဲ့အစည်းများကို စံနစ်တကျနေရာချထား အသုံးပြုခြင်းစသည့် 'Tactical Display နည်းပရိယာယ်ခင်း ဆိုင်ရာတွင် အရည်အခြင်းညံ့ဖျင်းခြင်းပင်ဖြစ်လေသည်။

၄။ ပါတီ ဗဟိုကော်မတီသည် ပါတီတစ်သားများအား ရွေးကောက်ပွဲမဲဆန္ဒနယ် အသီးသီးသို့ နေရာခွဲဝေချထားရာတွင် မာ့က္ခ(စ်)လီနင်ပါတီတရပ်မှ တွက်နည်းမျိုးဖြင့် မတွက်ဘဲ သာမန် ရပ်ထဲက အိမ်သားရ တွက်နည်းမျိုးဖြင့် တွက်ချက်ချထားသည်က များခဲ့လေသည်၊ ဦးစားပေး၍ စဉ်းစားခဲ့ကြသော အချက်များမှာ-

(၁) ဤနယ်သည် ယခင်က ငါတို့နိုင်ခဲ့သည်၊ ယခုလည်း ငါတို့ပါတီ အင်အား တောင့်လျက်ရှိနေသည်။

(၂) ဤအမတ်လောင်းသည် ဤနယ်၌ ဆွေမျိုးဉာတိ လုပ်ဖော်ကိုင်ဘက်ပေါများသည်။

(၃) ဤနယ်က ပါတီကိုသိပ်တောင်းနေသည်၊ ဒို့မှဖြစ်မည်။

စသည့် အချက်များဖြစ်လေသည်။ ယခုရွေးကောက်ပွဲ၏ ထူးခြားသော အခြေအနေ၊ ထူးခြားသောလက္ခဏာ

သတ်မှတ်မည့်ပုဂ္ဂိုလ် အမတ်လောင်း၏ ထူးခြားသောအနေအထား စသည်များ၊မဲဆန္ဒနယ်၏ အခြေအနေ၊တိုက်ပွဲခင်းလိုက်သည့်အခါ ပြောင်းလဲလာမည့် အလားအလာစသည်များကိုအလေးပေး စဉ်းစားခြင်းအလွန် နည်း ပါးလေသည်။ ဤနေရာတွင် အထူးဖော်ပြသင့်သည်မှာ ငါတို့ပါတီက အနူပဋိလောမ ရုပ်ဝါဒကို ယုံကြည်ပါသည်ဟုဆိုပါလျက်ဒေသတခု၏ ကမ္ဘာချုပ် ကာလွှားရုပ်များကို တွက်ချက်ရာတွင်၊ လက်ရှိတည်နေသော အခြေအနေကိုသာကြည့်လျက် လှုပ်ရှားတိုက်ပွဲဝင်လိုက်သည့်အခါ ပြောင်းလဲလာမည့် အလားအလာကို ယုံကြည်မှုကင်းမဲ့နေခြင်းသည်။ မာ့က္ခ(စ်)ဝါဒသမားလုံးဝဓဟုတ်သကဲ့သို့ ဖြစ်သွားပေသည်။ ပေါလစ်ဗျူရိုမှ သခင်လွင် ဗိုလ်မြသွေးတို့ ရှုံးရခြင်းသည် ရန်သူ၏လုပ်ကြံမှုကြောင့်ဟု ဆိုရသော်လည်း ဤအချက်သည်လည်း ရန်သူ၏လုပ်ကြံမှုကို ခုခံခွင်းမရှိအောင် ပို့ဆောင်လိုက်သော အဓိကအချက်တရပ်ဖြစ်ပေသည်။ အကယ်၍ သခင်လွင်အား ရေနံမြေအလုပ်သမားရပ်ကွက် မြို့ကမြို့ပေါ်တွင် အရွေးခံစေ၍ ဗိုလ်မြသွေးအား အထောက်ဗမာပြည် လှုပ်ရှားပြောင်းလဲ တိုးတက်နေသောမြို့တမြို့ပေါ်တွင်သာ အရွေးခံခဲ့စေသော် ရန်သူ၏ လုပ်ကြံမှုကို ယခုထက်ခုခံနိုင်စွမ်းရှိပေလိမ့်မည်။ ပဒေသရာဇ်အစွဲအလန်းများ၏ လက်ကျန်ဖြစ်သော ငွေအုပ်မျိုးဆုပ် မိတ်ဆွေသင်္ဂဟ-နောက်ကြောင်းက ရင်းနှီးခဲ့သူတို့ကို အဓိကထားရွေးမိများသောကြောင့် (ဝါ) ပြည်သူ့ဘ်ူသည် တကယ့်နိုင်ငံရေး အသိ တရားဖြင့် ခံယူ ပြောင်းလဲ လာသော

(Political Force.) ဖြစ်လာမှသာလျှင် အမှန်စိတ်ချ ယုံကြည်ရသည်ဟူသော သဘောထားအမြင်မရှိမှု၊ (Force Theory.) အင်အားသဘောတရားကို လေးလေးနက်နက် မယုံကြည်မှုက အမှားသို့ပို့ဆောင်လိုက်ပေသည်။

၅။ ရွေးကောက်ပွဲ တိုက်ပွဲသည် တနိုင်ငံလုံးအတိုင်းအတာရှိ၍ တမျိုးသားလုံး လက်ခွဲဘာဆောင်သော တိုက်ပွဲဖြစ်၍ အလွန်အရေးတကြီးထားကာ ခေါင်းစီးအောင်စီမံရမည်ဖြစ်လေသည်။ ဤအချိန်တွင်အရေးအကြီးဆုံး ခေါင်းဖြစ်သော ဗဟိုချက်မဖြစ်သည့် ဌာနချုပ်သည် ပျောက်ကွယ်နေလေသည်။ တနည်းအားဖြင့်အလွန်ကြီးမား ကျယ်ဝန်းသော စစ်ပွဲကြီးတိုက်ခိုက် ခင်းကျင်းရာ၌ (Head Quarter.)ဌာနချုပ် ပျောက်နေခြင်းနှင့် တူနေပေသည်။ ပါတီဌာနချုပ်လည်းပျောက် တပ်ပေါင်းစုဌာနချုပ်လည်း ပျောက်နေလေသည်။ သို့ပျောက်ခြင်းဖြင့် ငွေမရန်သူ၏ ဗဟိုဌာနကို တိုက်ခိုက်ပစ်နှက်ရမည့်(ဝါ)(Heavy Guns.) များ လက်နက်ကြီးများကို အသုံးချတိုက်ခိုက်ရမည့် အခက်းသည် ပျောက်သွားလေသည်။ ဒုတိယမိမိတပ်များ တခုနှင့်တခုဆက်စပ် ပူးပေါင်းနေရာယူရမည့် အနေ အထားညွှန်ကြားမှုသည်လည်းပျောက်ကာ တနေရာတပါးတခြားစီ တိုက်နေကြသည့်အဖြစ်သို့ ရောက်လာ၏။ တတိယ ရန်သူ၏ ဗဟိုမှလှုပ်ရှားမှုများ အခြေအနေပြောင်းလဲလာသည်နှင့် ရန်သူ၏ ဒေသဆိုင်ရာတပ်များတွင် မည်သို့ပြောင်းလဲလာရန် အလားအလာများရှိလာသည်၊ မည်သို့

တင်များကို ပြန်လည်နေရာယူ ပြင်ဆင်ရမည်ဟူသော ညွှန်ကြားမှုသည် ဆက်မပေးနိုင်ဘဲ ယခင်အရှိန်ရှိသရွေ့လိမ့်နေရန် ခွင့်ပြုထားသလိုဖြစ်ကာ ရန်သူ၏ အသစ်အသစ်သော ထိုးနှက်ချက်များဖြင့် ရင်ဆိုင်တိုးစေလျက် အကျအဆုံးများစေတော့သည်။ ဤသည်အလွန်ကြီးမားသော ချို့ယွင်းချက်ကြီး ဖြစ်လေသည်။ ရွေးကောက်ပွဲ တိုက်ပွဲဖြစ်၍သာ ပြန်လည်၍ ဗဟိုကိုတည်ထောင်နိုင်ခြင်းဖြစ်သည်။ အကယ်၍ လက်နက်ကိုင် တော်လှန်ရေးသာဆိုလျှင် ဤနေရာ၌ အစိပ်စိပ် အမွှာမွှာဖြစ်အောင် ချေမှုန်းခြင်း ခံကြရပေလိမ့်မည်။

(၇) ရွေးကောက်ပွဲအတွင်း ပါတီဝင်တစ်သားတို့၏ တဦးခြင်း သူရဲကောင်းဝါဒသည်လည်း ဗဟိုပျောက်မှု နှင့် တဆက်တည်း ထင်ထင်ရှားရှား ပေါ်လွင်လာပေသည်။ ဗဟိုမှမည်သို့မျှ အရေးမယူလျှော်နေပေစေ၊ မည်သူမျှ လာရောက်မကူညီတွင်နေပေစေ၊ ငါကိုယ်တိုင်ကြံမည်၊ ဘယ်သူ့အားကိုးရဦးမှာလဲဟူသော တကိုယ်ခြင်း သူရဲကောင်းဝါဒသည်ဝင်လာခဲ့သည်။ ဤသဘောထား ဝင်လာပြီးသည့် နောက်ပိုင်းတွင် တိုင်ပင်ဆွေးနွေးရန် အသင့်အတင့် အခွင့်ကောင်းများရလာသော်လည်း ထိုအခွင့်ကိုလစ်လျူရှုလျက် အရေးမစိုက်တော့ဘဲ တယောက်ခြင်း နှဲ့သော အဖြစ်သို့ ရောက်လာလေတော့သည်။ ဥပမာ ဤ အဖြစ်မျိုးသည် ပေါ်သစ်ဖြူ၊ ဂိုဒင် စိုက်ခြံသွေး၏နယ်၌ ဖြစ်ပျက်ခဲ့ပေသည်။ ပါတီမနဲ့ခတ်းနှင့် ပါတီ၏ခေါင်းဆောင်မှုကို ဆက်စပ်ပေးရာ၌ အဓိက တာဝန်ယူထမ်းဆောင်ခဲ့သူတယောက်ဖြစ်၍

အောင်မြင်မှုများကို လက်တွေ့ တွေ့မြင်ခဲ့ပါလျက် ပါတီသည် ဤခဲဆန္ဒနယ်အတွက် အလေးအနက်သဘောမထား၊ ယေဘုယျကဲတွင် ရောမွှေကာ ပြသနာ မပေါ်လေအောင် ဖြတ်ထားခဲ့သည် ဟု တဘက်တွင် ယူဆကာ အခြား တဘက်တွင် တကိုယ်တည်း ကြိုးပမ်းမှုဖြင့်ရော အဘယ့်ကြောင့် မအောင်မြင်နိုင်ရမည်နည်းဟု တသီးပုဂ္ဂလ သူရဲကောင်း ဝါဒဝင်ကာ အခြေအနေ နှင့် လျော်ညီအောင် ပြောင်းလဲလုပ်ကိုင်ရန်များကို ဆွေးနွေးတိုင်ပင်ခြင်း၊ အကူအညီ တောင်းခြင်း မပြုတော့ဘဲ ဇွတ်လုပ် လာခြင်းဖြင့် နောက်ဆုံး ရန်သူ၏လက်ကိုမတားဆီးနိုင်တော့ဘဲ တနိုင်ငံလုံးပါးစပ်ဟရင်မ၍ အံ့အားသင့်သွားရသည်အထိ ဆုံးရှုံးရသောဘဝသို့ ရောက်ရပေတော့သည်။

(၈) အခြေအနေကို ပိုမြှင့်၍ တွက်ခြင်း များလည်း ရှိခဲ့သည်။ နယ်မှ မြို့နယ်-ခရိုင်-ပါတီ အချို့သည် ဖြစ်ရှိနေသော အခြေအနေထက် အကျယ်ချဲ့၍ အင်အားကို တွက်ချက်အစီရင်ခံခဲ့ကြသည်။ ထိုအစီရင်ခံချက်ကို သေချာစွာ စစ်ဆေးခြင်းမပြုဘဲ ဗဟိုမှလည်း အထင်ကြီးခဲ့ကြသည်။ ဤအချက်သည် နယ်ပါယ်ဒေသများ၏ အခြေအနေကို အစဉ်တစိုက် မှန်မှန် စစ်ဆေး လေ့လာမှု မရှိခဲ့ခြင်းကို ပြပေသည်။ ဗဟိုနှင့်ဒေသ၏ ကင်းကွာမှုကိုလည်း ပြပေသည်။ ထိုသို့အကျယ်ချဲ့မှုကိုယုံမှားလျက် ကိုယ်တိုင်ကိုယ်ကျ ဆင်းသွားသောအခါ လက်တွေ့ တွေ့မြင်လာသောအခါမှ မမှန်ကန်ကြောင်းသိရတော့သည်။ ထိုအခါတွင် ကျွန်လွန်နေပြီဖြစ်၍။ "ပေါက်သည့်နဖူးထုံးတော့"ဟုဆို၍ ဇွတ်ဝင်

တော့သည်။ ဤအမှားသည်လည်း တိုက်ပွဲတရပ်လုံးကို ဂယောက်ဂယက်ဖြစ်ရန် ထိခိုက်စေပေသည်။

အချို့နေရာများတွင် ဒေသဆိုင်ရာခေါင်းဆောင်တို့၏ အစီရင်ခံချက်ကို မိမိဆန္ဒနှင့်မကိုက်ညီလျှင် မကိုက်ညီသလို ပေါ့ပေါ့ဆဆသဘောထားတတ်ခြင်းလည်းရှိခဲ့လေသည်။ ''သူတို့ပြောသလောက်တော့မဆိုးတန်ကောင်းပါဘူး'' ဟု လျှော့တွက်လာကြလေသည်။ ဤအမှားကြောင့် ပါတီကေဒါတပ်သားများ ဆုံးပါးရခြင်းသည် ပါတီ၌ကြီးစွာအပြစ်ရှိလေသည်။ ဤသို့အခြေအနေကိုပို့တွက် လျှော့တွက်တတ်ခြင်းမလေ့သည် ရုပ်ဝါဒသမားတို့၏ ဓလေ့မဟုတ်၊ စိတ်ဆန္ဒနောက်ကိုလိုက်သော စိတ်ဝါဒသမားတို့၏ ဓလေ့ဖြစ်ပေသည်၊ ပါတီသည် ရုပ်ဝါဒကိုခံယူသော ပါတီဖြစ်လာရန် ကြိုးပမ်းဘို့များစွာလိုသေးသည်ကို ပြပေသည်။

၉။ ဂိုဏ်းဂဏဝါဒ။ ။ရွေးကောက်ပွဲတိုက်ပွဲသည် နိုင်ငံရေးအားဖြင့် ငြိမ်းချမ်းရေးဆန္ဒပြတိုက်ပွဲ(ဝါ) ဒီမိုကရေစီရေးတိုက်ပွဲသာ ဖြစ်ပျက်စည်းရုံးရေးအားဖြင့် ငြိမ်းချမ်းရေး ဒီမိုကရေစီရေးကို ချစ်သားစွာ မြတ်နိုးကြသည့် အလွန်ကျယ်ပြန့်သော ပြည်သူလူထုအားနယ်ချဲ့ဒေသချစ်ဆန့်ကျင်ရေးအနှစ်သာရကိုပွဲ ဝိုင်းသားသော တပ်ပေါင်းစု၏ ပါတ်လည်တွင် တစုတည်း တွဲဘက်ပေါင်းစပ်သော စည်းရုံးရေးအသွင် လက္ခဏာရှိပေရာ ဤသို့ဆက်စပ်ရာတွင် အတားအဆီးကျိုင့်ဖွဲ့မ်းတို့သည် ဂိုဏ်းဂဏဝါဒပင် ဖြစ်ပေသည်။ ဤရွေးကောက်ပွဲ၌ ငါတို့ပါတီသည် ထို အတားအဆီးများကို ဖျက်လျက် ကျိုင့်ဖွဲ့မ်းများကို ဖြိုဖြစ်ရ

မည့်အစား အချို့နေရာများတွင် ငါတို့ပါတီများ ကိုယ်တိုင်က ဖန်တီးလက်ခံလျက်နေကြသည်ကို တွေ့ရလေသည်၊ ထိုအမှား၏ အမြေမှာရွေးကောက်ပွဲတွင်ဝ ည်း ရှုံးလျက် ရွေးကောက်ပွဲ အပြီးတွင်လည်းပါတီနှင့် ဆက်စပ်နေသော စည်းရုံးရေးအ ဖြတ်လည်း မကျန်တော့ဘဲ ပါတီတွင်းတွင် ပင်အစိပ်စိပ်ကွဲပြကာထိုအကွဲသည်အခြားသောပါတီ အစိပ်အပိုင်းများနှင့် နောက်ဆုံးဗဟိုသို့တိုင်အောင် ဂယက်ရိုက်လာခြင်းခံရလေတော့သည်၊ ငါတို့ပါတီတွင်း၌ ဂိုဏ်းဂဏဝါဒသည် ကျက်စားလျက်ပင်ရှိသေးသည်။

ရွေးကောက်ပွဲတွင်မဲပေးကြရာ၌ လူတန်းစားအလိုက်မဲပေးကြခြင်းနှင့်ပါတ်သက်၍ စစ်ဆေးချက်။

အလုပ်သမားလူတန်းစား။

အလုပ်သမား လူတန်းစားမှာ လူဦးရေအားဖြင့်မများလှသော်လည်း မဲရုံကိုမဲရောက်သည့်ရာခိုင်နှုန်းအားဖြင့်တွက် မည်ဆိုလျှင်ကား အများဆုံးဖြစ်ပေမည်။ ကျောင်းရင်းသားမနေ ရှင်များ၊လူလတ်တန်းစားများသည်၎င်းတို့လူတန်းစားဥာဉ်အရ ရွေးကောက်ပွဲမဲပေးမှုကိုအလေးအနက် သဘောမထားသည့်ကတကြောင်း၊၎င်းတို့၏ (Conveniency.)သက်သာချောင်ချိမှုကို လိုက်သဖြင့် ''အဆင်ပြေမှ သွားမည် တပင်တပမ်းတော့စောင့်ပြီး မတိုးနိုင်ဘူး'' ဟူသောအလေ့အကျင့်များကြောင့်၎င်းအလုပ်သမား လူတန်းစားနှင့်

စာလျှင် မဲရုံရောက်ဘို့မသေချာလှပေ။ လယ်သမားများမှာကား၊ အင်တိုက်အားတိုက်မဲပေးရန်ဆန္ဒရှိသော်လည်း ပြည်တွင်းစစ် အခြေအနေကြောင့် သွားလာမဲပေးရန် လွယ်ကူ၍ အမျိုးမျိုးဖြင့် ဆန္ဒရှိသလောက် မတတ်နိုင်ကြပေ။ ထို့ကြောင့်ရာခိုင်နှုန်းအားဖြင့်တွက်လျှင် အလုပ်သမားလူတန်းစားသည် မဲရုံကိုရောက်ဘို့နှင့် မဲထည့်ဘို့တွင် အများဆုံးဖြစ်နိုင်ပေမည်ဟု ဆိုလိုပေသည်။

ငါတို့ပါတီသည် အလုပ်သမားလူတန်းစား ပါတီဖြစ်သည်ဟု ခံယူထားသော်လည်း လက်တွေ့တွင် အလုပ်သမားလူတန်းစားအတွင်း ချဉ်းကပ်စည်းရုံးမှုမှာ များစွာလိုနေပေသေးသည်။ ဥပမာ ကျွန်ခေတ်တလျှောက်လုံးတွင် တော်လှန်ရေး ရာဇဝင်ပါဖြောင်မြောက်ခဲ့သော ရေနံမြေအလုပ်သမားများကို စည်းရုံးရေးတွင် ဇာတ်မျောကာ မကိုင်မတွယ်နိုင်ဘဲ ကြန့်ကြာခဲ့လေသည်။ ရွေးကောက်ပွဲနီးခါမှပင် စတင်အခြေခံနိုင်ခဲ့သည်။ မကွေးခရိုင်ပါတီတောင့်တောင့်တင်းတင်း မရှိခဲ့ခြင်းကပင် အထင်အရှားသက်သေပြပေသည်။ ထိုသို့ငါတို့၏ ချဉ်းကပ်စည်းရုံးမှု လှုပ်ရှားစေမှုနှောက်ကျခဲ့သည်ဖြစ်စေ၊ ဤမျှလောက်အချိန်ကလေးအတွင်းတွင်ပင် ပြောင်းလဲ တိုးတက်လာမှုကို ကြည့်လျှင် ငါတို့အလုပ်သမား လူတန်းစားအပေါ်၌ အထင်သေးခဲ့ကြသည့် (ဝါ)လူလတ်တန်းစား အကြည့်ဖြင့် အလုပ်သမားလူတန်းစား အပေါ် ကြည့်မြင်ခဲ့ကြသည်ဟု ပေါ်ပြူပေသည်၊ မြစ်ငယ်-မီးရထား အလုပ်သမားများ၏ ပြောင်းလဲ တိုးတက်လာမှုသည်လည်း ငါတို့လူလတ်တန်း

စားအမြင်မကုန်သေးသူများအတွက် တအံ့တဩဖြစ်လောက်စရာဖြစ်နေပေသည်။ ရန်ကုန်မြို့တွင်း၌ပင်ကြည့်လျှင် ရန်သူ၏ဩဇာ၊ ဓနရှင်လူတန်းစား၏ဩဇာ အလွှမ်းမိုးသောဒေသ၌ပင် အလုပ်သမားရပ်ကွက်မှမဲပေးမှုသည် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး ဘက်က ပြတ်ပြတ် သားသား ရှိနေသည်ကို တွေ့ရခဲ့သည်။ (ဥပမာ သခင်လှကြွေ ဝင်ရောက်သောနေရာနှင့် ရဲဘော်လှဝင်း ဝင်ရောက်သောနေရာများ) ထို့ကြောင့် ၁၉၅၆-ခု ရွေးကောက်ပွဲတွင် ဖ-ဆ-ပ-လ-အစိုးရ လက်အောက်တွင် အတင်းအကြပ် အိမ်တိုင်ရာရောက် အကြပ်ကိုင်ခံထားရသော အစိုးရနှင့်မကင်းသည့် အလုပ်သမားများမှ အပ-အားလုံးလိုလိုသည် ငြိမ်းချမ်းရေးဒီမိုကရေစီရေးဘက်မှ မဲပေးကြလေသည်။

လယ်သမားများ။

တောင်သူ လယ်သမားများအတွက် ဤ ၁၉၅၆-ခုနှစ် ရွေးကောက်ပွဲသည် အကြီးအကျယ်ဆုံးသော ရှုန်းစားပွဲကြီးဖြစ်ပေသည်။ လက်နက်ကို လက်နက်နှင့်ခံ၍ တိုက်ရသောပွဲမျိုးမဟုတ်ဘဲ လက်နက်ကို မဲဖြင့်အသေခံပြရသောပွဲမျိုးဖြစ်လေသည်။ ရွေးကောက်ပွဲ ရာဇဝင်တွင် မဲလာထည့်သောမဲဆန္ဒရှင်များကို ဘရင်းဂန်း၊ စတင်းဂန်းဖြင့် ပြောင်ဖြစ်သော ရွေးကောက်ပွဲမျိုးကား-ဤ ဖ-ဆ-ပ-လ-ဆိုရှယ်လစ်တို့၏ ပြည့်တော်သာ ခေတ်ကြမှပင် တွေ့ကြုံကြရပေတော့သည်။ ခြိမ်းခြောက်ခြင်းအစ အိမ်လိုက် ရွာလိုက် ဓါးပြတိုက်ခြင်းအလယ်၊ အစုလိုက်အပြုံလိုက်အသတ်ခံရ

ခြင်းအဆုံး အားလုံးကိုလယ်သမားများသည် အခံရဆုံးဖြစ်ပေသည်။ မြန်မာနိုင်ငံ၌ လယ်သမားဦးရေသည် အခြားလူတန်းစါ.နှင့်စါသော်အများဆုံ.ဖြစ်၍၊ ဤသို့သောဖိနှိပ်သတ်ဖြတ်မှုများအကြားမှ ပ-မ-ည-တ-မှ၊ ဖ-ဆ-ပ-လ-နှင့်ကပ်၍ လိုက်လာနိုင်သောမဲများ၏ အများဆုံးအစိတ်အပိုင်းသည် လယ်သမားမဲများပင်ဖြစ်ပေသည်။ ဤဖိနှိပ်သတ်ဖြတ်မှုများကို ထုံးဝဖါယ်ရှားမပေးနိုင်သည့်တိုင်အောင် ယခုထက်ပို၍ ချခ်နိုင်စွမ်းမရှိခဲ့လျှင် ဖ-ဆ-ပ-လ-ထက်ပင်မဲများအောင် ဖြည့်ထည့်ပေးမည့် သူများမှာလည်း လယ်သမားများပင်ဖြစ်ပေသည်။ သို့ရာတွင် အလုပ်သမားလယ်သမားပါတီသည်၎င်း၊ ပ-မ-ည-တ-သည်၎င်း၊လယ်သမားများ၏လူတန်းစားလိုက်အခွင့်အရေးတိုက်ပွဲတွင် လှုပ်ရှားခဲ့မှုနည်းပါး၍ ရွေးကောက်ပွဲအတွင်း၌လည်း လယ်သမားထု၏အကျိုးစီးပွါးကို လော လော ဆယ် အားဖြင့် ဖေါ်ထုတ်တောင်းဆိုသည့်စီးပွါးရေး တောင်းဆိုချက်တရပ်ကို နိုင်ငံရေးကြွေးကြော်သံနှင့်တွဲ၍ မတင်ခဲ့ကြပေ။ ရေရှည်ကျ၍ယေဘူယျဆန်သော တောင်းဆိုချက်များဖြင့်သာ စခမ်းသွားခဲ့ကြပေသည်။ သို့ရာတွင် မသေးငယ်သောလယ်သွားထုကြီးကား ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေး ဘက်တွင်သေနပ်များ-ဘျဉ်းဆံကြားမှ ထိုးဖေါက်ဆန္ဒပြခဲ့ကြပြီ။

လူလတ်တန်းစားများ။

ဖ-ဆ-ပ-လ-ဆိုရှယ်လစ်တို့၏ ဒီမိုကရေစီ စည်းပိုင်းအတွင်း အတော်အသင့် မဲပေးခွင့် လွတ်လပ်မှု ရသူများမှာ

လူလတ်တန်းစားများဖြစ်ပေသည်။ အများအားဖြင့် မြို့ကြီးမြို့ကလေးများပေါ်တွင် နေထိုင်ကြသူများ ဖြစ်ကလေသည်။ ကုန်သည်ပွဲစား လခစားရာထမ်းမှုထမ်း စသည်တို့သည်ဝိဓိဘာဝအသိနှင့်ပင် ပ-မ ည-တ-ဘက်သို့ မဲပေးရန်ဆန္ဒဖြစ်နေကြမည်မှာ သဘာဝကျပေသည်။ သို့ရာတွင် ဤအစိတ်အပိုင်း၌ကား ဖ-ဆ-ပ-လ သည် ''လာဘ်'' ကိုအကြီးအကျယ်အသုံး ပြုပေတော့သည်။ သမဝါယမ-ကာယ်ဆယ်ရေး၊စောင့်ရှောက်ရေး ထိုထို၍၍သော အဖွဲ့အစည်းများကို လက်ကိုင်ပြုကာ လူလတ်တန်းစားထုအား ယာယီအကျိုး''မှိုင်း''ကိုအကြီးအကျယ် တိုက်လေတော့သည်။ မှိုင်း အတွင်းမှ ဖေါက်ထွင်းရုန်းကန်သော အင်အားရကိုယ်စားလည်များအား တဘက်မှပုဒ်မနှင့် လက်ထိပ်သာစောင့်နေ၏၊ အခြားတဘက်မှ အလုပ်ဖြုတ်ပြစ်မည့် (ဝါ) ထမင်းအိုး ရိုက်ခွဲမည့်ဒုတ်က စောင့်နေ၏။ ဤအကြားမှလူလတ်တန်းစားမဲကိုလည်း ပ မ-ည-တ က ဖ-ဆ-ပ-လနှင့် တန်းတူနီးနီးရ၏။ အချို့ခရိုင်များတွင် သာတောင်သာသေး၏။

တိုင်းရင်းဓနရှင်များ-ကုန်သည်ကြီးများ။

ဤလူတန်းစားအနေဖြင့်ကား၊ပ-မ-ည-တ က မဲရသည့်အထဲတွင် အနည်းဆုံးဖြစ်လေသည်။ တဘက်တွင် ကြိတ်၍ငွေအကူအညီ၊ အကြံအစည် အကူအညီ ပေးသူအချို့ရှိသော်လည်း မဲပေးရာတွင်ကား ဖ-ဆ-ပ-လ-ကို မလွန်

ဆန်ရဲ့၊ ၎င်းတို့တွင်ကား ဖိနှိပ်မှုကြောင့်သာမဟုတ်၊ နိုင်ငံရေးယုံကြည်ချက်တွင်လည်း ရှင်းရှင်းကြီး ပါမလာသေး၊ တဘက်တွင် ကြောက်ရွံ့ဖိုးရိမ်မှုများ အားကိုးအားထားပြုရန် မှိုဟာ သံသယများသည် အများဆုံးဝင်ရောက်နေပေသည်။ ၎င်းလူတန်းစားနှင့်ပါတ်သက်၍ကား၊ ဖ-ဆ-ပ-လက "လာဘ်" သာမက အယူအဆရေးမိုင်းပါ တော်တော်အောင်မြင်အောင် သွင်းထားနိုင်ပေသည်။ ထို့ကြောင့် ၎င်းလူတန်းစားနှင့် ပါတ်သက်၍ကား ၎င်း "မိုင်း" များကို ပါယ်ရှားသန့်စင်ပေးရန် များစွာလိုနေပေသေးသည်။

ဗမာပြည်အလုပ်သမားလယ်သမားပါတီ
ဆဋ္ဌမအကြိမ်မြောက် ဗဟိုကော်မတီအစီရင်ခံစာ။

အပိုင်း-(၄)

တပ်ပေါင်းစုနှင့်ပါတီ၏အခန်းကဏ္ဍ

အလုပ်သမား လူတန်းစားနှင့် အမျိုးသား တပ်ပေါင်းစု။

ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်းနိုင်ငံများ၌ ပြည်သူတို့၏ လွတ်မြောက်ရေးသည် ညီညွတ်သော အလုပ်သမားလူတန်းစား၏ ခေါင်းဆောင်မှုကို ပြည့်ဝပြောင်မြောက်စွာ မရရှိပါက မအောင်မြင်နိုင်ပေ။

အလားတူစွာပင် ညီညွတ်သော အလုပ်သမားလူတန်းစားသည် အခြားညီညွတ်သော တောင်သူလယ်သမား

များနှင့် ခိုင်မာသောမဟာမိတ်ဖွဲ့၍ နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေးအင်အားစုများနှင့် အတူလက်တွဲ၍ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း ဘဝအခြေကို ခေါင်းဆောင်တော်လှန်မှုမပြုနိုင်က ၎င်း၏ဆိုရှယ်လစ်ရေးနှင့် ကွန်မြူနစ်ရေးဆီသို့ မချီတက်မပေါက်ရောက်နိုင်ပေ။

ထို့ကြောင့် ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်းနိုင်ငံများ၌ အလုပ်သမားလူတန်းစားသည် အခြားသောနယ်ချဲ့ ပဒေသရာဇ်ဆန့်ကျင်ရေး အင်အားစုများနှင့်ပူးပေါင်း ခေါင်းဆောင်၍ အမျိုးသားရေးအင်္ဂါရှိသည့် အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုတရပ်ကို မဖြစ်မနေကြိုးပန်းဖွဲ့စည်းကြရလေသည်။

၎င်းသို့သော ကမ္ဘာ့အလုပ်သမားလူတန်းစား၏ သမိုင်းအစဉ်အလာအတွေ့အကြုံများနှင့် ဗမာနိုင်ငံလက်ရှိအခြေအနေများအရ ငါတို့အလုပ်သမား လူတန်းစား ပါတီသည် ပဉ္စမအကြိမ်မြောက်ပါတီ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်အတိုင်း၊ ၁၉၅၅-ခု နိုဝင်ဘာလတွင် ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသား ညီညွတ်ရေးတပ်ပေါင်းစု ဟူ၍ အမျိုးသား တပ်ပေါင်းစုတရပ်ကို ဖွဲ့စည်းလှုပ်ရှားခဲ့ကြပေသည်။

ကိုယ့်ကိုကိုယ်ဝေဖန်ရေး။

အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကို စတင်ဖွဲ့စည်းလှုပ်ရှားလာခဲ့သည်မှ ယနေ့အထိပါတီသည် ကိုယ့်ကိုကိုယ် ဝေဖန်ရေးဖြင့်ပြန်လည် စစ်ဆေးသင့်ပေသည်။

ပါတီသည် အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုအတွင်း အလုပ်သမားလူတန်းစား၏ ခေါင်းဆောင်မှုအင်္ဂါဖြင့်ဖွဲ့ဆောင်ပါတီတရပ် အဖြစ်ရပ်တည်ကာ မှန်ကန်သောနိုင်ငံရေးလမ်းစဉ်တရပ်ကို ချမှတ်နိုင်ခဲ့သော်လည်း အခြားသော စည်းရုံးရေး အခင်းကဏ္ဍ၊ တိုက်ပွဲအခင်းကဏ္ဍတို့တွင် များစွာချို့ယွင်းချက်ရှိနေပေသည်။

စည်းရုံးရေး အခင်းကဏ္ဍတွင်၊ ပါတီသည် အလုပ်သမားလူတန်းစားအား ညီညွတ်ခိုင်မာစွာစည်းရုံး၍ တပ်ပေါင်းစုအတွင်း တက်ကြွစွာ အခြေမခံနိုင်သေးခြင်းသည် ပါတီ၏ ကြီးမားသော ချို့ယွင်းချက်တရပ် ဖြစ်နေပေသည်။ ကျယ်ပြန့်၍ ညီညွတ်သော အလုပ်သမား လူတန်းစား၏ စည်းရုံးရေးအခြေခံနှင့် ညီညွတ်သော တောင်သူလယ်သမားများနှင့် မဟာမိတ်ဖွဲ့မှုမရှိဘဲလျက် အလုပ်သမားလူတန်းစား ပါတီတရပ်၏ တပ်ပေါင်းစုအတွင်း ခေါင်းဆောင်မှုသည် မည်သည့်နည်းနှင့်မျှ ပြည့်ဝမှန်ကန်ခြင်း အောင်မြင်ခြင်းသို့ မသက်ရောက်နိုင်ပေ။ ထို့ကြောင့် အလုပ်သမားအရေးဟာ အလုပ်သမားအရေးဘဲ၊ နိုင်ငံရေးပါတီရေးနှင့် မသက်ဆိုင် ဆိုသည့် ဆိုရှယ် ဒီမိုကရက်တို့၏ အကြွင်းမဲ့ ထရိတ်ယူနီယံဝါဒကို ပါတီအတွင်းမှ လုံးဝဖယ်ရှား၍ အလုပ်သမားလူတန်းစား၏ တက်ကြွစွာ စည်းရုံးလှုပ်ရှားရေးနှင့် တမျိုးသားလုံး၏ အရေးကို တက်ကြွရဲရင့်စွာဆက်စပ်စည်းရုံးမှုပေးရမည်ဖြစ်ပေသည်။ ဤနေရာတွင် လူတန်းစားအခြေခံနှင့် အမျိုးသားရေး လှုပ်ရှားမှုသဘောတရားကိုကား စံနစ်တကျ အလေး အနက် ခံယူ

ကျင့်သုံးဘို့လိုအပ်ပေသည်။ လူတန်းစား အရေးသက်သက် အမျိုးသားရေးသက်သက် ခံယူကျင့်သုံးသည်နှင့် တပြိုင်နက် အရွန်းနှစ်ဘက်မလွတ်တော့ပေ။

စည်းရုံးရေးအခင်းကဏ္ဍတွင် ဒုတိယချို့ယွင်းချက်မှာ အလုပ်သမား လူတန်းစား၏ မဟာမိတ်ဖြစ်သော တောင်သူလယ်သမားများအား အခိုင်အမာ စည်းရုံးရေးပင် ဖြစ်ပေသည်။ ဤကဏ္ဍတွင်လည်း ပါတီသည်များစွာချို့ယွင်းချက်ပင်ရှိပေသည်။ ယနေ့အခြေအနေ၌ဆိုလျှင်တောင်သူလယ်သမား စည်းရုံးရေးသည် အရှိန်မျှသာရှိနေပေသည်၊ ဗဟိုချုပ်ကိုင်မှုမှာနချုပ်သည်လည်း ပျက်စီးလျက်ရှိနေပေသည်။ အထက်နှင့် အောက်အပြန်အလှန် ဆက်သွယ်မှုတို့သည်လည်း ယခုအခါ သေမင်းငင်လျက် ရှိနေပေသည်။ တောင်သူ လယ်သမားတို့၏ စည်းရုံးရေးအခြေခံကို မြှင့်တင်ရာဖြစ်သည့် လူတန်းစားတိုက်ပွဲတို့သည်လည်း ပျောက်ကွယ်ငြိမ်သက်လျက်ရှိပေသည်။ မည်သို့ပင် ဖိနှိပ်ညှင်းဆဲခံနေရသည့်တိုင်အောင် အခြေအနေနှင့် ကိုက်ညီသည့်ပုံစံ တမျိုးတမျိုးဖြင့် အစဉ်စည်းရုံး လှုပ်ရှားနေရမည်သာဖြစ်ပေသည်၊ ထို့ကြောင့်ပါတီသည် အမျိုးသားတပ်ပေါင်းစု၏အာမခံ စည်းရုံးရေးအခင်းကို အပြည့်အဝ ကြွပြန့်နိုင်စေရန်အတွက် အလုပ်သမားလူတန်းစားနှင့် တောင်သူလယ်သမားများ၏ ညီညွတ်ကျယ်ပြန့်စွာ စည်းရုံးရေးကို ပါတီဝင် တပ်သားများ အမြန်ဆုံးစံနစ် တကျတာဝန်ခွဲဝေ၍ တက်တက်ကြွကြွနှင့် လုပ်ဆောင်စေအပ်ပေသည်၊

အလားတူစွာပင် ပါတီသည် လူလတ်တန်းစားများ၊ လူမျိုးစုများ၊ ကျောင်းသားလူငယ်၊ အမျိုးသမီး စသည့် ဒီမိုကရေစီအင်အားစုများ၏ စည်းရုံးရေးကိုလည်း အပြောနှင့် သဘောတရားသည်သာမဟုတ်၊ လက်တွေ့အကောင်အထည်ပေါ် စည်းရုံးရေး ညီညွတ်ရေး လုပ်ငန်းများကိုလည်း၊ ပါတီဝင် တပ်သားတို့အား စံနစ်တကျတာဝန်ခွဲဝေ၍ ထိထိရောက်ရောက်လုပ်ဆောင်စေအပ်ပေသည်။

ယနေ့တက်ကြွစွာ ထောက်ခံအားပေးလာသော လူထုလူတန်းစားအပေါင်းအဝင် ပြည်သူတို့၏အုံကြွမှုသည် လူတန်းစားအလိုက် အမာခံစည်းရုံးရေးဖြင့်အခြေခံ၍ တက်ကြွလာသေးသည်မဟုတ်သည်ကို အလေးသတိပြုကြရမည် ဖြစ်ပေသည်။

ပါတီ၏ တစ်ပေါင်းစုစည်းရုံးရေး အခက်အခဲ ချို့ယွင်းချက်များ ဤမျှဖြစ်ပေါ်နေရသည်မှာ အကြောင်းရင်းသုံးရပ်ကြောင့် ဖြစ်ရသည်ဟုယူဆသည်။ ၎င်းတို့မှာ (၁) ပါတီတွင်း တစ်ပေါင်းစုသဘောတရား အလေးအနက် ချမှတ်သင်ကြားမှုမပြုနိုင်သေးခြင်း၊ (၂) ဂိုဏ်းဂဏစိတ် ပြင်းထန်နေသေးခြင်းနှင့် (၃) ပါတီကေဒါနည်းပါးလှသည့်တွင် ရှိသမျှကေဒါများကိုပင် စံနစ်တကျတာဝန်မခွဲဝေနိုင်သေးခြင်းပင် ဖြစ်ပေသည်။

တစ်ပေါင်းစု၏ တိုက်ပွဲအခက်ကာလတွင် ပါတီ၏ချို့ယွင်းချက်များကို ဆန်းစစ်ရန်လိုပေသည်။

ပါတီမှ ခေါင်းဆောင်ချမှတ်အပ်သော ပြည်တွင်းစစ်ရပ်စဲရေး နိုင်ငံရေးလမ်းစဉ်ကို ရွေးကောက်ပွဲအား အသုံးချ၍ ပြည်သူ့ဘာရပ်လုံး၏ ဆန္ဒပြတိုက်ပွဲကြီးအဖြစ် ဆင်နွှဲခဲ့ရာတွင် တိုးတက်အောင်မြင်ခဲ့သည်ကားမှန်၏။ ပါတီ၏ နိုင်ငံရေးဩဇာ ကျယ်ပြန့်စွာ သက်ရောက်လာသည်လည်းမှန်၏။ သို့ရာတွင်ပါတီသည်ဗဟိုမှနိုင်ငံရေးလမ်းစဉ်ကို ချုပ်ကိုင်ထိမ်းသိမ်း၍ ချီတက်စေရာ၌ ပါတီ၏ နိုင်ငံရေးဗဟိုသည် များစွာရေ့ရိရေ့ရဲနိုင်၍ တခါတရံ နိုင်ငံရေး ဗဟိုပင် ပျောက်ကွယ်ခဲ့ရပေသည်။ ဤသို့ဖြစ်ခဲ့ခြင်းကြောင့် နိုင်ငံရေး လမ်းစဉ် နှင့် ပြည်သူ့ဘို့ကို ထိတွေ့ဆွဲဆောင်ရာ၌ စည်းလုံးပိုင်နိုင်ခြင်းမရှိခဲ့ဘဲ တိုက်ပွဲ တိုးတက် အောင်မြင်ခြင်းမှအပ၊ ပါတီဗဟိုနှင့် ခရိုင် မြို့နယ်ပါတီအစုများသည် တိုက်ပွဲပြီးနောက် များစွာသော နေရာများတွင် မကျေမလည်နှင့် ပဋိပက္ခပေါင်း များစွာဖြင့် ကစဉ့်ကရဲဖြစ်ခဲ့ရပေသည်။ (ဥပမာ။ ပြည်၊ ရွှေဘို၊ ပဲခူး၊ သထုံ၊ မော်လမြိုင်၊ မအူပင် စသည်တို့ဖြစ်သည်။) ဤအကြောင်းခြင်းရာများသည် တစ်ပေါင်းစုအတွင်းတွင် ပါတီ၏ ခေါင်းဆောင်မှုကို ထိခိုက်စေခဲ့သည်။ မဆုံးရှုံးသင့်သော ပါတီဝင် တပ်သားများကို ဆုံးရှုံးစေခဲ့ရသည်။

တိုက်ပွဲ၏ ဒုတိယချို့ယွင်းချက်မှာ ပြည်တွင်းစစ်ရပ်စဲရေး၊ နိုင်ငံရေးတိုက်ပွဲတွင် လူတန်းစားအလိုက် စီးပွါးရေးတောင်းဆိုချက် တိုက်ပွဲများဖြင့် အမာခံအခြေမိုက်၍ ဆက်စပ်ကြီးထွားစေမှု မပြုနိုင်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့်လည်း၊ ရွေးကောက်ပွဲ တိုက်ပွဲ ပြီးသည့်နောက် အရှိန်သာ ကျန်ရစ်တော့၍ နိုင်ငံရေးတိုက်ပွဲကို တဆက်တည်းသော စီးပွါးရေးတိုက်ပွဲများဖြင့် ဆက်လက်မခေါ်

ဆောင်နိုင်တဲ့ ရပ်တည်နေရခြင်းဖြစ်ပေသည်။ ထို့ကြောင့် လူတန်းစားအလိုက် စီးပွါးရေးတိုက်ပွဲများကို ဆက်လက် ဆင်နွှဲစေရန် လိုပေသည်။ တမျိုးသားလုံးအတွက်ကုန်ဈေး နှုန်းကျဆင်းရေးနှင့် ပြည်တွင်းစစ်ရပ်စဲရေး ဆက်စပ်တိုက် ပွဲဖော်ပေးဘို့ လိုအပ်ပေသည်။

တိုက်ပွဲ၏တတိယချို့ယွင်းချက်မှာ အလုပ်သမားလူတန်း စားပါတီသည် တစ်ပေါင်းစုတရပ်အတွင်း၊ အခြားသော အင်အားစုများနှင့် ရှေ့ဆောင် လက်တွဲ၍ ဆင်နွှဲရာတွင် ''ပေါင်းလည်းပေါင်း တိုက်လည်းတိုက်'' ဟူသောကျင့် စဉ်အရ အစွန်းလွတ်ကျင့်သုံး၍တက်သွားရမည့်အစား အချို့သောလက်တွေ့ ပြဿနာများတွင် အပေါင်းပြဿ နာ များနှင့်သာ လွန်ကဲခဲ့၍ ပါတီ၏ တစ်ပေါင်စုအတွင်း ရှေ့ဆောင်ပေးမှုကို ထိခိုက်ခဲ့ပေသည်၊ လက်တွေ့အားဖြင့် ပြည်နှင့်မအူပင် ကိစ္စများပင်ဖြစ်ပေသည်။ ''မူအခြေခံတိုက် ပွဲများသည် အင်အားတည်ဆောက်ရေးအတွက် နည်း လမ်းများဖြစ်၍ အင်အားသည်တိုက်ပွဲများ၏ အသီးအပွင့် များဖြစ်သည်''။ ဟူသောရဲဘော်ကြီးမော်၏ တစ်ပေါင်းစု သဘောတရား သွန်သင်ချက်ကိုမေ့ပျောက်ခဲ့ခြင်းပင် ဖြစ် ပေသည်။ ''ပေါလစီရေးစာမျက်နှာ(၅)''။ သို့သော်လည်း အင်အားဖြစ်ထွန်းရေးအတွက်သာ တိုက်ပွဲဆင်၍ ဝေဘန် ထိမ်းသိမ်းရသည်ကိုလည်း တဘက်တွင်မမေ့အပ်ပေ။

ဤသို့သော စည်းရုံးရေးနှင့် တိုက်ပွဲချို့ယွင်းချက်များ ကို ထိရောက်စွာ ပြင်ဆင်နိုင်ရန်အတွက် ပါတီသည်တစ်

ပေါင်းစုအတွင်း အောက်ပါသဘောထား လမ်းစဉ်များ ကို တိကျစွာချမှတ်လုပ်ဆောင်ဘို့ လိုအပ်ပေသည်။

ပါတီ၏ တစ်ပေါင်းစုအတွင်းသဘောထားများ။

၁။ ပါတီသည် တစ်ပေါင်းစုအတွင်း ခိုင်မာစွာရပ် တည် ရှေ့ဆောင်နိုင်ရန်အတွက် အောက်ပါအခြေခံ သဘောထားနှစ်ရပ်ကို အစဉ်အမြဲကျင့်သုံးမည်။

(၁) တစ်ပေါင်းစု တရပ်လုံး၏ ညီညွတ်ရေးကို ထိမ်း သိမ်းကာကွယ်ရန်အတွက် ပေါင်းလည်းပေါင်း တိုက်လည်းတိုက်မည်။

(၂) အလုပ်သမား လူတန်းစား ပါတီ၏သီးသန့်တည် နေ လှုပ်ရှားစည်းရုံး ဝါဒဖြန့်ခွင့် အချုပ်အခြာ အာဏာကို ထိမ်းသိမ်းကာကွယ်မည်။

၂။ တစ်ပေါင်းစုအတွင်း အင်အားစုများနှင့်ပတ်သက် ၍ ပါတီသည် အောက်ပါသဘောထားများအရ ဆက်ဆံစည်းရုံးမည်။

(၁) အလုပ်သမား လူတန်းစားနှင့် တောင်သူလယ် သမားများအား အခြေခံအင်အားစုများ အဖြစ် ခိုင်ခိုင်မာစွာ စည်းရုံးမည်။

(၂) မြို့နေဆင်းရဲသားများ၊ လူမျိုးစုများ၊ ကျောင်းသား လူငယ် အမျိုးသမီးစသည့် ဒီမိုကရေစီ အင်အား စုများ၊ ပညာတတ်လူတန်းစားများအား အရံ

မဟာမိတ်အဖြစ် စည်းရုံးဆွဲဆောင်မည်။ ၎င်းတို့အတွင်းမှ တိုက်ပွဲဖြင့် ပေါ်ထွက်လာသော တပ်သားကောင်းများအား အလုပ်သမားလူတန်းစား အကျိုးအတွက် မလွှတ်တမ်း ချဉ်းကပ်စည်းရုံးမည်။

(၃) တွေဝေသည့် လမ်းခုလပ် လူလတ်တန်းစားများအား ၎င်းတို့၏ဘဝ လက်တွေ့အလုပ်ဖြင့် ပညာပေးကာ တပ်ပေါင်းစုအတွင်း ထိမ်းသိမ်းထားမည်။

(၄) အမျိုးသားအရင်းရှင်များသည် တပ်ပေါင်းစုဝင် အင်အားစုတရပ်ဖြစ်သည့်၊ ၎င်းတို့ကို ဆွဲဆောင်၍ စည်းရုံးရာ၌ တူညီလာတိုင်းပူးပေါင်း၍ ဆန့်ကျင်လာတိုင်း တိုက်ခိုက်ဆွဲဆောင်မည်။

(၅) တပ်ပေါင်းစုအပေါ် အာဏာရှင်၊ အာဏာသွဲ၊ နယ်ချဲ့နှင့် မြေရှင်ပဒေသရာဇ် ကိုယ်စားလှယ်များအား အားအကြီးဆုံးအရ၊ အားအနည်းဆုံးအရ စသည်ဖြင့် အခြေအနေနှင့် ၎င်းတို့၏အတွင်း ပဋိပက္ခများအရ အသုံးချ၍တပ်ပေါင်းစု အန္တရာယ်နည်းပါးစေရန် တားဆီးထားမည်။

၃။ ပါတီဝင်တို့သည် တပ်ပေါင်းစုအတွင်းရှိ အင်အားများ အားလုံးတို့နှင့် ညှိနှိုင်းပြဋ္ဌာန်းပြီးသော တူညီချက်ရှိသည့် လုပ်ငန်းများကို ပူးပေါင်းလုပ်ဆောင်ရာ၌ ရဲဘော်ကြီးဟိုချီမင်း၏ သွန်သင်ချက်အတိုင်း အောက်ပါ ကျင့်စဉ်များကို ကျင့်သုံးလုပ်ဆောင်မည်။

(၁) အစဉ်သဖြင့် ပညာပေး ညှိနှိုင်းဆွေးနွေးမည်။
(၂) ဒီမိုကရေစီရေးကို လေးစားမည်။
(၃) ပူးပေါင်းခေါင်းဆောင်မှု၊ ပူးပေါင်းလုပ်ဆောင်မှုများကို မြှင့်တင်မည်။
(၄) တပ်ပေါင်းစုအတွင်း ပါတီအသင်းအဖွဲ့အစည်းတိုင်း၏ အချုပ်အခြာအာဏာကို လေးစားမည်။
(၅) ကိုယ့်ကိုကိုယ်ဝေဖန်ရေးကို အစဉ်အမြဲအခြေခံ၍ သူတပါးအား ဝေဖန်မည်။

၄။ ပါတီ၏ ခေါင်းဆောင်မှု ဟန်ပန်ကို တပ်ပေါင်းစု အတွင်း အောက်ပါအတိုင်း ကျင့်သုံးမည်။

(၁) တကမ္ဘာလုံးအရေး တမျိုးသားလုံးအရေး နှင့် ပါတ်သက်သည့် လွှမ်းခြုံသည့်ပြဿနာကြီးများကို ပြဿနာတခုစီ အလုပ်သမားပါတီ၏ သဘောထားများကို တပ်ပေါင်းစုအတွင်း ပဋ္ဌမ ညှိနှိုင်းနိုင်သမျှ ညှိနှိုင်း၍ တပ်ပေါင်းစုမှတဆင့် ကျယ်ပြန့်စွာ ခေါင်းဆောင်မှုပေးမည်။

(၂) ဤသို့သော အရေးလည်းဖြစ်သည့် တပ်ပေါင်းစု အတွင်းတွင်လည်း ညှိနှိုင်းသည့်တူညီချက်လည်း မရ၊ သို့သော်လည်း ပါတီက မချအရေးယူထိုက်သော ပြဿနာလည်းဖြစ်နေသည်။ ထိုသို့ဖြစ်လျှင် ပါတီသည် တပ်ပေါင်းစု၏ ညီညွတ်ရေးကို ထိမ်းသိမ်းသောအားဖြင့် ပါတီမှ သီးသန့်တာဝန်ယူ၍ ပြဋ္ဌာန်းလုပ်ဆောင်မည်။

(၃) အလုပ်သမား လူတန်းစား အရေးရာများတွင်မူ ပါတီသည်လုံးဝလွတ်လပ်စွာ ပြဋ္ဌာန်းလုပ်ဆောင်မည်။

၅။ တပ်ပေါင်းစုအတွင်း ပါတီဝင် တစ်သားများအား တာဝန်ပေးအပ် လုပ်ဆောင်စေရာတွင် အောက်ပါအတိုင်းသဘောထား၍ ကျင့်သုံးမည်။

(၁) အရေးအတွက်နှင့်နေရာသည် အဓိကမဟုတ်၊ လမ်းစဉ်အရ ရချလိုအပ် လုပ်အပ်သည့် တာဝန်အရ လုပ်ငန်းအရသာ အဓိကဖြစ်သည်။

(၂) ထိုသို့တာဝန်ပေးရာတွင် တပ်ပေါင်းစု သဘောတရားပြည့်ဝခြင်း၊ စည်းကမ်းရှိသေခြင်း၊ဆက်ဆံရေး ပြေပြစ်ခြင်း စသည့် အရည်အချင်းများရှိသည့်တစ်သားများကိုသာ ဆိုင်ရာအဆင့်အလိုက် စံနစ်တကျရွေးချယ် တာဝန်ပေးအပ်ရမည်။

(၃) ဆိုင်ရာ အဆင့်အလိုက် ပါတီကော်မတီများ၏ ထိန်းချုပ်မှု၊ လမ်းညွှန်မှုကို အခြေခံအားဖြင့်ခံယူကျင့်သုံးစေရမည်။

တပ်ပေါင်းစု၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပါတီ၏ ရှေ့ဆောင်မှု။

အမျိုးသား ညီညွတ်ရေး တပ်ပေါင်းစုကြီး၏ ပဉ္စမအကြိမ်မြောက် ကွန်ဖရင့်မှ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့သည်။ ထိုလုပ်ငန်းစဉ်များကို အောင်မြင်အောင် လုပ်ဆောင်ရန်အတွက် အဓိကရှေ့ဆောင်ကြိုးပမ်းမှု အခန်း

သည် ပါတီ၏ကြီးလေးသော အခန်းတရပ်ပင်ဖြစ်လေသည်။

ထို့ကြောင့် ပါတီဝင်တိုင်းသည် အရည်အချင်း ပြည့်ဝလာအောင် ကြိုးပမ်းဖို့ရာထူးပင် အရေးကြီးပေသည်။ အရည်အချင်း ဆိုရာ၌ ပါတီသည် အလုပ်သမား လူတန်းစားပါတီ ဘဝရပ်၏အင်္ဂါများပြည့်ဝလာစေတို့ (ပါတီနှင့်အခြေခံကျမ်းဂန်ပါ အင်္ဂါ ၆-ရပ်ကိုဆိုလိုသည်)နှင့် ပါတီဝင်တိုင်းသည် ကွန်မြူနစ် ကောင်း တယောက် ဖြစ်လာစေတို့များစွာ အရေးကြီးလာပြီ ဟု ဆိုလိုပေသည်။ ကွန်မြူနစ်ကောင်းတယောက်ဆိုသည်မှာ ရဲဘော်ကြီး ဝိထရေ့၏ သွန်သင်ချက်အတိုင်း၊ (၁) တော်လှန်ရေးအား အကြွင်းမဲ့ ချစ်မြတ်နိုးခြင်း၊ (၂) ပြည်သူနှင့်တသားတည်းဆက်စပ်နေခြင်း၊ (၃) ပါတီ၏လမ်းညွှန်မှုကို အခြေအနေနှင့်ကိုက်ညီစွာ လွတ်လပ်စွာ တည်တွင် ရှေ့ဆောင်မှု ပေးနိုင်ခြင်း၊ (၄) နှင့် သံမဏိ စည်းကမ်းကိုလိုက်နာခြင်းတို့ပင် ဖြစ်ပေသည်။

ပါတီနှင့် ပါတီဝင်တို့သည် အထက်ဖော်ပြပါ အရည်အချင်းများကိုဝေဘန်ရေး၊ကိုယ့်ကိုကိုယ်ဝေဘန်ရေးလက်နက်ဖြင့် ထက်မြက်စွာ ကျင့်သုံး တည်ဆောက်ခြင်း၊ တပ်ပေါင်းစု၏ လုပ်ငန်းစဉ်များကို ရှေ့ဆောင်အကောင်အထည်ဖော်သွားရန် ဖြစ်ပေသည်။

တပ်ပေါင်းစု၏ လုပ်ငန်းစဉ်များအနက်၊ ပြည်တွင်းစစ်ရပ်စဲရေးလမ်းစဉ်သည် သော့ချက် အကျဆုံးလမ်းစဉ် ဖြစ်ပေသည်။ ၎င်းလမ်းစဉ်အောင်မြင်ရေးအတွက် ဒီမိုကရေစီ

ရေး နှင့် စီးပွါးရေး တိုက်ပွဲများသည် လက်အောက်ခံ အဖြည့်ခံတိုက်ပွဲများ အဖြစ် ပါတီက ရှေ့ဆောင်မှုပေးရန် အလွန်လိုအပ်ပေသည်။

ပြည်တွင်းစစ် ရပ်စဲရေး လုပ်ငန်းစဉ်ကို ပါတီမှ တစ်ပေါင်းစုကွင်း ရှေ့ဆောင်မှုပေးရာ၌ တိုက်ပွဲပရိယာယ်တွင် ပါတီတွင်းတွင်အယူအဆ တူညီဖို့လိုအပ်ပေသည်။ ၎င်းမှာ ပြည်တွင်းစစ်တရားခံ ဖ-ဆ-ဆိုရှယ်တို့အား ပြည်သူ့ရှေ့မှ ပါယ်ရှောင်၍ 'နှစ်ဘက်ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးပါ'' ဟူ၍သာ အစဉ်တစိုက်တင်ပြတိုက်ပွဲဝင်နေလျှင် လက်ျာ လွန်ကဲသကဲ့သို့ ပြည်တွင်းစစ်တရားခံဟာ ဖ-ဆ-ဆိုရှယ် သာ ဖြစ်သည်ဟူ၍ သက်သက်သာ တင်ပြတိုက်ပွဲဝင်နေ လျှင်လည်း လက်ဝဲလွန်ကဲပေမည်၊ ထို့ကြောင့် ဖဆ-ဆိုရှယ် တို့အား ပြည်တွင်းစစ်တရားခံဖြစ်ကြောင်းကို တိုက်ပွဲဖြင့် မညင်းနိုင် မကွယ်နိုင်အောင် ချက်ကြွ-လက်ကြွ ဖေါ်ပြ အကြပ်ကိုင်ရင်း ပြည်သူတို့၏ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ရေး အတွက် နှစ်ဘက်တွေ့ဆုံဆွေးနွေးတောင်းဆိုလာရန် စည်းရုံးလုပ်အားပေးဖို့လိုသည်။

၎င်းသို့လုပ်ဆောင်ရာတွင် ပါတီဝင်တို့၏ ရှေ့ဆောင်လုပ်ငန်းများမှာ၊

(၁) ပြည်သူတို့ထံ ညီလာခံပြန်အစီရင်ခံတင်ပြခြင်း။

(၂) နိုင်ငံ့မြို့နယ် တင်ပေါင်းရေးကို စံနစ်တကျပြန်လည် စည်းရုံးခြင်း။

(၃) ပြည်တွင်း ငြိမ်းချမ်းရေး ဆန္ဒပြ လက်မှတ်များ ကောက်ခံခြင်း။

(၄) ပြည်လုံးကျွတ် ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီးအတွက် ပြင်ဆင်ခြင်း။

(၅) လူတန်းစားအလိုက် စီးပွါးရေး တိုက်ပွဲများဖြင့် ပြည်တွင်းစစ် ရပ်စဲရေး လမ်းစဉ်ကို အားဖြည့်ခြင်းပင် ဖြစ်ပေသည်။

၎င်းသို့ဖြင့် အခါကာလအားလျော်စွာ တစ်ပေါင်းစုဌာနချုပ်မှ ပြဋ္ဌာန်းချက်များကို လုပ်ဆောင်နိုင်ရန် အသင့်ပြင်ဆင်ကြိုးပမ်းထားဖို့ လိုအပ်ပေသည်။

ကွန်ဖရင့်ခေါင်းစဉ်-၅။

ပါတီတည်ဆောက်ရေး။

ပဉ္စမအကြိမ်မြောက် ပါတီ ဗဟိုကော်မတီ ညီလာခံမှ ချမှတ်ခဲ့သောစည်းရုံးရေး၏ လမ်းညွှန်များအတိုင်း ပါတီ စည်းရုံးရေးနှင့် ထိန်းသိမ်းရေးကော်မရှင်မှ ဦးစီး၍ ပါတီ ကို တည်ဆောက်ခဲ့ပေသည်။

ထိုအချိန်မှစ၍ ယခု ကျင်းပလျက်ရှိသော ကွန်ဖရင့် ကျင်းပသည့်ကာလအထိ တနှစ်နီးပါးသော အချိန်အတွင်း ပါတီ၏စည်းရုံးရေးအခြေအနေကို အောက်ပါအတိုင်းစစ် ဆေးတင်ပြအပ်ပေသည်။

အပိုင်း (က)

ယေဘူယျအခြေအနေစစ်ဆေးချက်။

ပါတီတရပ်လုံး၏ ယေဘူယျအခြေအနေများမှာ-

၁။ ပါတီ၏ နိုင်ငံရေး ဩဇာ တိုးတက်ကြီးမား လာခြင်း၊ ဤအချက်မှာ ဖ-ဆ ဆိုရှယ်တို့၏ ပြည်တွင်းစစ်ဒါဏ်ကို နှစ်ပေါင်းများစွာခံစားနေရသော ပြည်သူတို့၏ အကျိုးဆန္ဒနှင့် လွန်စွာမှကိုက်ညီစပ်ဟပ်သည့် ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းနှင့် ဒီမိုကရေစီရေး လမ်းစဉ်များကို ခိုင်မာတည့်မတ်စွာချ မှတ်လုပ်ဆောင်နိုင်ခြင်း၊ ရာဇဝင် တောင်းဆိုချက်ဖြစ်သော အမျိုးသားညီညွတ်ရေး တပ်ပေါင်းစု တရပ်ကို အောင်မြင်စွာ တည်ဆောက်နိုင်ခြင်း၊ မတရားရွေးခကောက်ပွဲကို ပြည်တွင်း ငြိမ်းချမ်းရေး ဆန္ဒပြ တိုက်ပွဲကြီး အဖြစ် ဆန့်ကျင် အသုံး ချနိုင် ခဲ့ခြင်း ကြောင့် ပြည်သူ့ဒုံကြီးကို ကျယ်ပြန့်စွာ လှုံ့ဆော်စည်းရုံး နိုင်ခဲ့ခြင်း စသည့် ပြည်သူ့ အကျိုးပြု လုပ်ရပ်များကြောင့် ပါတီ၏ နိုင်ငံရေးဩဇာသည် ပြည်သူ့ဘို့ အတွင်းတွင် ကျယ်ပြန့်ကြီးမားလာပေသည်။

၂။ ပါတီ၏စည်းရုံးရေးကွင်းကျယ်ပြန့်လာခြင်း။

ဤသို့သော ပြည်သူ့အကျိုး ပြုလုပ်ရပ်များကြောင့် ပါတီသည့် ၎င်း၏ စည်းရုံးရေးကွင်းမှာ ပိုမိုကျယ်ပြန့်လာပေသည်။ ပါတီ၏ စည်းရုံးနိုင်ခြင်း လုပ်အားမှာ စည်းရုံးရေး

ကွင်းနှင့် စည်းရုံးရေး အလားအလာ ပမာဏကို မမှီနိုင်သည့် အခြေအနေတွင်ပင် ရှိနေသည်။ ထို့ကြောင့်လည်း ရန်သူတို့က ပါတီ၏စည်းရုံးရေးလုပ်ရပ်များကို သိက္ခာမဲ့ အကြပ်ကိုင်တားဆီး ပိတ်ဆို့နေခြင်းပင်ဖြစ်ပေသည်။

၃။ စည်းရုံးရန်အလားအလာကောင်းသလောက် အခွင့်ကောင်းယူ၍ အသုံးမချနိုင်ခဲ့ခြင်း၊ ရန်သူသည် တဘက်မှ သူ့လမ်းစဉ်အတိုင်း ဖိနှိပ်တားဆီး နေသည် မှန်သော်လည်း ပါတီကသာ ပါတီတပ်သားကောင်းများကို စံနစ်တကျ တာဝန်ခွဲဝေ၍ ရန်သူ့အားကို ထိုးဖေါက်နိုင်သည့် စည်းရုံးရေး နည်းပရိယာယ်များကို ချမှတ်နိုင်ပါက အခြေအနေ ကောင်းများကို အသုံးချနိုင်ခဲ့မည်ဖြစ်၏။ ယခုသော် အသုံးမချနိုင်သေး။ အသုံးချနိုင်ရန်ကြိုးစားကြရမည်ဖြစ်၏။

၄။ ပါတီတရပ်လုံးစည်းရုံးရေး ရော့ရဲနေခြင်း။

ဤအချက်မှာ၎င်း၏ဗဟိုမှသည် အောက်ဆုံးအဆင့်တိုင်များသောအားဖြင့် ရော့ရဲနေကြ၏။ ပဉ္စမအကြိမ်မြောက် ဗဟိုကော်မတီ ညီလာခံ ပြီးသည့်နောက် ခရိုင်ကော်မတီသစ်များဖြစ်သည့် စစ်ကိုင်း၊မအူပင်၊မကွေး၊မြင်းခြံ၊ဟံသာဝတီ တို့ပေါ်ထွက်လာ၏။ ခရိုင်အခြေခံများအဖြစ် မြစ်ကြီးနား၊တောင်ငူ၊မင်းဘူး တို့တွင် ရှိလာ၏။ သို့သော်လည်း စံနစ်တကျ မထိမ်းသိမ်းနိုင်သေး၊ အားလုံးလိုလိုပင် ရော့ရဲခဲ့၏။

၅။ **တွေဝေမှုလွှမ်းမိုးနေခြင်း၊** ပါတီဝင်တို့သည် များသောအားဖြင့် ပါတီ၏အောင်မြင်ခဲ့ အောင်မြင်ဆဲလုပ်ရပ်များကို မေ့ပျောက်နေသကဲ့သို့ အခြေအနေတွင်ရှိနေပြီးလျှင် ရန်သူ၏ တဟုန်တည်း အကြမ်းဖက် ထိုးစစ်ဆင်ပြိမ်းခြောက်လာသောအခါ တဘက်တွင်လည်း သဘောတရားရေးနှင့် အယူအဆခေါင်းတွင် အားနည်းလာသောအခါ ပါတီဝင်များစွာတို့မှာတွေဝေလာကြသည့်သဘောရှိနေ၏။ ပါတီနှင့် ပြည်သူတို့က ရန်သူ၏ ရင်ဝအတွင်းသို့ တစိမ့်စိမ့်တိုးဝင် နက်သွင်းနေသော ပြည်တွင်းစစ်ရပ်စဲရေး ပြည်တွင်းငြိမ်းချမ်းရေး လမ်းစဉ်၏ ထက်မြက်မှန်ကန်ပုံကို အလေးအနက်မပြုကြ၊ ပါတီ၏ အကျပ်အတည်းနှင့် ပဋိပက္ခသည် ယာယီမျှ၊ ရန်သူ၏အကျပ်အတည်းနှင့် ပဋိပက္ခသည်သာ တနေ့တခြား ပိုမိုနက်ရှိုင်း လာခြင်းကိုလည်း အလေးအနက်မပြုကြ။ ဤအကြောင်းများကြောင့် ပါတီတရပ်လုံးသည် လက်ငင်းအားဖြင့် တွေဝေမှုများ လွှမ်းမိုးနေသေးသည်ဟု ဆိုရမည်ဖြစ်၏။

၆။ **မကြေလည်မှုများရှိနေခြင်း၊** ပါတီ၏ အဆင့်ဆင့်များတွင် အနည်းနှင့်အများ ရွေးကောက်ပွဲနိုင်ငံရေးတိုက်ပွဲများ၏ ဂယက်ကြောင့်ရင်း၊ ပုဂ္ဂိုလ်ဂိုဏ်းဂဏရိုက်ခတ်မှုများကြောင့်ရင်း၊ တာဝန်ခွဲပုံစံနစ်မကျနခဲ့၍ရင်း၊ အားထုတ်ပြုလိုက်လျှင်အဆင့်ဆင့်တို့တွင် စုပေါင်းခေါင်းဆောင်မှုရှော့ရဲလာခြင်းကို အခြေခံ၍ မကြေလည်မှု များသည် အနည်းနှင့်အများ လွှမ်းမိုးနေသည့် အခြေအနေတွင်ပင် ရှိနေပေသည်။

ဤကား ပါတီတရပ်လုံး၏အောင်မြင်ခြင်း၊ ဆုံးရှုံးခြင်း၊ ချွတ်ယွင်းခြင်းများကို လွှမ်းမိုး၍ သုံးသပ်အပ်သော ယေဘုယျ အခြေအနေများသာ ဖြစ်ပေသည်။

ပါတီ၏ အရေးကြီးသော အခေါင်းများကို တဆင့်ခြင်း စစ်ဆေးအပ်သည့် ဝေဘန်မှုကောက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

အပိုင်း(ခ)

အဆင့်လိုက်စစ်ဆေးချက်။

၁။ **ဗဟိုကော်မတီ။** (၁)သဘောတရား အားနည်းသေး၍ အဆင့်မညီဖြစ်နေသေးသည်။(၂)ဝါဒလမ်းညွှန်နှင့် လက်တွေ့လုပ်ရပ် ကင်းကွာနေသေးသည်။ (၃)စုပေါင်းခေါင်းဆောင်မှု ရှော့ရဲနေသေးသည်။ (၄) ဝေဘန်ရေး ကိုယ့်ကိုယ်ကိုဝေဘန်ရေးမရှိဖြစ်နေသေးသည်။ ဤအချက်အဆိုးဝါးဆုံးဖြစ်သည်။ (၅) ပါတီ ဗဟိုအဖြစ် ချုပ်ကိုင်ထိမ်းသိမ်းမှုရှော့ရဲလာ၏။ ဗဟိုကော်မတီ၏ တာဝန်ခေါင်းများ ရောဝေးလာသည်။ (၇)အတွင်းရေးမှူးများရုံး စံနစ်တကျဖွဲ့စည်းနိုင်မှုမရှိ။

၂။ နိုင်ငံရေးဗျူရို။

(၁) သဘောတရားအားနည်းသေး၍ အယူအဆမတူညီကြသေး။
(၂) စုပေါင်းခေါင်းဆောင်မှု အလွန်ရှော့ရဲလာသည်။
(၃) ဗျူရို၏အခေါင်း ပါတီတွင်းတွင် မှေးမှိန်လာသည်၊

၃။ အထွေထွေအတွင်းရေးမှူးချုပ်။

(၁) သဘောတရားအားနည်းသေးသည်။
(၂) အထူးအားဖြင့် ကျန်းမာရေးချွတ်ယွင်းလာသည်။
(၃) ထို့ကြောင့် တာဝန်ကိုကြေပြွန်စွာ မဆောင်ရွက်နိုင်။

၄။ ပါတီထိမ်းသိမ်းရေးကော်မရှင်။

(၁) သဘောတရားရေးအားနည်းသေးသည်။
(၂) တာဝန်ကိုကြေပြွန်စွာ မဆောင်ရွက်နိုင်။
(၃) အထူးအားဖြင့် အချို့သောပြဿနာများကို အချိန်မှီ အဆုံးအဖြတ်မပေးနိုင်။ (ဥပမာ)ပခုက္ကူ၊ ပြည်၊ သထုံ၊ ပဲခူး။

၅။ ပညာရေးဗြူရို။

(၁) စုပေါင်းခေါင်းဆောင်မှုမရှိ။
(၂) တာဝန်ကိုကြေပြွန်စွာ မဆောင်ရွက်နိုင်သေး။
(၃) အထူးအားဖြင့် ပါတီတွင်း ပညာပေးရေးတွင် ဖြစ်မြောက်လွယ်ကူနိုင်သည့် နည်းသစ် လမ်းသစ်များကို မတွင်နိုင်၊ သင်တန်းဖွင့်ခြင်း တခုတည်းကိုသာ အားကိုးနေခြင်း။

၆။ အယ်ဒီတာအဖွဲ့။

(၁) အလုပ်မလုပ်နိုင်ပျက်နေ၏။

၇။ ဘဏ္ဍာရေး။

(၁) အလုပ်မလုပ်နိုင်ပျက်နေသည်။

၈။ ရန်ကုန်ခရိုင်။

(၁) သဘောတရားရေးအားနည်းသေးသည်။
(၂) ပါတီစည်းရုံးလှုပ်ရှားရေးတွင် အလုပ်သွားလူတန်းစားအခြေခံမှု မလေးနက်သေး။

၉။ ဗဟိုပါတီဗိပ်များ။

(၁) ဖွဲ့စည်းပြီးဗဟိုပါတီဗိပ်များဖြစ်သည့် ဘီ၊ တီ၊ ယူ၊ စီ၊ တ-လ-ည-စ၊ လူငယ်၊ ကမ္ဘာ့ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ၊ ဗ-က-သ တို့တွင် စံနစ်တကျ စုပေါင်းခေါင်းဆောင်မှုနှင့် စစ်ဆေးခြင်း အစီရင်ခံခြင်းစသည့် ထိမ်းချုပ်မှုများ အထူးချောင်ရဲနေ၏။
(၂) မဖွဲ့ရသေးသည့်ပါလီမန် တပ်ပေါင်းစု၊ စာပေယဉ်ကျေးမှု၊ ကျောင်းဆရာ၊ အမျိုးသမီးတို့လည်းရှိသေးသည်။

အပိုင်း (၈)

ဗဟိုကော်မတီ၏စစ်ဆေးအရေးယူချက်။

ဤသို့သော ပါတီဗဟို၏ ချွတ်ယွင်း အားနည်းနေချက်များကို ပါတီဗဟို ကော်မတီသည် အလေးအနက် ပြန်လည်စစ်ဆေးပြီးနောက် ဗဟိုကော်မတီ၏ အရေးယူပြင်ဆင်ချက်များကို ပါတီတွင်းတွင် ထုတ်ပြန်ကြေငြာခဲ့ခြင်းဖြစ်ပေသည်။

ပါတီဗဟို ကော်မတီသည် ဤသို့အရေးယူ ပြင်ဆင်ရာတွင် ပစ္စည်းမဲ့ ပါတီတို့၏အစဉ်အလာအတိုင်း အလုပ်

သွားလူတန်းစားနှင့် ပြည်သူတို့အကျိုးအတွက်သာ အဓိက မျက်မှောက်ပြု၍ ပါတီဗဟို၏ အမြင့်မားဆုံး အထွေထွေ အတွင်းရေးမှူးချုပ်၊ နိုင်ငံရေးပြူရို၊ ထိမ်းသိမ်းရေးကော်မရှင်စသည့်တို့မှ ဗဟိုပါတီစိပ်အထိ ထိရောက်စွာ အရေးယူပြင်ဆင်လိုက်ခြင်းဖြစ်ပေသည်။

ဤသို့ ပါတီဗဟိုကို ပြန်လည် တည်ဆောက်ပြီးနောက် ယခုကျင်းပလျက်ရှိသော ကွန်ဖရင့်၏သုံးသပ်ညှိနှိုင်းချက်များအရ ခရိုင်မြို့နယ် ကျေးရွာပါတီ အကောင်အထည်များကိုလည်း စံနစ်တကျ ထိရောက်စွာအရေးယူ ပြင်ဆင်ကြရမည် ဖြစ်ပေသည်။ အထူးသဖြင့် ပါတီတွင်းပြဿနာတို့ကိုဝေဘန်ရေး ကိုယ့်ကိုကိုယ်ဝေဖန်ရေး လက်နက်ဖြင့် ဆေးကြောသန့်ရှင်း စေကြရမည်ဖြစ်ပေသည်။

ပါတီတရပ်လုံး၏ အဆင့်ဆင့်သော အဖွဲ့အစည်းများကို ပြင်ဆင်ဖွဲ့စည်းယုံမှုနှင့် ပါတီတရပ်လုံး ခိုင်မာတောင့်တင်းလာလိမ့်မည် ဟု ယူဆလျှင် မှားယွင်းပေဦးမည်။ ဥပမာအားဖြင့် ယာဉ်ရထား တခုကိုချတ်မောင်းရာတွင် အင်္ဂါပြည့်စုံစွာ တတ်ဆင်၍ တခုရထားခြင်း မျှသာဖြစ်ပေသည်။ ခိုင်မာသောရထားလမ်းကြောင်း ချတ်မောင်းမှုကျွမ်းကြင်သူများ၏ စံနစ်တကျ ကိုင်တွယ် လှုပ်ရှားမှု ဓါတ်ဆီ စက်ဆီစသည့် အားဖြည့်သွင်းလောင်းမှုတို့ ပါဝင်မှ ပြည့်ဝခြင်းသို့ရောက်ပေမည်။

ဤအလားတူပင် ပါတီသည် တခုရှုပြီးချတ်မောင်း၍ တက်သွားရာတွင် (၁)ဝါဒ၏လေးနက် ပြည့်ဝခြင်း၊ (၂) လမ်းစဉ်၏ မှန်ကန်ခြင်း(၃) အဆောက်မပြတ်သော လူတန်းစားတိုက်ပွဲ၏ကြီးထွားခြင်း(၄) ဝေဘန်ရေးနှင့် ကိုယ့်ကိုကိုယ်ဝေဘန်ရေးကိုအလေးအနက်ကျင့်သုံးခြင်း(၅)ကေဒါတပ်သားများကို စံနစ်တကျ မွေးမြူထိမ်းသိမ်းခြင်း(၆)ခိုင်မာသော ဒီမိုကရေစီ ဗဟိုဦးစီးစံနစ်၊ ဤအင်္ဂါရပ်များ အစဉ်တစိုက် တိုးတက်လှုပ်ရှား နေမှသာ ပါတီတရပ်လုံး အသက်ဝင်၍ ရန်သူ၏ဘေးအန္တရာယ်များကိုအောင်မြင်စွာ ထိုးဖေါက်ရင်ဆိုင်နိုင်မည်ဖြစ်ပေသည်။

ထို့ကြောင့် ပါတီဝင်တို့သည် ပေးနေသောအခြေအနေများကို ပုံစံအမျိုးမျိုး နည်းအမျိုးမျိုးဖြင့် ကြံဆတည့်တွင်၍ ပါတီကို ကျယ်ပြန့်လာအောင် တည်ဆောက်ကြရမည် ဖြစ်ပေသည်။ မာ့က္ခ(စ်)လီနင်ဝါဒီတို့သည် ဘယ်ကာလ ဘယ်အခြေအနေ ဘယ်နေရာတွင်မဆို ပါတီ၏ လမ်းစဉ်နှင့် စည်းရုံးရေးကို ချမှတ်ရာတွင် အခက်အခဲ ဟူသမျှကို နည်းအမျိုးမျိုးဖြင့် ကျော်နင်း၍မဖြစ် ဖြစ်သည့်နည်းဖြင့် ဝဲယာအစွန်းနှစ်ဘက်ကို မတိမ်းစောင်းစေဘဲ လုပ်ဆောင်နိုင်ကြသည့် သူတို့သာဖြစ်ပေသည်။ နိုင်ငံအတကာ ကမ္ဘာ့အလုပ်သမား လူတန်းစား သမိုင်းဖြစ်ရပ်များနှင့် အောင်ပွဲ အလီလီတို့ကလည်း ဤသို့သာညွှန်ပြ ရှေ့ဆောင်လျက် ရှိပေသည်။

ယနေ့ပါတီ တည်ဆောက်ရေးအတွက် သော့ချက် လုပ်ငန်းကြီးသုံးရပ်မှာ-

(၁) အလုပ်သမား လူတန်းစားနှင့် တောင်သူ လယ်သမားများ၏ လက်ငင်းစီးပွါးရေး တိုက်ပွဲများကို အရင်းခံ၍-

(၂) အမျိုးသားညီညွတ်ရေး တစ်ပေါင်းစုရ၏ ငြိမ်ချမ်းရေးနှင့် ဒီမိုကရေစီရေး တိုက်ပွဲများကို ကျယ်ပြန့်စွာ မြှင့်တင်ကြဘာ၊

(၃) ပါတီအား တိုက်ပွဲများအတွင်းမှ ထွက်ပေါ်လာသော တစ်သားကောင်းများဖြင့် အားဖြည့်တောင့်တင်းစေရမည်။

အပိုင်း (ဃ)

ပါတီ တည်ဆောက်ရေးအတွက်ပေးနေသော အခြေအနေများ။

ပါတီဝင်တို့သည် ပါတီကို တည်ဆောက်ကြရာတွင် ယနေ့ပေးနေသော အောက်ပါအခြေအနေ ကောင်းများကို မျက်ခြေမပြတ် အသုံးချလုပ်ဆောင် သွားကြရန်များစွာ အရေးကြီးပေသည်။ ၎င်းတို့မှာ

(၁) တက်ကြွ မြင့်မားလာပြီ ဖြစ်သော ကမ္ဘာ့ အလုပ်သမားလူတန်းစား ဩဇာတိက္ကမ၊

(၂) ပြည်သူဘို့၏ တက်ကြွစွာအားပေးထောက်ခံလာမှု၊

(၃) ရန်သူ၏ အတွင်းပဋိပက္ခ၊

(၄) ရန်သူနှင့် ပြည်သူကင်းကွာလာမှု၊

(၅) နိုင်ငံရေးလမ်းစဉ် မှန်ကန်ခြောင့်မတ်လာမှု၊

(၆) အလုပ်သမား လူတန်းစား ညီညွတ်ရေး အလား အလာ၊

(၇) အမျိုးသားညီညွတ်ရေး တစ်ပေါင်းစုကို အောင်မြင်စွာတည်ဆောက်နိုင်ခဲ့မှု၊

(၈) ပါတီတွင်း ခိုင်မာလာသော ဒီမိုကရေစီ ဦးစီးစံနစ်။

ဤအခြေ အနေကောင်းများကို အသုံးချ လုပ်ဆောင်သွားရာတွင် ပါတီအတွက် အထူးသတိပြုရမည့် အချက်တခုကို နောက်ဆုံး အလေးအနက် တင်ပြလိုပေသည်။ ထိုအချက်မှာအခြားမဟုတ်၊ ပါတီ၏နိုင်ငံရေး လမ်းစဉ်ခေါင်းဆောင်မှုပြတ်သားပေါ်လွင်လာလေလေ၊ ပါတီအား ရန်သူက ကွက်၍ကွက်၍ ထိုးနှက်လာမည်ဖြစ်ပေသည်၊ ထိုအခါမျိုးတွင် ပါတီကခုခံတွန်းလှန်ရာ၌ ဘယ်သောအခါမှ ရန်သူ့အလိုကျဘာပါတီ တလက်သီးခြင်း ပြန်ထိုးရသည့် ဘဝသို့ မရောက်စေရဘဲ ကျယ်ပြန့်သော တစ်ပေါင်းစု အင်အား ပြည်သူ့အင်အားနှင့်သာ အစဉ်ခုခံ တွန်းလှန်ရမည်ဆိုသော အချက်ကို အလေးအနက်ပြု၍ ကျင့်သုံးကြရမည် ဖြစ်ပေသည်။

ဤသို့ကျင့်သုံးနိုင်ရန်အတွက် ပါတီတွင်းတွင်တစ်စွဲသျှက်ရှိနေသေးသည့် ပုဂ္ဂိုလ် ဂိုဏ်းဂဏဝါဒကို အမြစ်ကပြုတ်၍ သုတ်သင်ပစ်ကြရမည် ဖြစ်ပေသတည်း။

ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကို ဖြတ်တောက်ကာ စံနစ်ကျနသော စုပေါင်းခေါင်းဆောင်မှုဖြင့် အောင်ပွဲခံကြပါစို့။

(ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီ ၂၀-ကြိမ်မြောက် ကွန်ဂရက်မှ ချမှတ်သည့် သဘောတရားရေးရာ အခက်အခဲ နှင့် ဆက်စပ်၍ ဗမာ့တော်လှန်ရေးအတွက် သင်ခန်းစာ ကောက်ယူရန်စာတမ်း)

ပါတီခေါင်းနောက်ဆက်တွဲ။

ငါတို့ပါတီသည် မာ့က္ခ(စ်)-လီနင်ဝါဒကို ခံယူကျင့်သုံး ရာ၌ တရားသေ သဘောတရားအရမဟုတ်ဘဲ၊ တိုးတက် ပြောင်းလဲလာသော အရပ်ရပ်အခြေအနေနှင့် လိုက်လျော အဆင်ပြေစွာ တည်တွင် ဖန်တီးမှုလမ်းစဉ် သဘောတ ရားအရသာ ခံယူကျင့်သုံးသည်။

မာ့က္ခ(စ်) လီနင်ဝါဒသည် တကမ္ဘာလုံးရှိ အဘိနှိပ်ခံ ပစ္စည်းမဲ့ လူတန်းစား တရပ်လုံး၏ လွတ်မြောက်ရေး လမ်း ညွှန်သည့် တော်လှန်ရေးဝါဒဖြစ်သည်။ ထို့ကြောင့် ယနေ့ အဘိနှိပ်ခံ ဗမာပြည်သူလူထု၏ လွတ်မြောက်ရန် တော်လှန် ရေးဝါဒမှာ ကမ္ဘာ့ပစ္စည်းမဲ့ လူတန်းစားတော်လှန်ရေး ဝါဒ၏ အစိတ်အပိုင်း တခုသာဖြစ်ရမည်။

ကမ္ဘာ့ပစ္စည်းမဲ့ တော်လှန်ရေး အဆင့်ဆင့် အောင်ပွဲ ဆင်တိုင်း၊ ဗမာပြည်သူလူထုတော်လှန်ရေး၌ အကျိုးပြုခဲ့ သကဲ့သို့ ဗမာပြည်သူ လူထုတော်လှန်ရေး၏ အဆင့်ဆင့်

အောင်ပွဲ ဆင်တိုင်းမှာလည်း ကမ္ဘာ့ပစ္စည်းမဲ့ တော်လှန် ရေးသို့ အကျိုးပြုစေသည်။

ကမ္ဘာ့ပစ္စည်းမဲ့ တော်လှန်ရေး ကမ္ဘာ့ငြိမ်းချမ်းရေးတို့ အတွက် ယနေ့ရှေ့ဆောင် ဦးစီးလုပ်ကိုင်နေကြသူများမှာ ကမ္ဘာပေါ်တွင် ရှေးဦးစွာ ဆိုရှယ်လစ်သမတနိုင်ငံ တည် ထောင်ကာ ကွန်မြူနစ်လူ့ဘောင်သို့ ရှေ့ရှုချီတက်နေသည့် ဆိုဗီယက်ကွန်မြူနစ်ပါတီ နှင့် ဆိုဗီယက် ပြည်သူတို့ဖြစ် သည်။

ထို့ကြောင့် ကမ္ဘာ့ ပစ္စည်းမဲ့ တော်လှန်ရေးခေါင်း ဆောင် ဆိုဗီယက်ကွန်မြူနစ်ပါတီ၏ တိုးတက်ဖြစ်ပေါ်မှု နှင့် ၎င်း၏နိုင်ငံတကာရေးရာ အရပ်ရပ်အခြေအနေပေါ်သ ဘောထားများကို အခါအားလျော်စွာ လေ့လာစစ်ဆေး ခြင်းသည်၊ ဗမာ့တော်လှန်ရေးအတွက် မပြုလုပ်ဘဲ မနေ အစ်သည့်အရာဖြစ်ပေသည်။

ဆိုဗီယက်ကွန်မြူနစ် ပါတီ၏ ၁၉၅၆-ဖေဖော်ဝါရီလ ကကျင်းပပြီးခဲ့သည့် ၂၀-ကြိမ်မြောက်ကွန်ဂရက်တွင် ပါတီ ဗဟိုကော်မတီကတင်ပြသော အစီရင်ခံစာမှာယနေ့ အခြေအနေတွင် လေ့လာသုံးသပ်လိုပေပြီ။ ထိုအစီရင်ခံ စာ၏ နိုင်ငံတကာရေးရာ ပြည်တွင်းရေးရာ အစိတ်အပိုင်း များမှာ ဤညီလာခံ၏ ပဓာနပိုင်းဖြစ်သည့် ပြည်တွင်းပြည်ပ ရေးရာ အခက်အခဲ၌ထည့်သွင်းတင်ပြ ပြီးပေပြီ။

ယခု အလေးပေး တင်ပြရန်အခက်အခဲမှာ ဝါဒရေးရာ ခံယူချက်အပိုင်းနှင့် သက်ဆိုင်သည့် ပုဂ္ဂိုလ်ရေးကိုးကွယ်မှု

ကိုဖြတ်တောက်ခြင်းနှင့် ၎င်းအစား စုပေါင်းခေါင်းဆောင်မှုတည်ဆောက်ကြခြင်း အခကာ်းပင်ဖြစ်ပေသည်။

မာ့က္ခ(စ်)၊လီနင်၊ဝါဒ တိုးတက်တည်ထွင် ထူထောင်ရေးတွင် ယနေ့ရောက်ရှိလာသော အဆင့်သစ်တခု။

၂၀-အကြိမ်မြောက် ဆိုဗီယက် ကွန်မြူနစ်ပါတီ ကွန်ဂရက်ဆုံးဖြတ်ချက်များသည် ပါတီတရပ်လုံး၊ ဆိုဗီယက်ပြည် လူထုတရပ်လုံး ညီအကိုတော်ကွန်မြူနစ်နှင့် အလုပ်သမားပါတီများ၊ ဆိုရှယ်လစ်နိုင်ငံများရှိ အလုပ်သမားပြည်သူများနှင့် သန်းပေါင်းများစွာသော အရင်းရှင်နှင့် ကိုလိုနီ ကိုလိုနီတပိုင်း နိုင်ငံများရှိအမျိုးသမီး အမျိုးသားအပေါင်း၏ အပြည့်အဝသဘောတူ ထောက်ခံမှုကို ရရှိနေပေသည်။

အဆိုပါဆုံးဖြတ်ချက်များအရ လက်တွေ့ ဆောင်ရွက်ရာတွင်လည်း ဆိုဗီယက်ကွန်မြူနစ်ပါတီသည် နိုင်ငံရေးရာလုပ်ငန်းစဉ်၌ ၎င်းစီးပွါးရေးရာ လုပ်ငန်းစဉ်၌၎င်း၊ ယဉ်ကျေးမှုရေးရာလုပ်ငန်းစဉ်၌၎င်း အောင်မြင်မှု အသစ်အသစ်ရရှိလျက်ကျယ်ပြန့်သောလူထု ကြီးအားပါတီနှင့် ပိုမိုရင်းနှီးစေ၍ ၎င်းတို့၏ တည်ထွင်ဖန်တီးမှုအဆင့်အတန်းကို မြင့်တင် ပေးလျက်ရှိပေသည်။

ကွန်ဂရက်ကချမှတ်ခဲ့သော ''စံနှစ်ခြင်းမတူသည့်နိုင်ငံများ ငြိမ်းချမ်းစွာ ယှဉ်တွဲတည်ရှိနိုင်သည်'' ဆိုသည့်

သဘောတရား ယနေ့အခြေအနေတွင် စစ်ကိုတားဆီးရန် ဖြစ်နိုင်ချက်များ''ဆိုသည့် သဘောတရား ''ဆိုရှယ်လစ်လောကသို့ကူးပြောင်းချီတက်ရာ၌ ပုံစံအမျိုးမျိုးရှိသည်'' ဆိုသည့် သဘောတရားများသည် နိုင်ငံတကာအခြေအနေ တင်းမာမှုကို လျှော့နည်းစေလျက် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးတို့အတွက် တိုက်ပွဲဝင်နေကြသူ အင်အားစုအပေါင်း၏ လုပ်ရပ်ကို ပိုမိုအားဖြည့် စည်းရုံးပေးရင်း ကမ္ဘာ့ ဆိုရှယ်လစ် စံနစ် တောင့်တင်း ခိုင်မာရေးအတွက် တဆင့်တိုးတက်ဖြစ်စေခဲ့သည်။

ထို့ကြောင့်၊ ၂၀-အကြိမ်မြောက် ဆိုဗီယက်ကွန်မြူနစ်ပါတီ ကွန်ဂရက်သည် မာ့က္ခ(စ်) လီနင်ဝါဒ တိုးတက်တည်ထွင်ထူထောင်မှုတွင် အဆင့်သစ်တခုသို့ ယနေ့ရောက်ရှိနေပြီဖြစ်ကြောင်း အမှတ်အသားတရပ်ပင် ဖြစ်သည်ဟုဆိုသည်။

ဤသို့အခြေအနေမှန် တိုးတက် ပြောင်းလဲ လာသည်ကို အမေရိကန် နယ်ချဲ့တို့သည် မရှုစိမ့်နိုင်ကြဘဲ ဆိုဗီယက်ယူနီယံ ကွန်မြူနစ် ပါတီအတွင်း၊ စတာလင်၏ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုအား တိုက်ဖျက် ဝေဖန်သည်များကို၊ ချက်ကောင်းယူလျက် အကြီးအကျယ် မဟုတ် မဟုတ်လုပ်ဖောက်ခင်းကာ ဆိုဗီယက်ဆန့်ကျင်ရေး ဝါဒဖြန့်လာကြသည်။ စတာလင်သေပြီးနောက် ဆိုဗီယက် ကွန်မြူနစ်ပါတီနှင့် ဆိုဗီယက်အစိုးရတို့က အဆိုပါပုဂ္ဂိုလ်ရေး ကိုးကွယ်

မှုကြောင့် မကောင်းသည့် အကျိုး သက်ရောက်မှု များကို အထူးလျှော့ပြုချက်ဖြင့် အောင်မြင်စွာဖယ်ရှားပစ်ပြီး ငြိမ်းချမ်းရေး၊ ပြည်သူလူထုအကျိုး တိုးတက်ဖွံ့ဖြိုးရေးပန်းတိုင်သို့ တဆင့်ချီတက်မှု လုပ်ရပ်များအား ဖုံးအုပ်ထားကြသည်။

အရင်းရှင်ဝါဒရေးသမားသည်၊ ဤနည်းဖြင့် မာ့က္စ(စ်)လီနင် ဝါဒ အပေါ်ယုံကြည်မှု တွေဝေလာစေရန် အလုပ်သမားထုက ဆိုဗီယက် ယူနီယံ အပေါ်မသင်္ကာဖြစ်လာစေရန်နှင့် ကမ္ဘာ့ အလုပ်သမားနှင့် ကွန်မြူနစ် လောက တရပ်လုံးအတွင်း ရှုတ်ထွေးမှုများ ပေါ်ပေါက်လာစေရန် ကြိုးစားကြပြန်၏၊ သို့ရာတွင် ၎င်းတို့၏ ကြိုးစားအားထုတ်မှုကား အချည်းနှီးပင်။

ကွန်ဂရက်က ပါတီဗဟိုကော်မတီ၏ ''ပုဂ္ဂိုလ်ရေးကိုးကွယ်မှုအပေါ်အနိုင်ရမှု'' ပစ်တင် ရှုံ့ချခြင်းသည် လုံးဝမှန်ကန်သည်ဟုမှတ်ချက်ချ၏။ ပုဂ္ဂိုလ်ရေး အစွဲအလမ်းသည် ပါတီနှင့် လူထု၏ အခန်းကို မှေးမှိန်စေပြီး ပါတီ၏ စုပေါင်းခေါင်းဆောင်မှု အခန်းကိုလည်း မှေးမှိန်စေခဲ့သဖြင့် မကြာခဏ လုပ်ငန်းရပ်များတွင် ချို့ယွင်းမှုများ ဖြစ်စေလျက် ဆိုရှယ်လစ်ကျင့်ဝတ် ဥပဒေကိုလည်း အကြီးအကျယ်ဖေါက်ဖျက် ချိုးလွန်ရာကြသဖြင့် ယုံကြည်ယူဆသဖြင့် ကွန်ဂရက်က ဗဟိုကော်မတီအား ဤမာ့က္စ(စ်)လီနင်ဝါဒနှင့် ဆန့်ကျင်သည့် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုအား အောင်နိုင်ရေးအတွက် ထိရောက်သည့် လုပ်ငန်းရပ်များ လုပ်ဆောင်ရန် ညွှန်ကြားခဲ့သည်။

ဝိဇ္ဇာနည်းကျသောကွန်မြူနစ်ဝါဒကို တည်ထွင်ခဲ့သည့် ကားလ်မာ့က္စ(စ်)က ပြောခဲ့ဘူးသည်မှာ သူနှင့်ဖရက်ဒရစ် အိန်ဂျယ်(လ်) တို့သည် ကွန်မြူနစ်အဖွဲ့သို့ဝင်ကြစဉ်က ထိုအဖွဲ့၏ အုပ်ချုပ်ရေး စည်းမျဉ်းတွင် အာဏာပိုင်များအပေါ်(ရှေးပဒေသရာဇ်ဆန်သည့်)ဘုန်းတန်ခိုးကြီးသည် ဟူသော အယူအဆမျိုးအားပေးချက်ဟူသမျှမပါဝင်စေရ ဟူသည့် သဘောတူညီချက်အရသာ ဖြစ်ခဲ့သည်ဟုဆို၏။

လီနင်က ပြောဘူးသည်မှာ-''သန်းပေါင်းများစွာသော တည်ထွင်ဖန်တီးသူများ၏ စိတ်ဓါတ်သည် ဉာဏ်ထက်သူ တဦး၏ အကြီးမားဆုံး မျှော်မြင်ချက်တန်ဘိုးရှိသော ဝတ္ထုပစ္စည်းများကို ထုတ်လုပ်ပေး၏။''

ပုဂ္ဂိုလ်ရေးကိုးကွယ်မှု ဖြစ်ပေါ်ပြန့်ပွါးလာပုံ။

အောက်ပါ ဆိုရှယ်လစ်တော်လှန်ရေးသည် အရင်းရှင် လူထုစံနစ်မှ အလုပ်သမားလူတန်းစားခေါင်းဆောင်မှုဖြင့် တော်လှန်ပြောင်းလဲခြင်း လက်ရွေးစဉ်စံပြ ရာဇဝင် မှတ်တမ်းဖြစ်သည်။

သို့ရာတွင် ၎င်းမှာ ကမ္ဘာ့အရင်းရှင်နိုင်ငံများ၏ ဝိုင်းဝန်းပိတ်ဆို့မှုကို အလူးအလှိမ့်ခံခဲ့ရပြီး၊ ၁၉၃၃-ခုနှစ်တွင်မူ ဖက်ဆစ်နာဇီ ဂျာမဏီ၏ နယ်ချဲ့ခြိမ်းခြောက်မှုခံလာရသည်။ ထိုအထည်း ပြည်တွင်းလက်ကျာအချောင်သမားများဖြစ်ကြသော ထရော့စကီ၊လူတသိုက်၏ အရင်းရှင်စံနစ်ပြန်လည် သွတ်သွင်းရေးလမ်းစဉ်ကိုတိုက်ခိုက်ရခြင်း၊ နိုင်ငံရပ်ခြားမှ လုံးဝအကူမညီမရဘဲ အောက်ကျ နောက်ကျ စီးပွါးရေး

အခြေအနေမှ ဆိုရှယ်လစ်မှုများဖြင့် အသစ်တည်ဆောက်ရခြင်း အခြေအနေမျိုးတွင် ဒီမိုကရေစီ မွေးမြူစေသည့် ဦးစီးချုပ်ကိုင်မှုကို သံမဏိစည်းကမ်းအရ ကျင့်သုံးလာရသည်၊ ဆိုဗီယက်ပြည်သူတို့သည် နေ့စဉ် ဆိုဗီယက်လူမှုစံနစ် အောင်မြင်ချက်များမြင်တွေ့နေကြရသဖြင့် ဤအခိုက်အတန့် အချုပ်အချယ်ကို သည်းခံလာခဲ့ကြသည်၊ သို့ရာတွင် အဆိုပါ အောင်မြင်မှုများမှာ ကွန်မြူနစ် ပါတီကြောင့် မဟုတ်ဘဲ စတာလင်ကြောင့်ဟူသော သဘောအယူအဆ ထွန်းကားလာကာ ပုဂ္ဂိုလ်ရေး ကိုးကွယ်မှု ပေါက်ဖွားလာ၏။

ဤသို့ ဖြစ်လာရခြင်းကို စတာလင်ကိုယ်တိုင်၏ ကိုယ်ရည်သွေး အင်္ဂါလက္ခဏာချက်များက ထောက်ကူ အားပေးခဲ့၏။ လီနင်သည် ၁၉၂၂-ခုနှစ်၊ အကုန်ကျင်းပသည့် ပါတီကွန်ဂရက်သို့ ရေးသားလိုက်သည့် စာတစောင်တွင် ဖော်ပြသည်မှာ ရဲဘော်စတာလင်သည် ပါတီအထွေထွေ အတွင်းရေးမှူး ဖြစ်လာရာတွင် မိမိလက်တွင်း အကန့်အသတ်မရှိ အာဏာများထားရာ ငါ၏ထင်မြင်ချက်အရ သူသည် ဤအာဏာများကိုလုံလောက်သည့်သတိနှင့် အသုံးပြုနိုင်လိမ့်မည်မဟုတ်ပေ။ စတာလင်သည် လူများနှင့် ဆက်ဆံရာတွင် ရက်ထန်သည်။ ၎င်းရက်ထန်မှုသည် ငါတို့ ကွန်မြူနစ်များအတွင်း၌ သည်းခံနိုင်ကြသော်လည်း အထွေထွေအတွင်းရေးမှူး တာဝန်ကိုခံယူသူ တဦးအနေနှင့် သည်းခံနိုင်ကြမည်မဟုတ် ထို့ကြောင့် သူထက်ပိုမိုသည်းခံတတ်ရှိသူ သစ္စာရှိသူ ရှိသေလေးစားသူ ရဲဘော်များအပေါ်ထောက်

ထားညှာတာသူတဦးကို အစားထိုးခန့်ထားကြရန် နည်းလမ်းရှာဖွေကြ ငါအကြံပေးသည်၊ သို့နှင့် ၁၃-ကြိမ်မြောက် ပါတီကွန်ဂရက်တွင် ဤကိစ္စကိုဆွေးနွေးကြလျက် စတာလင်အား အထွေထွေအတွင်းရေးမှူး တာဝန်ကို ဆက်လက်ထမ်းရွက်စေရာ၌ လီနင်၏ဝေဖန်ချက်ကိုလိုက်နာကျင့်သုံးရန်သတိပေးခဲ့၏။ သို့ပါသော်လည်း စတာလင်သည် မိမိဆောင်ရွက်မှုများအပေါ် အကွက်အချက်လွန်ကဲကာ မိမိကိုယ်ကိုအထင်ကြီးမှု ပုဂ္ဂိုလ်ရေး အစွဲအလမ်း ခံယူခဲ့ခြင်းဖြင့် ၎င်းဦးစီးသည့် ပါတီနှင့်အစိုးရတွင် ဤလက္ခဏာများ ထွန်းမီးစေကာ ၎င်းအားဝေဖန်ရန် ခဲယဉ်းသည့် အဖြစ်သို့ရောက်စေခဲ့၏။

ဆိုဗီယက် ယူနီယံ သည် ဆိုရှယ်လစ်လောကသို့ ဦးတက်ရာ၌ လူတန်းစားတိုက်ပွဲ (ပြည်တွင်း)ပို၍ ပို၍ ပြင်းထန်လာမည်ဆိုသည့် စတာလင်၏ တွက်ချက်မှုသည်ပါတီတွင် ဒီမိုကရေစီ တည်ဆောက်ရေးကို အကြီးအကျယ် ထိခိုက်နစ်နာစေခဲ့ရာ ၎င်းမှာသဘောတရားရေး အမှားတခုဖြစ်ခဲ့၏။ ဤမှားယွင်းမှုသည် လူထုအားဖိနှိပ်ရေးများကျူးလွန်စေသည့် အဖြစ်သို့ ပို့ဆောင်ခဲ့၏။ စတာလင်သည် ဆုံးဖြတ်ရေးအဖွဲ့အစည်းများကို ပါတီနှင့် အစိုးရအုပ်ထိန်းမှုမှ မိမိလက်တွင်းသို့ တစတစတိုက်ရိုက် သိမ်းယူလာသည့်အခါ ဥပဒေထိမ်းသိမ်း အုပ်ချုပ်မှုတို့မှာ သာမာန်လမ်းစဉ်အရမဟုတ်တော့ဘဲ၊ မကြာခဏ ၎င်းတဦးတည်း သဘောအရ အဆုံးအဖြတ်ပေးသည့် အဖြစ်သို့ရောက်ရှိ

စေခဲ့၏။ လုံခြုံရေးအဖွဲ့ အစည်းများကို နယ်ချဲ့ကိုယ်စားလှယ် ဘယ်ရီးယား ရာဇဝတ်သားတစု က ခေါင်းဆောင်ဦးစီးလာကြသည့်အခါ အခြေအနေမှာ ပို၍ပင်ဆိုးဝါးလာခဲ့သည်။ ဤနည်းဖြင့်များစွာသော ရိုးသားသည့် ကွန်မြူနစ်များ ဆိုဗီယက် ပြည်သူများမှာ အပြစ်မရှိဘဲ ဒုက္ခရောက်ခဲ့ကြရ၏။

စတာလင် သေဆုံးလျှင်သေဆုံးခြင်း ပါတီ ဗဟို ကော်မတီ၏ လီနင်ဝါဒခံအမြုတေတစုသည် ဤပုဂ္ဂိုလ်ရေး ကိုးကွယ်မှုနှင့်၎င်းမှ အကျိုးသက်ရောက်သည့် မကောင်းမှုများကို တွန်းလှန်ချေဖျက်လာခဲ့သည်။

ဤနေရာ၌ စတာလင်အသက်ရှင်စဉ်က အဘယ်ကြောင့် ၎င်းအား ရာထူးမှ ဖြုတ်ပစ်ရန် မဆောင်ရွက်ခဲ့ကြသနည်း ဟူသော မေးခွန်းတရပ် ပေါ်ထွက်လာနိုင်၏။ အဖြေမှာ ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုထွန်းသည့် ပါတ်ဝန်းကျင် အခြေအနေတွင် စတာလင်သည် အထူးသဖြင့်၎င်းသေဆုံးခါနီး၌ အမှားများကိုကျူးလွန်ခဲ့သူဖြစ်သော်လည်း ၎င်းအားပြည်သူလူထုက ဆိုဗီယက်ဆိုရှယ်လစ်အောင်မြင်မှုများအတွက် ပုဂ္ဂိုလ်ရေး အစွဲအလမ်း ကြီးနေချိန်ဖြစ်သဖြင့် ထိုအချိန်မျိုးတွင် ဆန့်ကျင် ဝေဘန်ခဲ့သော် ဆိုဗီယက် ပြည်သူလူထုသည် နားလည် သဘောပေါက် လက်ခံကြမည်မဟုတ်သည့်ပြင် ထိုဆန့်ကျင်မှုကို ဆိုရှယ်လစ် တည်ဆောက်ရေးနှင့် ပါတီညီညွတ်ရေး ပျက်ပြားအောင်လုပ်ကြံချက် တရပ်ဟူ၍ပင် ယူဆဖွယ်ရာရှိပေသည်။ ထို့ပြင်ကွန်မြူနစ် ပါတီခေါင်းဆောင်မှုဖြင့် ဆိုဗီယက်အလုပ်သမား ပြည်သူ

လူထု၏ အောင်မြင်ချက်များသည် အဆိုပါ ဆိုဗီယက် ပြည်သူများအတွက် တသီးပုဂ္ဂလမှားယွင်းချက် ချို့ယွင်းချက် များရှိနေလင့်ကစား ယင်းမှားယွင်းချက် ချို့ယွင်းချက် များသည် ကြီးမားလှသည့် တိုးတက်အောင်မြင်မှုများနှင့် နှိုင်းစာသော် မမှုလောက်သည့် အရေးယူရန် အချက်မျှသာ ဖြစ်ခဲ့သည်။

အမှန်စင်စစ် စတာလင်၏ ဆိုရှယ်လစ်ကျင့်ဝတ် ဥပဒေကို ဖေါက်ဖျက်မှုများနှင့် စပ်ဆိုင်သည့် အချက်အလက်များမှာ စတာလင်သေဆုံးခဲ့ပြီးနောက် ဘယ်ရီးယားဂိုဏ်းသားတစုအားအရေးယူကာ နိုင်ငံတော်၏လုံခြုံရေး အဖွဲ့များကို ပါတီက ထိမ်းသိမ်း ချုပ်ချုပ်လိုက်သည့် အခါကြမှသာ စုဆောင်းရရှိခဲ့သည်။ စတာလင်၏ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုသည် ပါတီနှင့် အစိုးရဌာနခွဲ အသီးသီးပြည်တွင်းပြည်ပရေးရာများအား ကြီးကြပ်ချုပ်ချယ်ရာတွင် လေးနက်သည့် မှားယွင်းချက်များကို ဖြစ်ပေါ်စေခဲ့သည်။ (ဥပမာ စစ်အပြီး ယူဂိုစလေဗီးယားနှင့် သဘောကွဲလွဲချက်)

ဆိုဗီယက်ယူနီယံ၏ ရန်သူများက စတာလင်၏ ပုဂ္ဂိုလ်ရေး အစွဲ အလမ်း သည် ရာဇဝင်ပေး အခြေအနေအရ ပေါ်ပေါက်လာရခြင်းမျိုး မဟုတ်ဘဲ၊ ဒီမိုကရေစီမဲ့သော ဆိုဗီယက်စံနစ်ကြောင့်သာ ပေါ်ပေါက်ရသည်ဟု စွတ်စွဲကြသည်။ ဤစွတ်စွဲချက်ကား မဟုတ်မမှန်ကြောင်း ဆိုဗီယက်နိုင်ငံတော်၏ ရာဇဝင်ကပေါ်ပြခဲ့၏။ ဆိုဗီယက်အဖွဲ့ အစည်းများသည် ပြည်သူလူထုများ၏ လွတ်လပ်ရေးရှေ့၌

သည့် တော်လှန်သူပုန်ရှားမှုဖြင့် ပေါ်ပေါက်လာရသော ဒီမိုကရေစီသစ် အစိုးရ ပုံစံဆောင်လျက် ပြည်သူ့အများ နှစ်သက်ထောက်ခံချက်ကို ရရှိကြပေသည်။

ဆိုဗီယက် ဒီမိုကရေစီသည် အရှင်းရှင် ဒီမိုကရေစီနှင့် ဆန့်ကျင်စွာ ပြည်သူအားလုံးအတွက် အလုပ်ရရှိရေး၊ ပညာ တိုးပွါးရေး၊ အားလပ်ချိန်ဖျော်ဖြေရေး၊ နိုင်ငံတော်ရေးရာ ကိစ္စများတွင် သက်ဆိုင်ရာမှ ပါဝင် စွက်ဖက်ရေး၊ ပုံနှိပ်ထုတ်ဝေရေး၊ ဟောပြောရေး၊ ယုံကြည်ရာ ကိုးကွယ်ရေး စသော အခွင့်အရေးများ ခံစား နိုင်စေရန် လိုအပ်သည့် အခြေအနေများကို ဖန်တီးပေးထား၏။

ဆိုရှယ်လစ်ဝါဒသည် ဆိုဗီယက် ယူနီယံတွင် အလို အလျောက်အောင်ပွဲခံနိုင်ခြင်းမဟုတ်၊ ပါတီနှင့် ဒေသဆိုင် ရာနှင့် အဖွဲ့အစည်းများ၏ ကြီးမားလှသည့် စည်းရုံးရေး၊ ပညာရေး လုပ်ဆောင်ချက်များကြောင့်တကြောင်း၊ ပါတီ ၏ မာ့က်စ်)လီနင်၊ဝါဒအပေါ်ယုံကြည်မှု ကွန်မြူနစ်ဝါဒ အပေါ် လေးစားအားထားမှုများ အခြေခံလျက် ပါတီဝင် ကေဒါများနှင့် ပါတီဝင်အပေါင်းအား စံနစ် တကျ တသ မတ်ထည်း သင်ကြားပြသမှုများကြောင့် တကြောင်းဖြစ်ရ သည်။

ပါတီသည် ပုဂ္ဂိုလ်ရေးကိုးကွယ်မှုကို ဖြတ်တောက်ခါ စတာလင်၏ ခွင့်မပြုနိုင်သည့် အမှားများကို ရဲရင့်စွာ ထောက်ပြလျက်အောင်မြင်စွာအရေးယူနိုင်ခဲ့ခြင်း၊၎င်းတွင် လီနင်ဝါဒကို ထိန်းသိမ်းစောင့်ရှောက်ရာ၌၎င်း၊ ဆိုရှယ် လစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒကို ရိုသေလေးစားရာ၌၎င်း၊

ဆိုဗီယက် ပြည်သူ့ အခွင့်အရေး ကာကွယ်ပေးရာ၌၎င်း သစ္စာရှိစွာ လုပ်ဆောင်နေခြင်းများကြောင့် ဖြစ်ပေသည်။

ညီအစ်ကိုတော်ပါတီများ၏မှတ်ချက်များ။

တရုတ်ကွန်မြူနစ်ပါတီ၏မှတ်ချက်။ ဆိုဗီယက် ယူနီယံ ကွန်မြူနစ်ပါတီသည် လီနင်လမ်းညွှန်ချက်များကို သစ္စာရှိစွာ စတာလင် ကျူးလွန်ခဲ့သည့် မှားယွင်းချက်များ အပေါ် လေးနက်သည့် သဘောထားချမှတ်ခဲ့သည်၊ စတာ လင်၏ မှားယွင်းမှုများကြောင့် ဖြစ်ပေါ်ရသည့် မကောင်း သောအကျိုးသက်ရောက်မှုများကို အချိန်မီ ကာကွယ် တား ဆီးနိုင်ရန် ဆိုဗီယက် ယူနီယံ ကွန်မြူနစ်ပါတီသည် တ ဘက်တွင် စတာလင်၏ ကြီးမားသော အကျိုးပြုချက်များ ကို အသိအမှတ်ပြုရင်း၊ အခြားတဘက်တွင် ၎င်း၏ မှား ယွင်းချက်များကိုမှ နောင်လာနောက်သားများတွင် ထပ်မံ အလားတူမပေါ်ပေါက်စေရန်ရည်သန်လျက် ပြင်းထန်သည့် ဝေဖန်မှုစစ်ဆေးမှုပြုလုပ်ခဲ့သည်၊ တရုတ်ကွန်မြူနစ်ပါတီ အနေနှင့် ဆိုဗီယက်ကွန်မြူနစ်ပါတီ နှင့် ဆိုဗီယက်ပြည်သူ များသည် ရာဇဝင်တွင် ပြိုင်ဘက်မရှိ စည်းရုံးညီညွတ်စွာ ကွန်မြူနစ် လူ့ဘောင်ကို တည်ဆောက်နိုင်လျက် ထာဝစဉ် ငြိမ်းချမ်းရေးကို ဆောင်ကျဉ်း နိုင်လိမ့်မည်ဟု ယုံကြည် ကြောင်း။

ပြင်သစ် ကွန်မြူနစ် ပါတီ၏ မှတ်ချက်၊ "စတာလင်၏ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုအပေါ်၊ ဆိုဗီယက်ကွန်မြူနစ်ပါတီ ၏အရေးယူချက်ကို ထောက်ခံသဘောတူကြောင်း၊ပုဂ္ဂိုလ်

ရေးကိုးကွယ်မှုသည် ဆိုဗီယက် လူ့ဘောင်အပေါ်အထင်လွဲမှားစေကြောင်း၊ ထို ပုဂ္ဂိုလ်ရေးကိုးကွယ်မှုဖြစ်ပေါ်လာရသည့် အလွန်စမှာ ဆိုဗီယက်လူ့အဖွဲ့အစည်း အတွင်းမှ မဖြစ်နိုင်ကြောင်း၊ ဆိုဗီယက် လူမှုရေးနှင့် နိုင်ငံရေးစံနစ်သည် အရင်းရှင် ဒီမိုကရေစီ စံနစ် နှင့် ခြားနားစွာ အမှန်အစစ် ဒီမိုကရေစီ ဖြစ်ကြောင်း၊ ပြည်သူလူထု နှင့် အလုပ်သမားထုများ၏ အခြေခံအကျိုးကို ကိုယ်စားပြုကြောင်း၊ ဆိုဗီယက်ခေါင်းဆောင်များသည် ပုဂ္ဂိုလ်ရေးကိုးကွယ်မှု၏ မှားယွင်းချက်ကိုထိရောက်စွာ အရေးယူရင်း ဆိုရှယ်လစ် ဒီမိုကရေစီ ကို တဆင့် တိုးတက် စိုက်ထူလိုက်ကြောင်း၊ နောက်ဆုံး ယနေ့ အခြေအနေတွင် နိုင်ငံတကာ စည်းရုံးညီညွတ် ရေးသည် အရေးကြီးကြောင်း သတိပေးဖော်ပြလိုက်ပေသည်။

အမေရိကံပြည် ကွန်မြူနစ်ပါတီ အတွင်းရေးမှူး၏ မှတ်ချက်။ ''ဆိုဗီယက် ကွန်မြူနစ် ပါတီ၏ ပုဂ္ဂိုလ်ရေး အဖွဲ့အလေ့ကျင့်အပေါ်အရေးယူမှုသည် မှန်ကန်ကြောင်း အရင်းရှင်နိုင်ငံများ၏ အချက်ပယူကာ လီနင်ဝါဒကိုပါဖျက်သိမ်းရမည်ဖြစ်ကြောင်း ဝါဒ ဖြန့်ချက်ကို ချေပရုံ့ချကာ ရာဇဝင်လမ်းကြောင်းအရ ကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားဖြစ်ပေါ်မှုတွင် ဆိုဗီယက် ယူနီယံ၏ ငြိမ်းချမ်းရေး မူမှန်ခြင်းကို ထောက်ခံ၍ ပုဂ္ဂိုလ်ရေးကိုးကွယ်မှုအပေါ်အရေးယူချက်သည် ဆိုဗီယက်ကွန်မြူနစ်ပါတီ၏ ပြောင်မြောက်သည့်ကိုယ့်ကိုဝေဖန်ရေး လက်တွေ့ ကျင့်သုံးချက်ပင်ဖြစ်

ကြောင်း၊ မိမိကိုယ်တိုင်၏အမှားကို မိမိထိရောက်စွာပြုပြင်ခြင်းဖြစ်ကြောင်း၊ ပုဂ္ဂိုလ်ရေး နေရာတွင် စုပေါင်းခေါင်းဆောင်မှု အစားထိုးနိုင်ရန်ပင် ဖြစ်ကြောင်း။

ဗမာပြည်သို့အကျိုးသက်ရောက်မှု။

ဤသို့ ကမ္ဘာနှင့် အဝှမ်း ပုဂ္ဂိုလ်ရေး အစွဲအလမ်းကို အောင်နိုင်စွာအချိန်မီအရေးယူခဲ့ခြင်းဖြင့် ဗမာပြည် တော်လှန်ရေးအတွက် မည်သို့သဘောတရားရေး အကျိုးအမြတ်ဖြစ်ထွန်းစေသနည်း၊ လွန်စွာအဘိုးထိုက်တန်သည့်သဘောတရားရေးဝါဒရေးအကျိုးတရပ် အောက်ပါအတိုင်းခံစားကြရသည်ဟု မှတ်ချက်ချရပေသည်။

၁။ မာ့ကွ(စ်)လီနင်ဝါဒသည် တရားသေဝါဒမဟုတ်ဘဲ ဆိုဗီယက်ယူနီယံနှင့် ကမ္ဘာ့အဖိနှိပ်ခံပြည်သူလူထုအပေါင်း၏ တည့်တွင် ဖန်တီးမှုဖြင့် ကမ္ဘာ့ နယ်ချဲ့အား တိုးတက်တော်လှန်လှုပ်ရှားရင်း တိုးတက်ဖြစ်ပေါ်ရသော၊ သဘောတရား ဝါဒသာဖြစ်ကြောင်း ပိုမိုလေးနက်စွာခံယူလာရသည်။

ဥပမာ၊ စံနစ်ခြင်းမတူသည့် နိုင်ငံများ ငြိမ်းချမ်းစွာယှဉ်တွဲတည်ရှိနိုင်သည်၊ ယနေ့အခြေအနေတွင် စစ်ကိုတားဆီး၍ရနိုင်သည်၊ ဆိုရှယ်လစ် လောကသို့ ကူးပြောင်းချိတက်ရာတွင် ပုံစံအမျိုးမျိုး ရှိသည်ဆိုသော သဘောတရားသစ်များ၏ တိုးတက် မှန်ကန်မှုမှာ လက်တွေ့ နိုင်ငံတကာဆက်ဆံရေးတင်းမာမှု လျော့နည်းလာခြင်း၊ ကမ္ဘာ့ငြိမ်းချမ်း

ရေးအား တိုးတက်လှုပ်ရှား လာခြင်း၊ ကမ္ဘာ့ပြည်သူအပေါင်းက ထောက်ခံအားပေးခါ ပူးပေါင်း ဆောင်ရွက်မှု ကျယ်ပြန့်လာခြင်းဖြင့် ထင်ရှားလာ၏။

ထို့ပြင်ပုဂ္ဂိုလ်ရေးကိုးကွယ်မှု ဖြစ်ပေါ်လာခြင်းကြောင့် ၎င်းအားကျော်နင်း အောင်နိုင်ရန်အတွက် မာ့က္စ(စ်)လီနင်ဝါဒ၏ ပြည်သူလူထုများသည် ရာဇဝင်ကိုစီမံ ဖန်တီးသူများဖြစ်ကြသည်၊ လူသားတို့၏ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ တန်ဖိုးဟူသမျှကို ဖန်တီးသူများသာ ဖြစ်ကြသည်။ မာ့က္စ(စ်) ပါတီသည် လူ့အဖွဲ့အစည်းအား ပြောင်းလဲပစ်ကာ ကွန်မြူနစ်ဝါဒအောင်ပွဲဆင်နိုင်ရန်အတွက်တော်လှန်တိုက်ခိုက်ရာ၌ အချက်အခြာကျသည့် အပိုင်းကခေါင်းဆောင်သည် ဆိုသည့်သဘောတရားများကို ပိုမိုလေးနက်ခံယူစေခဲ့သည်၊

၂။ မာ့က္စ(စ်)လီနင် ပါတီတည်ဆောက်ရာ၌၎င်း၊ မှန်ကန်ပြည့်ဝသည့် ခေါင်းဆောင်မှု တော်လှန်ရေးသဘောတရားသတ်မှတ်ရာ၌၎င်း၊ ဝေဘန်ရေးနှင့် ကိုယ့်ကိုဝေဘန်ရေးမှာ မည့်မျှအကျိုးပြုကြောင်း လက်တွေ့ ဆိုဗီယက်ကွန်မြူနစ်ပါတီ ၂၀-ကြိမ်မြောက် ကွန်ဂရက်မှ များယွင်းချက်အပေါ် ဝေဘန်စစ်ဆေး၍ ပါတီတရပ်လုံးတွင် ဒီမိုကရေစီသက်ဝင်လှုပ်ရှားမှုဖန်တီးပေးခြင်းများအရသိသာထင်ရှားလှသည်၊

တရုတ် ကွန်မြူနစ်ပါတီ၏ အတွေ့အကြုံအရ ပါတီအတွင်းသဘောကွဲလွဲချက်များကို ဝေဘန်ရေးကိုယ့်ကိုဝေဘန်ရေးဖြင့် ဖြေရှင်းအောင်နိုင်ရမည် ဆိုသည့်အချက်မှာ

လွန်စွာ လေးနက်ခရီးရောက်ကြောင်း ထပ်လောင်းကာ ဗမာပြည် တော်လှန်ရေးပါတီများအတွက် အကျိုးပြုစေခဲ့လေသည်။

၃။ ဆိုဗီယက်ယူနီယံကွန်မြူနစ်ပါတီ၏ အတွေ့အကြုံသည် တော်လှန်ရေး ခေါင်းဆောင်များအား အောင်ပွဲဆင်ကြသည့်အခါ မိမိတို့ကိုယ်ကို အထင်ကြီးတတ်ခြင်းဖြင့် လူထုဆန့်ကျင်ရေးဒီမိုကရေစီ ချိုးနှိမ်ရေး သမားများအဖြစ် ကျဆင်းနိုင်ကြောင်း ထောက်ပြသတိပေး သဖြင့် ဗမာ့တော်လှန်ရေး၏ အနာဂါတ်ကာလတွင်ထူးမြတ်သည့် သင်ခန်းစာတရပ်ရပေသည်။

ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီသည် ယခုအခါ သဘောတရားရော လက်တွေ့ပါ ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုကို ဖြတ်တောက်ကာ စံနစ်ကျနသော စုပေါင်းခေါင်းဆောင်မှုဖြင့် တော်လှန်ရေး ကျင့်သုံး နေပေရာ ၎င်းမှာနိုင်ငံတကာ အဖိနှိပ်ခံလူတန်းစား လွတ်မြောက်မှု အရေးရပ်၏ မှန်ကန်မှုအတွက်စံပြ နည်းယူစရာအဖြစ်တည်နေပေသည်။ ၎င်းသည် ယနေ့ဗမာ့ တော်လှန်ရေးတွင် အပူတပြင်းလိုလားနေသည့် တခုတည်းသော အလုပ်သမားလူတန်းစား ကိုယ်စားပြု ပါတီတရပ် ထူထောင်ရေးအတွက် လွန်စွာကောင်းမြတ်သည့် စံနမူနာကြီးတရပ် ဖြစ်နေပေသည်။

မာက္စ(စ်) လီနင်ဝါဒသည် လူ့တစုတွင် အလေးအနက် မထိန်းအောင်၊ လူသူ လူတန်းစား အတွင်း၌သာ တည်ရှိပြီး ၎င်း၏ တိုးတက် ဖွံ့ဖြိုးရေးမှာလည်း တိုးတက်လှုပ်ရှား

သည့် လူထု တန်းစားများနှင့်သာ ယှဉ်လျက် ဖြစ်ပေါ်ရာ ငါတို့ပါတီ၏ ယနေ့ရာဇဝင်ပေးတာဝန်မှာ ဗမာပြည်သူလူထု တရပ်လုံး၏ တည်တွင်ဖန်တီးမှု အရည်အချင်းကို လေးစား အားပေးရာလည်း ရောက်စေမည့် ပုဂ္ဂိုလ်ရေး ကိုးကွယ်မှုကိုဖြတ်တောက်ကာ စံနစ်ကျနသော မာကွ(စ်)ဝါဒ၏ ရပေါင်း ခေါင်းဆောင် မှုဖြင့် တော်လှန် ရေးကို အောင်ပွဲခံကြပါစို့။

ဗမာပြည် အလုပ်သမားလယ်သမားပါတီ ဒုတိယအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာကွန်ဖရင့် ဆုံးဖြတ်ချက်များ။

၁။ ၁၉၅၆-ခု-ဩဂုတ်လ-၂၉-၃၀-၃၁ ရက်နေ့များ တွင် ကျင်းပခဲ့သော ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသား ညီညွတ်ရေး တပ်ပေါင်းစုကြီး၏ ပဋ္ဌမအကြိမ်မြောက် ကွန်ဖရင့်မှ ချမှတ်ခဲ့သော ပြည်တွင်းစစ်ရပ်စဲရေး၊ ငြိမ်ဝပ်ပိပြားရေး၊ အမျိုးသားစီးပွါးမြင့်တင်ရေး၊ လူမျိုးစုများအရေး၊ အမျိုးသားညီညွတ်ရေး နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးထိမ်းသိမ်း ကာကွယ်ရေး၊ ဆုံးဖြတ်ချက်များသည် ပြည်သူတရပ်လုံး၏ အကျိုးဆန္ဒ နှင့် ကိုက်ညီသည့် ဆုံးဖြတ်ချက်များ ဖြစ်သဖြင့် ဤနိုင်ငံလုံးဆိုင်ရာ ပါတီကွန်ဖရင့်ကြီးမှ အကြွင်းမဲ့ထောက်ခံ၍ ပြည်သူ့အား နှင့် အကောင်အထည် ပေါ်ထွက်ရန် လေးနက်စွာ အတည်ပြုကြကြောင်း။

၂။ လူ့အခြေခံ အခွင့်အရေး အရေး၊ မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ စည်းမျဉ်းဥပဒေက ပေးအပ်ထားသော

အခွင့်အရေးများအရေး၊ လွှတ်ရားဆောင်ရွက်ရေးသားနေကြသော ပြည်သူအတွင်းမှ ပါတီ တပ်သားများအား အရေး၊ နိုင်ငံရေးသမားများအားရေး၊ ပြည်ချစ်ပုဂ္ဂိုလ်များအားရေး ဖ-ဆ-ပ-လ-ဆိုရှယ်လစ်အစိုးရကို တရားမျှတမှုကင်းမဲ့စွာ ဖမ်းဆီးချုပ်နှောင်ထား ခြင်းမှ ခွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ရန် ဤကွန်ဖရင့်မှ တောင်းဆိုကြောင်း။

၃။ (က) ရာဇဝင်တလျှောက် နှစ်ပေါင်းများစွာကပင် ဗမာနိုင်ငံနှင့် တရုပ်နိုင်ငံ၊ နှစ်နိုင်ငံတို့ ပြီးပြတ်အောင်ဆုံးခန်းတိုင်ရောက်သေးဘဲ မသတ်မှတ်ခဲ့ ရသေးသည့် နယ်ခြားပြဿနာနှင့် ပါတ်သက်၍ နယ်ချဲ့နှင့် နယ်ချဲ့လက်ပါးစေတို့က ပြဿနာသစ်ကဲ့သို့ ပေါ်ထွက်အကျယ်ချဲ့ကာ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ငြိမ်းချမ်းစွာဆွေးနွေး ဖြေရှင်းနိုင်ရေးကို စည်းလွန်ကမ်းလွန်ဖျက်ဆီး နေကြပေသည်။ ဤကဲ့သို့သော အမျိုးသားအကျိုး ဆန့်ကျင် ဖေါက်ဖျက်သည့် စည်းလွန်ကမ်းလွန် ပြုမူချက်များကို၊ နိုင်ငံအစိုးရကနှုတ်-ချုပ်မှုငါးချက်အရ ထိရောက်စွာ အရေးယူ ထိမ်းသိမ်းပေးရန် ဤပါတီ ကွန်ဖရင့်မှ တောင်းဆိုကြောင်း။

(ခ) အဆိုပါ တရုပ်၊ ဗမာ၊ နှစ်ပြည်ထောင် နယ်ခြားပြဿနာကို နှစ်နိုင်ငံ ကာယကံရှင်များ အစိုးရများနှင့် ပြည်သူများကိုယ်တိုင်၊ ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေး ဖြေရှင်းနိုင်သည်ဟု အလေးအနက် ယုံကြည် ကြေငြာထားသည့်အတိုင်း၊ ထိုသို့သော ယုံကြည် လုပ်ဆောင် ချက်ကို ပိုမိုထိရောက်စွာ အားဖြည့်နိုင်ရေးအတွက် ပြည်သူတို့၏ နှု-ချုပ် မူငါးချက် ထောက်ခံ ဆန္ဒပြပွဲကြီးများကို တိုင်း

ပြည်နှင့် အဓမ်း ရတ်ပေါ်ကျင်းပ နိုင်ရေးအတွက် ဤနိုင်ငံလုံးဆိုင်ရာ ပါတီကွန်ဖရင့်ကြီးမှ ဗမာနိုင်ငံကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ ဖ-ဆ-ပ-လ-အဖွဲ့ချုပ်၊ အမျိုးသားညီညွတ်ရေး တပ်ပေါင်းစုနှင့် အခြားသောငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေး အင်အားစုများအားလုံးတို့အား ဤလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရန် အလေးအနက် တိုက်တွန်းမေတ္တာရပ်ခံပါကြောင်း။

၄။ ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်းတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြီး၏ တရားဥပဒေ အဝန်းအဝိုင်းအတွင်း တွင် ပြည်သူတို့အကျိုးအတွက် ငြိမ်းချမ်းစွာ လုပ်ဆောင်နေကြကုန်သော ဒီမိုကရေစီ ပါတီအားလုံးတို့၏ ဒီမိုကရေစီ လွတ်လပ်ခွင့်များကို ဖ ဆ-ပ-လ ဆိုရှယ်လစ်အစိုးရသည် နေ့စဉ်နှင့်အမျှ ရိုင်းပြစွာ ဖိုက်ချိုးဖျက်ဆီးလျက် ရှိပေပြီ။ ဒီမိုကရေစီစည်းမျဉ်းအတွင်းတရားသဖြင့်ဆောင်ရွက်နေသူများကို ဖမ်းဆီးညှဉ်းဆဲသတ်ဖြတ်လျက်ရှိပေသည်။

(က) ဤသို့သောတရားလက်မဲ့ပြုမှုများသည် ပြည်သူတရပ်လုံးက မလိုလားမနှစ်သက်သော ပြည်တွင်းစစ်ပို၍နက်ရှိုင်းစေရေး ဒီမိုကရေစီမဏ္ဍိုင် ပိုမိုပြိုကွဲပျက်ဆီးစေရေး အမျိုးသားညီညွတ်ရေးနှင့် အမျိုးသားစီးပွါးရေး ပိုမိုပျက်ပြား ကျပ်တည်းစေရေးတို့သို့သာ အကြမ်းဖက်ဝါဒဖြင့် ပို့ဆောင်နေသည်ဖြစ်ခြင်းကြောင့် ဤနိုင်ငံလုံးဆိုင်ရာ ပါတီ ကွန်ဖရင့်ကြီးက ပြင်းထန်စွာရှုံ့ချကြောင်း။

(ခ) ထို့အပြင် အထူးအားဖြင့် လောလော ဆယ်တွင်လည်း ထိုသို့ငြိမ်းချမ်းရေး ဒီမိုကရေစီရေးနှင့် အမျိုးသား စီးပွါးမြှင့်တင်ရေးအတွက် တရားဥပဒေအတွင်း ဒီမိုကရေစီနည်းလမ်းအရ တိုက်ပွဲဝင်နေသော ပါတီအဖွဲ့အစည်းများ၏ တရားဝင်ဆက်လက် တည်နေခွင့်ကိုပင် ခြိမ်းခြောက်ဖျက်ဆီးလျက် ရှိနေသည်ဖြစ်ရာ ထိုအကြံအစည် အပြုအမူအားလုံးကို အမြန်ဆုံး ရပ်စဲရန် သက်ဆိုင်ရာ အာဏာပိုင်တို့အား သတိပေးတောင်းဆိုလိုက်ကြောင်း။

(ဂ) နိုင်ငံရေး သဘောတကွဲလွဲမှုနှင့် ဒီမိုကရေစီရေးကျိုးပျက်မှုကိုအခြေခံ၍ ဖြစ်ပေါ်ခဲ့သော ပြည်တွင်းစစ်ကြီးကို အမြန်ဆုံးရပ်စဲ၍ မျက်နှာစုံညီတွေ့ဆုံ ဆွေးနွေးကာ ပြည်တွင်းငြိမ်းချမ်းရေးကို အရယူဆောင်လျက် ဒီမိုကရေစီ ပါတီအားလုံးတို့ကို ငြိမ်းချမ်းစွာယှဉ်ပြိုင်ခွင့်ပေးအပ်ရန် လေးနက်စွာတောင်းဆိုလိုက်ကြောင်း။

ရဲဘော် လှဦး-ဘာသာပြန်သော

တရုတ်ပြည်သူ့

သူရဲကောင်းများ

၄-ခု-တ-ခု-ချုပ်တွဲ

အစအဆုံး

ကျော်ကြားလှသည့် တော်လှန်ရေး
ဝတ္ထုရှည်ကြီး။

ရဲဘော်-

နိုင်ငံရေးဆောင်ရွက်ရာတွင် စိတ်ဓါတ်နိုင်ခန့်အောင် ဤစာအုပ်ကိုဖတ်ပါ၊

☆ ပြည်သူ့အကျိုးပြုလိုသူများ။
☆ စိတ်ဓါတ်ကျနေသူများ။
☆ သဘောတရားနုနယ်သူများ။
☆ ဘဝင်မြင့်နေသူများ၊
☆ အချစ်ရေးတွင်ငေးမှိုင်နေသူများ တို့အတွက်

သဘောတရားရေးရာအခြေခံမို့၊ ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ်ထုတ်ဝေလိုက်သည်။

အဘိုး ငါးကျပ်

★ မြို့မ-စာပေဖြန့်ချိရေးဌာန၊ ★
၁၁၉-ဘုန်းကြီးလမ်း၊ ရန်ကုန်မြို့။

ထွက်လာပါဦးမည်။

ကူမင်တန့် အကျဉ်းသမား

ပေါက်ပြန်ရေးသမား ဖက်ဆစ် ကူမင်တန်များ၏ ထောင်အတွင်း နှိပ်ကွပ် ညှဉ်းပမ်းမှု အကြားမှ တော်လှန်ရေး တပ်သားများ၏၊ ရဲရဲတောက် ကြွေးကြော်သံကို ကြက်သီး မွှေးညင်း ထစရာကြားကြရမည်။

ရဲဘော် လှဦး နှင့်-မောင်ကို
ဘာသာပြန်သည်။

နယ်ကိုယ်စားလှယ်များ အမှာစာ
ကြိုတင်ပို့ပါ။

★ မြို့မ-စာပေဖြန့်ချိရေးဌာန၊ ★
၁၁၉-ဘုန်းကြီးလမ်း၊ ရန်ကုန်မြို့။

ရန်ကုန်ထောင်ကြီးအတွင်း၌
လေးနှစ်ကျော် ငါးနှစ်ခန့်မျှ
ဘမ်းဆီးအကျဉ်းချထားခြင်းခံနေခဲ့ရစဉ်က
အချိန်ယူ၍ ရေးသားခဲ့သော
''မန်းမော်တင်အောင်''၏

မုန်တိုင်းကာလထန်

ဝတ္ထုရှည်ကြီး

ဖက်ဆစ်ဂျပန်များ ဗြိတိသျှ ကိုလိုနီ သမားများ၏၊ ဖိနှိပ်ချုပ်ချယ်မှုများနှင့် ညှင်းပမ်း ရက်စက်မှုများကို သူရသတ္တိရှိရှိဖြင့် ခုခံတိုက်ခိုက်ခဲ့ကြသော

ဗမာ အမျိုးသားများ၏
အမျိုးသားလွတ်မြောက်ရေးစစ်ပွဲကြီးကို
မော်ကွန်း တင်ထားသည့်၊
အမျိုးသားလွတ်မြောက်ရေး မုန်တိုင်းဝယ်
မိမိတို့ကိုယ်ကို အနစ်နာခံ သွားခဲ့ကြသော
ထွန်းကျော်နှင့် မိုးကြည်တို့၏ ကြေကွဲဘွယ်ရာဇာတ်သမ်းကို
တစိမ့်စိမ့် ဘတ်ရမည်။
စာလုံးရေ ၂-သိန်းခန့်ရှိ၍ တန်ဘိုးကို (၃) ကျပ်ထားရှိပါသည်

ကိုယ်စားလည်များ အမှာစာပို့ပါ

မကြာမီထွက်တော့မည်

မြို့မ-စာ-နယ်-ဇင်း-ဖြန့်ချီရေးဌာန၊
၁၁၉-ဘုန်းကြီးလမ်း၊ရန်ကုန်မြို့။

ဗမာပြည်အလုပ်သမားလယ်သမားပါတီ
(ဌာနချုပ်)
ပညာရေးဗျူရို
မှ
ထုတ်ဝေသည်။
အမှတ်-၁၄၅၊ (၄၁) လမ်း-ရန်ကုန်မြို့။

ဒဂုန်-စာပုံနှိပ်တိုက်၊ ၁၂၈-ဘုန်းကြီးလမ်း၊ ရန်ကုန်မြို့။